# ကြေးမုံ

**The Mirror Daily**

ခေတ်ရေစီးကြောင်းကို မှန်မှန်ကန်ကန် ထင်ဟပ်ပြသသည်။ Established in 1957


**ဟွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်၊ ကြာသပတေးနေ့။ Thursday, 1 October 2020 ၁၀၁၅၂


# (၇၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဗီဒီယိုဖြင့် မိန့်ခွန်းပြောကြား

(၇၅)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၂၉ ရက်တွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်ရှိ အထွေထွေညီလာခံခန်းမ၌ ကျင်းပရာ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဗီဒီယိုဖြင့် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။

**အလေးပေးပြောကြား**

ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါအား ကျော်လွှားနိုင်ရေးနှင့် ကုလသမဂ္ဂအား အားလုံးလိုလားသော အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရေးတို့အတွက် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုဝါဒ၏ အရေးပါပုံကို အလေးပေးပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက "မည်သူ့ကိုမျှ ချန်လှပ်မထားရေး" မူကို ကိုင်စွဲကာ ကပ်ရောဂါအား ကာကွယ်တုံ့ပြန်ရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံတွင် နေထိုင်ကြသူအားလုံးအတွက် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စစ်မှန်သော ဒီမိုကရေစီပေါ်ထွန်းရေးနှင့် အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ရရှိစေရေးအတွက်လည်းကောင်း၊ ပြည်တွင်းတရားစီရင်ရေးစနစ်နှင့်အညီ တာဝန်ခံမှုကိစ္စအား

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (၇၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲသို့ ဗီဒီယိုဖြင့် မိန့်ခွန်းပြောကြားစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ


မြန်မာနိုင်ငံအပါအဝင် CLMV နိုင်ငံများ၏ ကျန်းမာရေးစနစ်များ ပိုမိုကောင်းမွန်စေရန် ဗြိတိန်နိုင်ငံက ပေါင်စတာလင် ၄ ဒသမ ၈ သန်း ကူညီထောက်ပံ့ စာမျက်နှာ » ၆

ခေတ်မီလူထုဆက်သွယ်ရေးနည်းလမ်းများ သရုပ်ပြအလုပ်ရုံဆွေးနွေးပွဲကျင်းပ စာမျက်နှာ » ၈

ကိုဗစ်-၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ် စာမျက်နှာ » ၉


# ဆေးခန်းသို့လာပြသည့် အနံ့ပျောက်သူအများစုတွင် ကိုဗစ်ပိုးတွေ့ရှိ

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ဖွင့်လှစ်ထားသော ဖျားနာကုအခမဲ့ဆေးခန်းသို့ လာရောက်ပြသသည့် အနံ့ပျောက်သူအများစုတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိလျက်ရှိကြောင်း လူထုအခြေပြု ဖျားနာလူနာကုဆေးခန်းများကွန်ရက်(ရန်ကုန်)မှ သိရသည်။

**သုံးပုံနှစ်ပုံ**

"အနံ့ပျောက်တဲ့သူ ၁၀ ယောက် စစ်လိုက်ရင် အနည်းဆုံး ခုနစ်ယောက် ရှစ်ယောက်လောက် Positive ထွက်တယ်။ အချိုးအစားနဲ့ တွက်မယ်ဆိုရင် သုံးပုံနှစ်ပုံရှိတယ်။ စစ်လိုက်ရင် Positive ထွက်တာ များတယ်"ဟု လူထုအခြေပြု ဖျားနာလူနာကုဆေးခန်းများကွန်ရက်(ရန်ကုန်)တာဝန်ခံ ဒေါက်တာကျော်မင်းထွန်းက ပြောသည်။

ယခင်က ဖျားနာကုဆေးခန်းများသို့ လာရောက်ပြသသူအများစုသည် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မောခြင်း၊ အသက်ရှူကျပ်ခြင်း စသည့်လက္ခဏာလူနာများဖြစ်ပြီး ယခုအခါတွင် အနံ့မရခြင်း၊ အနံ့ပျောက်ခြင်း လက္ခဏာဖြင့် လာရောက်ပြသသူ များပြားကြောင်း သိရသည်။

"အခုက အနံ့ပျောက်တဲ့သူတွေချည်းပဲ။ လာပြရင် ကျွန်တော်အနံ့ပျောက်တယ်။ ကျွန်မ အနံ့ပျောက်တယ်။ အဲဒီလူတွေများတယ်။ ဆေးခန်းလာပြတဲ့သူ ၁၀၀ ရှိတယ်ဆိုရင် အနံ့ပျောက်တဲ့သူက ၇၀ နဲ့ ၈၀ ကြားရှိတယ်"ဟု ၎င်းက ပြောသည်။

ထိုသို့ အနံ့ပျောက်လူနာ များပြားလာမှုကြောင့် ၎င်းတို့အတွက် သီးသန့်ထားရှိနိုင်ရန် မြို့နယ်အလိုက် Isolation စင်တာများကို

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✳






ကြေးမုံ

# အိမ်တွင်းအကြမ်းဖက်မှုမဖြစ်စေရေး

အိမ်တွင်းအကြမ်းဖက်မှုဆိုသည်မှာ မိသားစုဝင်ဖြစ်စေ၊ ရင်းနှီးသည့် ဆက်ဆံရေးရှိသူဖြစ်စေ ၎င်းတို့ကြားတွင် ဖြစ်လေ့ရှိသည့် ရည်ရွယ်ချက်ရှိရှိနှင့်ပြုလုပ်သော အကြမ်းဖက်မှုကို ဆိုလိုပါသည်။ အိမ်တွင်းအကြမ်းဖက်မှုသည် အသေးအမွှားလေးများမှ အစပြုပြီး ကြီးကြီးမားမား ဒုစရိုက်မှု ပုံသဏ္ဌာန်မျိုးအထိ ဖြစ်လာတတ်သည်ကို တွေ့ရသည်။ သို့သော် နယ်ပယ်အသိုက်အဝန်းတိုင်း၊ အိမ်တိုင်းအိမ်တိုင်းတော့ မဟုတ်ပေ။ အချို့မိသားစုအိမ်တွင်း၌ ဖြစ်တတ်ကြသည်။

ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသောကာလတွင်မူ မိသားစုများသည် ကျန်းမာရေးကြောင့် နေအိမ်တွင်သာနေထိုင်ကြရသည့်အချိန်အခါတွင် မူလစိတ်အခံကြောင့်ဖြစ်စေ၊ မိမိတို့စိတ်ကျဉ်းကျပ်မှုကြောင့်ဖြစ်စေ၊ မိမိတို့စိတ်ထွက်ပေါက်မရသောကြောင့်ဖြစ်စေ၊ မည်သည့်အကြောင်းကြောင့်ဖြင့်ဖြစ်စေ မိမိတို့၏စိတ်ကို မိမိတို့ကိုယ်တိုင်ထိန်းသိမ်းဆင်ခြင်ပြီး အိမ်တွင်းအကြမ်းဖက်မှု မည်သည့်နည်းနှင့်မျှ မဖြစ်စေရအောင် အထူးဂရုစိုက် ဝိုင်းဝန်းကာကွယ်ရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေသောကာလအတွင်း အားနည်းသော အမျိုးသမီးနှင့် ကလေးငယ်အချို့သည် အိမ်တွင်းအကြမ်းဖက်မှုကို ပုံစံအမျိုးမျိုးဖြင့် ကြုံတွေ့တတ်သောကြောင့် လူမှုဝန်ထမ်းဦးစီးဌာန ဥပဒေရေးရာကုစားရေးအဖွဲ့က ပြည်သူလူထုအား မည်သည့်အကြောင်းပြချက်နှင့်မျှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရအောင် အသိပညာပေး နှိုးဆော်တိုက်တွန်းသတိပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါဘေးကာလအတွင်း နေအိမ်တွင်သာ နေထိုင်ရသော အစီအစဉ်ကြောင့် သာမန်လူတန်းစားများအနေဖြင့် အလုပ်အကိုင်များ ခေတ္တရပ်တန့်မှုများနှင့် ကြုံကြရသည်။ အလုပ်အကိုင်များရပ်တန့်မှုကြောင့် ငွေကြေးအကျပ်အတည်းဖြစ်ပေါ်လာပြီး မိသားစုအတွင်း စားဝတ်နေရေး အခက်အခဲများ ဖြစ်ပေါ်လာတတ်သည်။ ထိုအခါ အိမ်တွင်းရေးတင်းမာမှုများ တိုးတက်မြင့်မားဖြစ်ပေါ်လာတတ်သည်။ အိမ်တွင်းရှိ အင်အားနည်းပါးသော အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် ဦးတည်ထိုးနှက်မှုများ၊ အနိုင်ကျင့်မှုများ ရှိလာတတ်သည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမြင့်မားလာသည်နှင့်အမျှ ပြည်သူများမှာ စိုးရိမ်ပူပန်မှုများ တိုးပွားလာတတ်ပြီး စိတ်ဖိစီးမှုများလည်း မိသားစုများအတွင်း ဖြစ်ပေါ်လာတတ်သည်။ ထိုအခါ စိတ်ဖိစီးမှုများကို လျှော့ချနိုင်ရန်အတွက်အိမ်တွင်းရှိအမျိုးသားအချို့တို့က အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိသည့် လွဲမှားသောအလေ့အထများနှင့် လွဲမှားသည့်အမူအကျင့်များ ပြုလုပ်လာတတ်သည်ကို တွေ့ရှိနိုင်ပါသည်။ ထိုအခါ မိသားစုဝင်များအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ခြင်း၊ စည်းရုံးခြင်းကို ပြုလုပ်ကြပြီး အကြမ်းဖက်မှုများ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာအဖွဲ့အစည်းများသို့ အကြောင်းကြားရမည်ဖြစ်သည်။

ကိုဗစ်ကာလတွင် အမျိုးသမီးများမှာ အများအားဖြင့် ဝန်ထုပ်ဝန်ပိုးဖြစ်ကြရသည်။ အိမ်မှုကိစ္စများသည် အမျိုးသမီးများနှင့် သက်ဆိုင်ကြောင်း၊ ကလေးနှင့်နာမကျန်းသူများအား ပြုစုစောင့်ရှောက်ရန်တာဝန်မှာ အမျိုးသမီးများဖြစ်ကြောင်း စသည်ဖြင့် အမျိုးသမီးအများစုအပေါ် ဝန်ပိလာကြသည်။ ယခုကဲ့သို့ ရောဂါဘေးအန္တရာယ်ကြောင့် အိမ်တွင်းမှာပင် နေထိုင်ခြင်းနှင့် လှုပ်ရှားသွားလာမှုများကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုများ၊ လူမှုအဆက်အသွယ် ဆက်ဆံမှုများ ပြတ်တောက်ဖြစ်ပေါ်လာပြီး ပိုမိုအထီးကျန်မှုများ၊ စိတ်ထွက်ပေါက်ရှာမှုများမှ အိမ်တွင်းအကြမ်းဖက်မှုများ၊ အထူးသဖြင့် အမျိုးသမီးနှင့်ကလေးသူငယ်များအပေါ် ဖိနှိပ်မှုများ မပြုလုပ်မိစေရန် အထူးသတိပြုရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုကြောင့် အိမ်တွင်းအကြမ်းဖက်ခံရသူများအတွက် လူမှုဝန်ထမ်းဦးစီးဌာနက ပုံမှန်ထောက်ပံ့ကူညီပေးနေမှုများ အားနည်းသွားခြင်းနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိရန် ခက်ခဲသွားခြင်းများ ရှိနိုင်ပါသည်။ ထို့ကြောင့် မိမိတို့ပတ်ဝန်းကျင်တွင် အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေသည်ကို သိရှိတွေ့မြင်နေရပါက မိမိတို့နှင့်မဆိုင်သလို ဆိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံအပ်ပါ သည်။ ဆက်သွယ်ရေးကောင်းမွန်နေသော ကာလတွင် အိမ်တွင်းအကြမ်း ဖက်မှုကို ကြုံတွေ့ခံစားရပါက မိမိယုံကြည်ရသူတို့ကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူနိုင်ပါသည်။ အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးနှင့် ကလေးငယ်များအပေါ် အကြမ်းဖက်မှုကိစ္စနှင့် ပတ်သက်၍ ဥပဒေအရဖြစ်စေ၊ အကူအညီအရဖြစ်စေ လူမှုဝန်ထမ်းဦးစီးဌာနကို အကူအညီတောင်းခံနိုင်ပါသည်။

သို့ဖြစ်ရာ မည်သည့်အကြောင်းပြချက်နှင့်မျှ အိမ်တွင်းအကြမ်းဖက်မှုများ မဖြစ်ပွားရန်၊ မကျူးလွန်မိရန် လိုအပ်ပါသည်။ ပုံမှန်အချိန်ကာလများတွင် မဖြစ်ပွားနိုင်အောင်ပြုလုပ်ရမည်ဖြစ်ပြီး ယခုကဲ့သို့ ကိုဗစ်ကာလတွင် အိမ်တွင်းအကြမ်းဖက်မှုများ မဖြစ်ပွားအောင် မိသားစုဝင်များအဖို့ သတိပြုဆင်ခြင်ကြရပြီး ဖြစ်ပွားလာလျှင် အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူတွင်သာတာဝန်ရှိ၍ ပြစ်မှုကျူးလွန်သူသည် ဥပဒေနှင့်အညီ အရေးယူခံရမည်သာဖြစ်သည်။ ထို့ကြောင့် မည်သည့်အကြောင်းပြချက်နှင့်မျှ အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပါကြောင်း။ ။

## မစ္စတာ ရှရိဖ် ဆလာ အယ်လ်ဒင် အဲလစ်သီ အား မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

နေပြည်တော် အောက်တိုဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အီဂျစ်အာရပ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ခါလဒ် မိုဟာမက် အဗ္ဗဒဲလ်ရာမန် အဗ္ဗဒဲလ် ဆာလမ်၏နေရာတွင် မစ္စတာ ရှရိဖ် ဆလာ အယ်လ်ဒင် အဲလစ်သီအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ရှရိဖ် ဆလာ အယ်လ်ဒင် အဲလစ်သီ သည် ၁၉၈၆ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ပြည်တွင်း/ပြည်ပ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဆက်ဆံရေးဌာန၏ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးအဖြစ် ရာထူးတိုးမြှင့်ခံရသည်။ ၂၀၁၁ ခုနှစ်တွင် အာရှ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံဆိုင်ရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့် ၂၀၁၂ ခုနှစ်တွင် ပင်လယ်ကွေ့နိုင်ငံများနှင့် ယီမင်နိုင်ငံဆိုင်ရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကင်မရွန်းသမ္မတနိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၇ ခုနှစ်မှစတင်၍ အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာညီလာခံဌာန၌ သံအမတ်ကြီး/ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အင်္ဂလိပ်၊ ပြင်သစ်နှင့် စပိန်ဘာသာတို့ကို တတ်ကျွမ်းသည်။

သတင်းစဉ်

## ဦးစိန်ဦးအား နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် အောက်တိုဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မလေးရှားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိန်ဦးအား နီပေါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## ဦးအောင်စိုးဝင်းအား မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် အောက်တိုဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးဝင်းအား မလေးရှားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၀-၉-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၀၀၀ | ၁,၃၆၄ | ၁၄,၁၄၁,၀၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၃,၂၅၉ | ၁၂,၀၅၈,၃၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁၀ | ၈၀,၀၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၂,၂၀၈ | ၄၉,၆၈၀,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၈၉ | ၂၄၀,၃၀၀ |
| EFR | ၃,၀၀၀ | ၃,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၃၀

ရန်ကုန်(ရွှေဈေး) ၁၃၁၃၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၃၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၅/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၂၅/၅၅၅ ကျပ် | ၅၅၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၀၀/၆၂၀ ကျပ် | ၆၆၀/၆၈၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၇၅/၅၀၅ ကျပ် | ၅၃၅/၅၄၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၂၀/၄၃၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၃၀/၄၄၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၂၅/၄၃၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၀၈.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၃၂.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၂.၀၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၁၃၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၄.၈၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၇၄၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၀.၉၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၅.၁၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၈.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁.၇၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | | | |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး | | | |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |
| | | | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - | ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

☆ ရွှေဖုံးမှ

ကိုင်တွယ်ဆောင်ရွက်မှုအပါအဝင် ရခိုင်ပြည်နယ်၏ ရှုပ်ထွေးသော အခြေအနေများကို ဖြေရှင်းရေးအတွက်လည်းကောင်း မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို အသိပေးပြောကြားခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အင်္ဂလိပ်ဘာသာဖြင့် ပြောကြားခဲ့သည့် မိန့်ခွန်း အလွတ်သဘော မြန်မာဘာသာပြန်ဆိုချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

**သဘာပတိကြီးနဲ့ ကိုယ်စားလှယ်တော်များခင်ဗျား**

(၇၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ သဘာပတိအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့အတွက် အဆွေတော် Mr. Volkan Bozkir ကို နွေးထွေးလှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ယခုအစည်းအဝေး ကျင်းပပြုလုပ်နေချိန်မှာ ကမ္ဘာကြီးအနေနဲ့ ကျွန်တော်တို့ရဲ့ ဘုံရန်သူဖြစ်တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ စစ်ခင်းနေရပါတယ်။ ဒီကပ်ရောဂါကြီးကြောင့် လူတစ်ဦးစီသာမက အသိုက်အဝန်းတွေအကြားမှာပါ နေ့စဉ်နေထိုင်လုပ်ကိုင်မှု အလေ့အကျင့်တွေ စံနှုန်းတွေကို ပြန်လည်စဉ်းစားသုံးသပ်မှုတွေ မဖြစ်မနေလုပ်နေရပြီဖြစ်ပါတယ်။ အခုဆိုရင် (၇၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကို အွန်လိုင်းကနေတစ်ဆင့်သာ ကျင်းပနေရပါတယ်။ မမြင်နိုင်တဲ့ ဒီဗိုင်းရပ်စ်ပိုးကြောင့် လူဦးရေတစ်သန်းနီးပါးကို အသက်ဆုံးရှုံးစေခဲ့ပြီးတော့ နေ့စဉ်နေထိုင်မှု အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေကို ထိခိုက်စေခဲ့တာတွေ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူမှုအသိုက်အဝန်းတွေကို အစိတ်စိတ်အမြွာမြွာဖြစ်စေခဲ့တာတွေဟာ တကယ့်ကို စိုးရွံ့အားငယ်စရာပဲဖြစ်ပါတယ်။

**“မည်သူ့ကိုမှ ချန်မထားရေးမှု”အရ မြန်မာနိုင်ငံရဲ့ ကိုဗစ်-၁၉ ကပ်ရောဂါတုံ့ပြန်ဆောင်ရွက်မှုမှာ ပြည်တွင်းနေရပ်စွန့်ခွာသူတွေ၊ မသန်စွမ်းတွေ၊ လုပ်အားခနည်းတဲ့ လုပ်သားတွေ စတဲ့ လူတန်းစားအလွှာအားလုံးအတွက်ပါ အကျုံးဝင်ပါတယ်။ ပြည်တွင်း နေရပ်စွန့်ခွာသူတွေရဲ့ ယာယီခိုလှုံရာစခန်းတွေမှာ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းစီမံချက်တစ်ရပ်ကို အစိုးရအနေနဲ့ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံချက်မှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရန် ကြိုတင်ကာကွယ်ရေးနဲ့ပတ်သက်တဲ့ လမ်းညွှန်ချက်တွေကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေဖို့နဲ့ နေရပ်စွန့်ခွာသူများအကြား ရောဂါတားဆီး၊ ထိန်းချုပ်ရေးအတွက် လိုအပ်တဲ့အစီအမံတွေ ပါဝင်ပါတယ်။ ဒီကနေ့အထိ ဘယ် IDP စခန်းမှာမှ စိုးရိမ်ဖွယ်ရာ ရောဂါဖြစ်ပွားမှု မရှိသေးပါဘူး။**

ဒီကပ်ရောဂါကြီးဟာ နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုဝါဒ(multilateralism)ရဲ့ အနေအထားကို စမ်းသပ်မှုတစ်ခုဖြစ်ပါတယ်။ ဒီကပ်ရောဂါကို ကျော်လွှားနိုင်ဖို့အတွက်ဆိုရင် ယခင်က မရှိခဲ့ဘူးတဲ့ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အတိုင်းအတာမျိုး လိုအပ်ပါတယ်။ ဒါကြောင့် ယခုနှစ်အထွေထွေညီလာခံရဲ့ဆောင်ပုဒ်အဖြစ် “ကျွန်ုပ်တို့လိုလားသော အနာဂတ်၊ ကျွန်ုပ်တို့ လိုအပ်သော ကုလသမဂ္ဂ-နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှုဝါဒအပေါ် ကျွန်ုပ်တို့၏ ဘုံကတိကဝတ်ကို ထပ်လောင်းအတည်ပြုခြင်း”လို့ ရွေးချယ်တာဟာ အလွန်ဆီလျော်မှုရှိကြောင်း ပြောကြားလိုပါတယ်။

**နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုဝါဒ၏အခန်းကဏ္ဍနှင့် ကျွန်ုပ်တို့လိုလားသော ကုလသမဂ္ဂ**

**သဘာပတိကြီးခင်ဗျား**

တစ်ကမ္ဘာလုံး စုပေါင်းညီညာစွာ ပူးပေါင်းဆောင်ရွက်ဖို့ အလိုအပ်ဆုံးဖြစ်နေတဲ့ ယခုလို အချိန်မျိုးမှာ တစ်ကိုယ်တော်ဝါဒ၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒတွေ မြင့်တက်လာမှုတွေကြောင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုဝါဒအပေါ်မှာ အဆမတန်ဖိအားတွေ ဖြစ်စေလျက်ရှိပါတယ်။ ကိုဗစ်-၁၉ ရောဂါ စတင်ပျံ့နှံ့မှုဖြစ်ပွားပြီးနောက်ပိုင်းမှာ ပထဝီနိုင်ငံရေးအရ အားပြိုင်မှုနဲ့ နိုင်ငံများအကြား ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာခဲ့ပါတယ်။ ဒီလိုအခြေအနေမျိုးက မရေရာမှုတွေကို ဖန်တီးပေးနေပါတယ်။ ကျွန်တော်တို့ရင်ဆိုင်နေရတဲ့ ပုံမှန်မဟုတ်တဲ့ စိန်ခေါ်မှုတွေကို စုစည်းညီညွတ်စွာကျော်လွှားနိုင်ဖို့၊ ပိုပြီးအင်အားနည်းတဲ့ နိုင်ငံတွေ၊ ထိခိုက်လွယ်တဲ့ သူတွေအပေါ် သက်ရောက်မှုတွေကို လျှော့ချနိုင်ဖို့အတွက် စည်းမျဉ်းမူဘောင်တွေအပေါ် အခြေခံတဲ့ နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုဝါဒကို ပိုမိုခိုင်မာအားကောင်းအောင်ဆောင်ရွက်ဖို့ ယခင်ကထက်ပိုပြီး လိုအပ်လျက်ရှိပါတယ်။ ဒါကိုဆောင်ရွက်ဖို့ ပျက်ကွက်ခဲ့မယ်ဆိုရင်တော့ နိုင်ငံတွေရဲ့ တည်ငြိမ်မှုကို ပျက်ပြားစေမှာဖြစ်ပြီး ကုလသမဂ္ဂအပေါ်မှာလည်း နောက်တိုးဝန်ထုပ်ဝန်ပိုးတွေ ကျရောက်စေမှာ ဖြစ်ပါတယ်။

နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုဝါဒကို အင်အားလျော့နည်းစေတဲ့ ပြောကြားမှုတွေရှိနေကြပေမယ့်လည်း စိန်ခေါ်မှုတွေကိုရင်ဆိုင်ဖို့ ကုလသမဂ္ဂကလွဲပြီး အခြားနည်းလမ်းကို ရှာမတွေ့သေးပါဘူး။ ရှာလည်းမရှာပါဘူး။ ကမ္ဘာတစ်ဝန်း လူသားသန်းပေါင်းများစွာရဲ့ အကျိုးအတွက် ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်မှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု၊ တရားမျှတတဲ့ အလေ့အထရှိမှု၊ ဥပဒေနဲ့အညီဖြစ်စေမှုနဲ့ တရားဥပဒေစိုးမိုးမှုတွေကို မြှင့်တင်ပေးနိုင်ဖို့ ကျွန်တော်တို့ဟာ ကုလသမဂ္ဂကနေပဲ အားလုံးပူးပေါင်းအားထုတ်ကြရမှာပဲဖြစ်ပါတယ်။ ထိရောက်တဲ့ နိုင်ငံစုံ လုပ်ငန်းဆောင်ရွက်မှုတွေကတစ်ဆင့် နောက်ထပ်လူပေါင်းများစွာရဲ့ ဘဝတွေကို ကယ်တင်နိုင်မှာ၊ ကျန်းမာရေးအခြေအနေတွေကို ပိုမိုကောင်းမွန်စေမှာ၊ လုံခြုံမှုတွေပေးစွမ်းနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ကုလသမဂ္ဂကို ကျွန်တော်တို့အားလုံး လိုချင်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်လာဖို့အတွက် ကျွန်တော်တို့တွေ အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကုလသမဂ္ဂဟာ နိုင်ငံတွေက လိုအပ်တဲ့အချိန်မှာ အားကိုးအားထားပြုရာကောင်းတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ရပါမယ်။ ကုလသမဂ္ဂဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ မျှော်လင့်ချက်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေရမှာဖြစ်ပါတယ်။

ကုလသမဂ္ဂအနေနဲ့ လူ့အခွင့်အရေးမြှင့်တင်၊ ကာကွယ်ရေးဆောင်ရွက်ရာမှာ ၎င်းရဲ့လုပ်ပိုင်ခွင့် အာဏာအပ်နှင်းထားသူ(mandate holder)များကို လွတ်လပ်မှု၊ ဘက်မလိုက်မှုနဲ့ ဖြောင့်မတ်မှန်ကန်မှုစတဲ့ “မူ”တွေကို တိတိကျကျလိုက်နာအောင် ဆောင်ရွက်ကြစေရေးအတွက် ကုလသမဂ္ဂက ကြပ်မတ်ရမှာဖြစ်ပါတယ်။ အထူးသဖြင့် အတိတ် ကိုလိုနီစနစ်အမွေဆိုးကို ဆက်ခံရတဲ့ အဖွဲ့ဝင်နိုင်ငံတွေအပေါ် စံနှုန်းနှစ်မျိုး ကျင့်သုံးမှုကို လုံးဝရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။ ရုပ်ဝတ္ထုပစ္စည်းကြွယ်ဝမှု၊ နိုင်ငံရေးဩဇာညောင်းမှုအတိုင်းအတာကိုမကြည့်ဘဲ နိုင်ငံတွေရဲ့ တန်းတူညီတူရှိမှုကို လေးစားရမှာ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ**

**သဘာပတိကြီးခင်ဗျား**

ကိုဗစ်-၁၉ ကပ်ရောဂါဟာ အရင်းအမြစ်ကြွယ်ဝတဲ့ နိုင်ငံတွေကိုတောင် မနိုင်မနင်းနဲ့ အခက်အခဲတွေ ကြုံတွေ့စေခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံအတွက်တော့ အင်မတန်ကြီးမားတဲ့ တာဝန်ကြီးတစ်ရပ်ပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဒီကပ်ရောဂါကြီးကို တိုက်ဖျက်ရာမှာ ပရဟိတစိတ်၊ ဆိုးတူကောင်းတူ မျှဝေ

**မြန်မာနိုင်ငံဟာ ဒီကပ်ရောဂါကြီးကို တိုက်ဖျက်ရာမှာ ပရဟိတစိတ်၊ ဆိုးတူကောင်းတူ မျှဝေခံစားမှုစိတ်တွေကို အခြေခံပြီး ပြည်သူတွေရဲ့ အင်အားနဲ့ တစ်နိုင်ငံလုံး ပါဝင်ဆောင်ရွက်တဲ့ နည်းလမ်းကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။**

**ဒီလိုဆောင်ရွက်မှုတွေကြောင့် ဒီဗိုင်းရပ်စ်ရဲ့ ပထမလှိုင်းကို အောင်အောင်မြင်မြင် ထိန်းချုပ်ကျော်လွှားနိုင်ခဲ့ပေမယ့်လည်း ဒုတိယလှိုင်းရဲ့ စိန်ခေါ်မှုကို ရင်ဆိုင်နေရပါတယ်။**

ခံစားမှုစိတ်တွေကို အခြေခံပြီး ပြည်သူတွေရဲ့ အင်အားနဲ့ တစ်နိုင်ငံလုံးပါဝင်ဆောင်ရွက်တဲ့ နည်းလမ်းကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်မှုတွေကြောင့် ဒီဗိုင်းရပ်စ်ရဲ့ ပထမလှိုင်းကို အောင်အောင်မြင်မြင် ထိန်းချုပ် ကျော်လွှားနိုင်ခဲ့ပေမယ့်လည်း ဒုတိယလှိုင်းရဲ့စိန်ခေါ်မှုကို ရင်ဆိုင်နေရပါတယ်။ အစိုးရအနေနဲ့ ပြည်သူ့ကျန်းမာရေး ကာကွယ်စောင့်ရှောက်ရေးနဲ့ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်(CERP)ကို အကောင်အထည်ဖော်ပြီး စီးပွားရေးကဏ္ဍအပေါ် သက်ရောက်မှုတွေ လျော့နည်းစေဖို့ တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိပါတယ်။ လူမှုဖူလုံရေး ကာကွယ်စောင့်ရှောက်မှုတွေမရရှိကြဘဲ နိုင်ငံရပ်ခြားမှာ အခက်အခဲနဲ့ ကြုံတွေ့နေကြရတဲ့ မိမိနိုင်ငံသားတွေ၊ ရွှေ့ပြောင်းအလုပ်သမားတွေကိုလည်း ဗိုင်းရပ်စ်ကူးစက်နိုင်တဲ့ အန္တရာယ်ရှိပေမယ့် အမိနိုင်ငံဆီကို ပြန်လည်ခေါ်ဆောင်လျက်ရှိပါတယ်။

“မည်သူ့ကိုမှ ချန်မထားရေးမှု”အရ မြန်မာနိုင်ငံရဲ့ ကိုဗစ်-၁၉ ကပ်ရောဂါတုံ့ပြန်ဆောင်ရွက်မှုမှာ ပြည်တွင်းနေရပ်စွန့်ခွာသူတွေ၊ မသန်စွမ်းတွေ၊ လုပ်အားခနည်းတဲ့ လုပ်သားတွေစတဲ့ လူတန်းစားအလွှာအားလုံးအတွက်ပါ အကျုံးဝင်ပါတယ်။ ပြည်တွင်း နေရပ်စွန့်ခွာသူတွေရဲ့ ယာယီခိုလှုံရာစခန်းတွေမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းစီမံချက်တစ်ရပ်ကို အစိုးရအနေနဲ့ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံချက်မှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရန် ကြိုတင်ကာကွယ်ရေးနဲ့ပတ်သက်တဲ့ လမ်းညွှန်ချက်တွေကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေဖို့နဲ့ နေရပ်စွန့်ခွာသူများအကြား ရောဂါတားဆီး၊ ထိန်းချုပ်ရေးအတွက် လိုအပ်တဲ့အစီအမံတွေ ပါဝင်ပါတယ်။ ဒီကနေ့အထိ ဘယ် IDP စခန်းမှာမှ စိုးရိမ်ဖွယ်ရာ ရောဂါဖြစ်ပွားမှု မရှိသေးပါဘူး။

**ကူးစက်မြန်ကပ်ရောဂါနဲ့ ပဋိပက္ခအခြေအနေများ**

**သဘာပတိကြီးခင်ဗျား**

အကြမ်းဖက်ဝါဒဟာ တစ်ကမ္ဘာလုံးဆိုင်ရာ နိုင်ငံဖြတ်ကျော် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်ပါတယ်။ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေးတို့ ရရှိဖို့အတွက် အကြမ်းဖက်ဝါဒမှန်သမျှ ဘယ်ပုံစံနဲ့ကျူးလွန်သည်ဖြစ်စေ ဆက်လက် တိုက်ဖျက်သွားဖို့ လိုအပ်ပါတယ်။ ဒါဟာ မလွဲမသွေဆောင်ရွက်ရမယ့် လိုအပ်ချက်တစ်ရပ်ဖြစ်ပြီး ဒီအချက်ကို ယုတ္တိမရှိတဲ့ ကိစ္စတွေနဲ့ မေးမှိန်သေးသိမ်အောင်လုပ်တာမျိုး လက်သင့်မခံသင့်ပါဘူး။ ပဋိပက္ခနဲ့ မလုံခြုံမှုဟာ ငြိမ်းချမ်းရေးအပေါ် ဆိုးကျိုးသက်ရောက်စေပါတယ်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းများ ဖော်ဆောင်တဲ့နေရာမှာ သမားရိုးကျမဟုတ်တဲ့ ခြိမ်းခြောက်မှုတွေနဲ့ ပြဿနာတွေရဲ့ဇာစ်မြစ်ကို နားလည်ဖို့လိုအပ်ပါတယ်။ ပဋိပက္ခအခြေအနေတွေ ကြုံတွေ့နေရတဲ့ ဒေသတွေမှာ တည်ငြိမ်မှုရရှိစေဖို့နဲ့ ဘုံရန်သူဖြစ်တဲ့ ကိုဗစ်-၁၉ ရောဂါကို ကျော်လွှားနိုင်ဖို့ ဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေဖို့ အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ တစ်ကမ္ဘာလုံး အပစ်အခတ်ရပ်စဲရေး တိုက်တွန်းချက်ကို ကြိုဆိုကြောင်း ပြောကြားလိုပါတယ်။ ဒီတိုက်တွန်းချက်ကို ကြိုဆိုတုံ့ပြန်တဲ့အနေနဲ့ မြန်မာ့တပ်မတော်ဟာ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၀ ရက်မှ ဩဂုတ်လ ၃၀ ရက်အထိ အကြမ်းဖက်အဖွဲ့အစည်းများရှိတဲ့ နေရာများမှအပ ကျန်နယ်မြေအားလုံးမှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲကြောင်း ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီနောက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲကြောင်း ကြေညာချက်ကို စက်တင်ဘာလ ၃၀ ရက်အထိ သက်တမ်းတိုးမြှင့်ခဲ့ပြီးလည်း ဖြစ်ပါတယ်။

အစိုးရထိန်းချုပ်မှု အပြည့်အဝမရှိတဲ့ ဒေသတွေမှာ ကိုဗစ်-၁၉ ကူးစက်မှုကို တားဆီးနိုင်ဖို့အတွက် အတူလက်တွဲဆောင်ရွက်ဖို့ အစိုးရက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအားလုံးကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီပူးပေါင်းဆောင်ရွက်မှုမျိုးဟာ အစိုးရဘက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအကြား ယုံကြည်မှုတည်ဆောက်ရေးအတွက်လည်း တစ်နည်းတစ်လမ်း အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ခရီးသည်တင်လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲမှုကို ယာယီရပ်ဆိုင်းထားခဲ့ပေမယ့် ထိခိုက်ခံအသိုက်အဝန်းအားလုံးကို ခွဲခြားမှုမရှိဘဲ ကျန်းမာရေးနဲ့ လူသားချင်းစာနာမှု အထောက်အပံ့တွေ ဆက်လက်ပေးအပ်နိုင်အောင် အစိုးရအနေနဲ့ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား**

ပထမဦးဆုံး အရပ်သားအစိုးရအနေနဲ့ နိုင်ငံရဲ့တာဝန်ကို ငြိမ်းချမ်းစွာ လွှဲပြောင်းထမ်းဆောင်ခဲ့တာ လေးနှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ဒီလိုလွှဲပြောင်း တာဝန်ယူနိုင်ခဲ့ခြင်းကြောင့် ဆယ်စုနှစ် (၅)ခုကျော်ကြာမြင့်ခဲ့တဲ့ စစ်အုပ်ချုပ်မှုကို အဆုံးသတ်နိုင်ခဲ့ပေမယ့် မြန်မာပြည်သူပြည်သားတွေအတွက် ဒီမိုကရေစီအပြည့်အဝရှိတဲ့ နိုင်ငံဖြစ်လာစေဖို့ ခရီးအစပဲ ရှိပါသေးတယ်။ ကျွန်တော်တို့ဟာ လွန်ခဲ့တဲ့ ရာစုနှစ်ဝက်က လျှောက်လှမ်းခဲ့တဲ့ ခရီးလားရာမျိုးနဲ့ မတူခြားနားတဲ့ ခရီးလမ်းကြောင်းကို သတိကြီးစွာနဲ့ လျှောက်လှမ်းနေတာဖြစ်ပါတယ်။ ယခုကစပြီး တစ်လကျော် ကာလအတွင်းမှာ မြန်မာပြည်သူပြည်သားတွေဟာ မဲရုံတွေဆီကို နောက်တစ်ကြိမ် သွားရောက် မဲပေးကြပြန်တော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့ အနေနဲ့ ကျည်ဆန်တွေအစား မဲပြားတွေအပေါ် မှီခိုအားထားတဲ့ နိုင်ငံရေးစနစ်တစ်ရပ်ကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းတဲ့ နိုင်ငံတိုင်းဟာ ခက်ခဲတဲ့ကာလတွေကို ကျော်ဖြတ်ကြရမြဲဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ခြွင်းချက်တော့ မဟုတ်ပါဘူး။ ဖြစ်ပွားနေဆဲ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခတွေ၊ ရခိုင်ပြည်နယ်ရဲ့ ရှုပ်ထွေးတဲ့ ပြဿနာအဟောင်း၊ အသစ်တွေနဲ့ အဲဒါတွေထက် ပိုပြီးဆိုးရွားတဲ့ ကိုဗစ်-၁၉ ရဲ့ စိန်ခေါ်မှုတွေအပါအဝင် များပြားတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ရုန်းကန်နေရဆဲဖြစ်ပါတယ်။

ပြီးခဲ့တဲ့လေးနှစ်အတွင်းမှာ အစိုးရအနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အကန့်အသတ်များ ရှိနေတဲ့ကြားက ပြည်သူပြည်သားတွေအနေနဲ့ အခြေခံလွတ်လပ်ခွင့်တွေ၊ ဖွံ့ဖြိုးမှုအသီးအပွင့်တွေ ရရှိခံစားနိုင်ပြီး အေးချမ်းလုံခြုံစွာနေထိုင်နိုင်ဖို့ သူတို့တွေရဲ့ ကိုယ်ပိုင်အခွင့်အရေး စိတ်ကူးအိပ်မက်တွေ အကောင်အထည်ဖော်ဖြည့်ဆည်းပေးနိုင်ဖို့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အခုဆိုရင် ပြည်သူပြည်သားတွေအနေနဲ့ ဒီမိုကရေစီအခွင့်အရေးတွေကို စတင်ခံစားနေကြရပြီဖြစ်ပါတယ်။ သို့သော်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်မှ ဒီမိုကရေစီအခွင့်အရေး အပြည့်အဝခံစားစေနိုင်ဖို့ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ အချိန်တိုအတွင်းမှာ ပြည်သူပြည်သားတစ်ရပ်လုံးရဲ့ ကြီးမားတဲ့ မျှော်လင့်ချက်အားလုံးကို ဖြည့်ဆည်းပေးဖို့ မဖြစ်နိုင်ခဲ့ပေမယ့်လည်း ကျန်းမာရေး၊ ပညာရေး၊ အခြေခံအဆောက်အအုံ၊ လူမှုစီးပွားဖွံ့ဖြိုးမှုနဲ့ ကောင်းမွန်သောအုပ်ချုပ်မှု အပါအဝင် နယ်ပယ်များစွာမှာ ထင်သာမြင်သာတဲ့ တိုးတက်မှုတွေ ရရှိနေပြီဖြစ်ပါတယ်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**

**သဘာပတိကြီးခင်ဗျား**

မြန်မာနိုင်ငံလို တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ရာ နိုင်ငံမှာ မတူကွဲပြားမှုတွေကြားက စည်းလုံးညီညွတ်မှု တည်ဆောက်ရေးဟာ ကြီးမားတဲ့ စိန်ခေါ်မှုတစ်ခုပဲဖြစ်ပါတယ်။ မြန်မာအစိုးရဟာ ရေရှည်ငြိမ်းချမ်းရေး၊ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဆယ်စုနှစ် (၇)ခုကြာ ပြည်တွင်းပဋိပက္ခကို အဆုံးသတ်ပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိနိုင်ဖို့အတွက် တိုင်းရင်းသားလူမျိုးအားလုံးနဲ့ နိုင်ငံရေးဆွေးနွေးမှုတွေ ပြုလုပ်ရေးဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရရဲ့ ရည်မှန်းချက်ပဲဖြစ်ပါတယ်။ ဒါကြောင့် (၂၁)ရာစု ပင်လုံညီလာခံလို့လည်း ခေါ်ဆိုကြတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို လေးကြိမ်တိုင် အောင်အောင်မြင်မြင် ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ အကျိုးရလဒ်အားဖြင့် အနာဂတ်ပြည်ထောင်စုအတွက် အခြေခံဖက်ဒရယ်မူတွေပါဝင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူစာချုပ်ရဲ့ တတိယပိုင်းကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပြီဖြစ်ပါတယ်။ ယခုရရှိတဲ့ 'မူ'တွေက ဘယ်အစိုးရပဲ အုပ်ချုပ်ပါစေ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတစ်ရပ် တည်ဆောက်ဖို့အတွက် လမ်းကြောင်းကို ဖော်ဆောင်ချမှတ်ပေးသွားမှာ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ် အရေးကိစ္စ**

**သဘာပတိကြီးခင်ဗျား**

၂၀၁၆ ခုနှစ် မတ်လမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အရပ်သားအစိုးရ စတင်တာဝန်ယူစဉ်မှာ နိုင်ငံအတွက် အဓိကဦးစားပေးဆောင်ရွက်မယ့် လုပ်ငန်းတွေကို ချမှတ်ခဲ့ပါတယ်။ ဒီလုပ်ငန်းတွေထဲမှာ ရခိုင်ပြည်နယ်အရေးကိစ္စလည်း အပါအဝင် ဖြစ်ပါတယ်။ ကိုလိုနီခေတ်က နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းနေထိုင်မှုနဲ့ အသိုက်အဝန်းတွေအကြား ပဋိပက္ခ သံသရာတွေက အစပြုပြီး ရခိုင်ပြည်နယ်မှာရှိတဲ့ မတူညီတဲ့ အသိုက်အဝန်းတွေအကြားမှာ အပြန်အလှန် အယုံအကြည်ကင်းမဲ့မှုနဲ့ ကြောက်ရွံ့မှုတွေ ဖြစ်ပေါ်အမြစ်တွယ်လာစေခဲ့ပါတယ်။

ရခိုင်ပြည်နယ်မှာ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေး ရရှိစေဖို့ အလုံးစုံလွှမ်းခြုံတဲ့ ချဉ်းကပ်ဆောင်ရွက်မှုတစ်ရပ် လိုအပ်ပါတယ်။ ဒါကို နားလည်လက်ခံထားတဲ့ အားလျော်စွာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ၂၀၁၆ ခုနှစ် မေလမှာ ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာ ကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီကော်မရှင်က ရခိုင်ပြည်နယ်မှာ ဖြေရှင်းဖို့ လိုအပ်နေတဲ့ ကိစ္စတွေအတွက် ရေရှည်တည်တံ့တဲ့ အဖြေကို ရှာနိုင်ဖို့ အချက် (၈၈) ချက်ကို အကြံပြုထားခဲ့ပါတယ်။

စိန်ခေါ်မှုတွေမျိုးစုံ ရှိနေပေမယ့် ရခိုင်ပြည်နယ်မှာ နေထိုင်သူအားလုံးရဲ့ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ရေရှည်တည်တံ့မယ့် အခြေခံကောင်းတွေ ဖော်ဆောင်ပေးဖို့ အစိုးရအနေနဲ့ သန္နိဋ္ဌာန်ပြုထားပါတယ်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်ဖို့ ဝန်ကြီးအဆင့် ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ယင်းကော်မတီအနေနဲ့ ဦးစားပေးနယ်ပယ် (၅) ရပ် ရွေးချယ်ဆောင်ရွက်လျက်ရှိပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကန့်သတ်မှုတွေ၊ လက်နက်ကိုင်ပဋိပက္ခအခြေအနေတွေ ဖြစ်ပေါ်နေတဲ့ကြားမှာပဲ ကော်မတီရဲ့လုပ်ငန်းတွေကို ယနေ့ထိ ဆောင်ရွက်လျက်ရှိပါတယ်။

**ရခိုင်ပြည်နယ်နှင့်ပတ်သက်သည့်**
**ဖြစ်ပေါ်တိုးတက်မှု အခြေအနေ**

**သဘာပတိကြီးခင်ဗျား**

ကျွန်တော်တို့ အစိုးရအနေနဲ့ ရခိုင်ပြည်နယ် အခြေအနေအပေါ်မှာ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံအသိုက်အဝန်းတွေရဲ့ အခက်အခဲ၊ ဒုက္ခတွေအပေါ် နိုင်ငံတကာအသိုက်အဝန်းရဲ့ စိုးရိမ်ပူပန်မှုကို သိရှိနားလည်ပါတယ်။ ဒီပြဿနာကို ဖြေရှင်းနိုင်ဖို့ လူသားချင်းစာနာမှုအခြေအနေ၊ နေရပ်ပြန်လည်ခေါ်ဆောင်ရေး၊ ပြန်လည်နေရာချထားရေး၊ အသိုက်အဝန်းများ ပြန်လည်သင့်မြတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးစတဲ့ နယ်ပယ်တွေကို အလေးထားဆောင်ရွက်နေပါတယ်။

**ဘင်္ဂလားဒေ့ရှ်အစိုးရအနေနဲ့ စစ်မှန်တဲ့ နိုင်ငံရေးဆန္ဒကို ပြသဖို့နဲ့ လက်မှတ်ရေးထိုးခဲ့တဲ့ သဘောတူညီချက်ပါ အချက်တွေကို တိတိကျကျ လိုက်နာဖို့ တိုက်တွန်းလိုပါတယ်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကသာ မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံအကြားရှိနေတဲ့ နေရပ်ပြန်လည်ခေါ်ဆောင်ရေးကိစ္စကို ထိထိရောက်ရောက် ဖြေရှင်းနိုင်မယ့် နည်းလမ်းဖြစ်ပါတယ်။**

**လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေ**

တိုက်ပွဲတွေကြောင့် သွားလာမှုအခက်အခဲတွေ ရှိနေပေမယ့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) နဲ့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) လို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေက ရခိုင်ပြည်နယ် နဲ့ ချင်းပြည်နယ်က ထိခိုက်ခံ ပြည်သူတွေဆီကို အစားအစာနဲ့ အရေးပေါ်ပစ္စည်း စတဲ့ လူသားချင်းစာနာမှု အကူအညီတွေ သွားရောက်ထောက်ပံ့ပေးနိုင်ဖို့အတွက် အစိုးရအနေနဲ့ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ အလားတူပဲ ယခင်ရှိပြီးသား IDP စခန်းတွေနဲ့ နောက်ထပ်တိုးတဲ့စခန်းတွေ အပါအဝင် ရခိုင်ပြည်နယ်မှာ ကိုဗစ်-၁၉ ကူးစက်မှု တားဆီး၊ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် အစိုးရနဲ့ ICRC တို့ ပူးပေါင်းပြီး လုပ်ငန်းစီမံချက်တစ်ရပ်ကို ရေးဆွဲချမှတ်ခဲ့ပါတယ်။ WFP ကလည်း အစားအသောက်တွေ ပုံမှန်ဖြန့်ဖြူးခြင်းနဲ့ ထိခိုက်လွယ် အသိုက်အဝန်းတွေအတွက် အာဟာရဖွံ့ဖြိုးမှု အပါအဝင် အခြားလုပ်ငန်းတွေ ပြန်လည်ဆောင်ရွက်နိုင်နေပြီ ဖြစ်ပါတယ်။ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်အဖွဲ့နဲ့ အခြား ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီတွေကိုလည်း ဒေသခံတွေအနေနဲ့ ရရှိနေပြီဖြစ်ပါတယ်။

**နေရပ်ပြန်လည်ခေါ်ဆောင်ရေး နှစ်နိုင်ငံလုပ်ငန်းစဉ်**

၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ သဘောတူညီခဲ့တဲ့ နှစ်နိုင်ငံသဘောတူညီချက်နဲ့အညီ မိမိတို့ဘက်က စိစစ်ပြီးသူတွေကို ၎င်းတို့ရဲ့ဆန္ဒအလျောက် လုံခြုံဘေးကင်းစွာနဲ့ သိက္ခာရှိစွာ ပြန်လည်လက်ခံသွားမှာဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်အစိုးရအနေနဲ့ စစ်မှန်တဲ့ နိုင်ငံရေးဆန္ဒကို ပြသဖို့နဲ့ လက်မှတ်ရေးထိုးခဲ့တဲ့ သဘောတူညီချက်ပါ အချက်တွေကို တိတိကျကျ လိုက်နာဖို့ တိုက်တွန်းလိုပါတယ်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကသာ မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ရှိနေတဲ့ နေရပ်ပြန်လည်ခေါ်ဆောင်ရေးကိစ္စကို ထိထိရောက်ရောက် ဖြေရှင်းနိုင်မယ့် နည်းလမ်းဖြစ်ပါတယ်။ ရှင်းရှင်းလင်းလင်း ပြောချင်ပါတယ်။ ဘင်္ဂလားဒေ့ရှ်အနေနဲ့ နှစ်နိုင်ငံ လုပ်ငန်းစဉ်အပေါ် ၎င်းတို့ပေးထားတဲ့ ကတိကဝတ်အတိုင်း ဆောင်ရွက်မယ်ဆိုရင် မြန်မာနိုင်ငံဟာ လိုလိုလားလားတုံ့ပြန်တတ်တဲ့ မိတ်ဖက်ဖြစ်ကြောင်း သိလာလိမ့်မယ်လို့ ပြောချင်ပါတယ်။ ဖိအားပေးတဲ့ နည်းဗျူဟာတွေက အချည်းအနှီးပဲ ဖြစ်ပါလိမ့်မယ်။ မြန်မာနိုင်ငံဟာ ဖိအားပေးမှုကို ဘယ်လိုမှ လက်မခံပါဘူး။ အိမ်နီးချင်း (၅) နိုင်ငံနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးကို ထိန်းသိမ်းရေးဟာ မြန်မာနိုင်ငံရဲ့ မူဝါဒပဲဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ ဘင်္ဂလားဒေ့ရှ်တို့ဟာ အကြမ်းဖက်မှုဝါဒကို လုံးဝလက်မခံတဲ့၊ အပြောသာမဟုတ် အလုပ်နဲ့ သက်သေပြမယ့် အိမ်နီးချင်းကောင်းဖြစ်စေလိုပါတယ်။ ဒါမှသာ ကျွန်တော်တို့ နှစ်နိုင်ငံအတွက်သာမက ဒေသတစ်ခုလုံးရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်မှာ ဖြစ်ပါတယ်။ အာဆာအကြမ်းဖက်အဖွဲ့နဲ့ အေအေအကြမ်းဖက် သောင်းကျန်းသူအဖွဲ့ နှစ်ဖွဲ့လုံးဟာ ဘင်္ဂလားဒေ့ရှ် ပိုင်နက်နယ်မြေမှာ ခိုလှုံနေကြပါတယ်။ အာဆာအဖွဲ့နဲ့ ၎င်းရဲ့ အပေါင်းပါတွေဟာ ကော့စ်ဘဇားဘက်က စခန်းတွေမှာ ခြိမ်းခြောက်မှု၊ အကြမ်းဖက်မှုနဲ့ ဥပဒေနဲ့ မညီတဲ့ အခြားလုပ်ဆောင်မှုတွေ ပြုလုပ်နေကြပြီး နှစ်နိုင်ငံ နေရပ်ပြန်ရေး လုပ်ငန်းစဉ်ကို ဟန့်တားနှောင့်ယှက်နေကြပါတယ်။ ဒီလိုပြုလုပ်မှုဟာ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနှစ်နိုင်ငံလုံးအပေါ် အန္တရာယ်ဖြစ်စေနိုင်တဲ့အတွက် တင်းတင်းကျပ်ကျပ် တားဆီးဖို့လိုအပ်ပါတယ်။

နေရပ်ပြန်ရေး မစတင်နိုင်သေးပေမယ့် နေရပ်စွန့်ခွာသူ (၃၅၀) ဦးကျော်ဟာ ကော့စ်ဘဇားစခန်းတွေကနေ ရခိုင်ပြည်နယ်ကို သူတို့ဆန္ဒအလျောက် နှစ်နိုင်ငံ ညှိနှိုင်းထားတဲ့ လမ်းကြောင်းကနေမဟုတ်ဘဲ ပြန်လည်ဝင်ရောက်လာခဲ့ကြပြီးဖြစ်ပါတယ်။

**ပြန်လည်နေရာချထားရေး**

တစ်ဖက်နိုင်ငံကနေ နေရပ်သို့ ပြန်လာမယ့်သူတွေအတွက် ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးနိုင်ဖို့ အဖွဲ့အစည်းအသီးသီးနဲ့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်နေရာမှာ နှစ်နိုင်ငံ သဘောတူညီချက်တွေ အကောင်အထည်ဖော်ဖို့အတွက် မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နဲ့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့နဲ့ သုံးဖွဲ့ပါဝင်တဲ့ သဘောတူညီချက်ကို ၂၀၂၁ ခုနှစ် ဇွန်လအထိ သက်တမ်းတိုးမြှင့်ခဲ့ပြီး ဖြစ်ပါတယ်။

UNDP နဲ့ UNHCR အဖွဲ့တွေဟာ ကျေးရွာပေါင်း (၁၂၀) ကျော်မှာ လက်ငင်းလိုအပ်ချက်များကို ဆန်းစစ်လေ့လာမှုတွေ ဆောင်ရွက်ခဲ့ကြပြီး ဖြစ်ပါတယ်။ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ အသက်မွေးကျွမ်းကျင်မှု သင်တန်းများနဲ့ ဝင်ငွေရရှိစေရေးတို့ပါဝင်တဲ့ 'Quick Impact Projects' (QIP) လို့ ကုလသမဂ္ဂကခေါ်တဲ့ စီမံချက် (၇၅) ခုကို ဆောင်ရွက်ဖို့အတွက်လည်း ခွင့်ပြုပေးပြီးဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ကပ်ရောဂါကျရောက်နေတဲ့အတွက် UNDP နဲ့ UNHCR တို့ဟာ အသိုက်အဝန်းတွေအကြား ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကာကွယ်တားဆီးရေးအတွက် အသိပညာပေးလုပ်ငန်းတွေအပေါ်မှာ အလေးပေးဆောင်ရွက်လျက်ရှိပါတယ်။

အစိုးရအနေနဲ့ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံ ညှိနှိုင်းရေးမှူးရုံး (AHA Centre) နဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နေရပ်စွန့်ခွာသူများ ပြန်လည်လာရောက်တဲ့ အချိန်မှာ အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့အနေနဲ့ လုပ်ငန်းစဉ်ကို မြေပြင်မှာ ဆန်းစစ်လေ့လာမှု ပြုလုပ်ကြမှာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်မှုဟာ ပြန်လည်ဝင်ရောက်မယ့် သူတွေအတွက် ယုံကြည်မှုပိုမိုရရှိစေမှာ ဖြစ်ပါတယ်။ ယခုနှစ် ဇူလိုင်လမှာ မြန်မာနိုင်ငံနဲ့ အာဆီယံအကြား နေရပ်ပြန်ရေးကို အထောက်အကူဖြစ်စေဖို့ စီမံချက် (၄) ခု ဆောင်ရွက်ရေး သဘောတူခဲ့ပါတယ်။ အဲဒါတွေကတော့ (၁) နေရပ်ပြန်လည်ခေါ်ဆောင်ရေးဆိုင်ရာ သတင်းအချက်အလက်များ ပိုမိုဖြန့်ဖြူးပေးရေး၊ (၂) ပြန်လည်လက်ခံမည့် စခန်းများတွင် စွမ်းဆောင်ရည်မြှင့်တင်ပေးရေး၊ (၃) စိုက်ပျိုးရေးသုံးပစ္စည်းများ ထောက်ပံ့ပေးရေးနဲ့ (၄) အသက်မွေးဝမ်းကျောင်းမှု ပြန်လည်ထူထောင်ရေးအတွက် ကူညီပံ့ပိုးပေးရေးတို့ဖြစ်ပါတယ်။

**တာဝန်ခံမှုရှိရေးနှင့် အသိုက်အဝန်းများ**
**ပြန်လည်သင့်မြတ်ရေး**

ရခိုင်ပြည်နယ်မှာ လူ့အခွင့်အရေး ချိုးဖောက်မှု စွပ်စွဲချက်တွေနဲ့ပတ်သက်လို့လည်း မိမိတို့အနေနဲ့ စိုးရိမ်မှုရှိတဲ့အတွက် အလေးအနက်ထားဆောင်ရွက်နေပါတယ်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်းက အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) ရှေ့မှောက်မှာ ပြုလုပ်ခဲ့တဲ့ ကြားနာမှုမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စစ်ရာဇဝတ်မှု ဒါမှမဟုတ် လူ့အခွင့်အရေးချိုးဖောက်မှုတွေ အမှန်တကယ် ကျူးလွန်တာတွေရှိခဲ့ရင် ကျူးလွန်သူတွေကို မြန်မာနိုင်ငံရဲ့ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်နဲ့အညီ စုံစမ်းစစ်ဆေးမှု၊ အပြစ်ပေးအရေးယူမှုတွေ ပြုလုပ်မယ်လို့ အတည်ပြုပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံက လုပ်ပိုင်ခွင့်ရှိတဲ့ကိစ္စ၊ မိမိတို့နိုင်ငံရဲ့ တာဝန်နဲ့ သန္နိဋ္ဌာန်ပဲ ဖြစ်ပြီး၊ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ ငြိမ်းချမ်းရေးတို့နဲ့ဆက်စပ်နေတဲ့ ပြည်တွင်းလုပ်ငန်းစဉ် ဖြစ်တဲ့အတွက် မဖြစ်မနေလုပ်ရမည့်ကိစ္စ အလွန်အရေးကြီးတဲ့ ကိစ္စ ဖြစ်ပါတယ်။

တာဝန်ခံမှုရှိရေးအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့မှာ ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ကော်မရှင်က ယင်းရဲ့ အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှာ တင်ပြခဲ့ပါတယ်။ အစီရင်ခံစာရဲ့ တွေ့ရှိချက်တွေကို အခြေခံပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးက အရပ်သားကျူးလွန်သူတွေကို စုံစမ်းစစ်ဆေးမှုတွေ ဆက်လက်ပြုလုပ်လျက်ရှိပါတယ်။

တပ်မတော်ဘက်အနေနဲ့လည်း ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်မှာဖြစ်ပွားခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်တွေနဲ့ပတ်သက်လို့ စစ်ဆေးမှုများပြုလုပ်နေပြီး ၂၀၂၀ ပြည့်နှစ် နှစ်မကုန်ခင်မှာ တတိယမြောက် စစ်ဘက်ဆိုင်ရာတရားရုံးဖြင့် ချွတ်ပြင်နဲ့ မောင်နုကျေးရွာ ဖြစ်စဉ်တွေနဲ့ သက်ဆိုင်တဲ့ကိစ္စများကို စတင်စစ်ဆေးတော့မှာဖြစ်ကြောင်း တပ်မတော်စစ်ဥပဒေချုပ်ရုံးက ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှာ ကြေညာခဲ့ပါတယ်။ ဒီကျေးရွာ နှစ်ရွာရဲ့ ဖြစ်စဉ်တွေဟာ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်းမှာ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ အဓိက အဖြစ်အပျက်တွေထဲမှာ အပါအဝင်ဖြစ်တယ်လို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်းက အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) မှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ ICOE ရဲ့ အပြီးသတ် အစီရင်ခံစာမှာလည်း ဒီကျေးရွာ နှစ်ရွာကို အဆိုးရွားဆုံး ဖြစ်စဉ်စာရင်းမှာ ထည့်သွင်းဖော်ပြခဲ့ပြီး ကုလသမဂ္ဂနဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ အစီရင်ခံစာတွေမှာလည်း စွပ်စွဲပြောကြားထားပါတယ်။ ဒီဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး တပ်မတော်စစ်ဥပဒေချုပ်ရုံးက စစ်ဘက်ဆိုင်ရာတရားရုံးဖြင့် စစ်ဆေးဆောင်ရွက်မယ့်ကိစ္စဟာ ဆိုးရွားတဲ့ စွပ်စွဲချက်တွေအပေါ် တာဝန်ခံမှုရှိစေဖို့အတွက် မြန်မာနိုင်ငံရဲ့ ဆန္ဒသဘောထားကို သိသာထင်ရှားစွာ ပြသလိုက်တာပဲဖြစ်ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့တဲ့ ဆိုးရွားတဲ့ဖြစ်စဉ် (၁၂) ခု စာရင်းမှာ အပါအဝင်ဖြစ်တဲ့ အင်းဒင်နဲ့ ဂူတာပြင် ဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး အစောပိုင်းက စစ်ဘက်ဆိုင်ရာ တရားရုံးဖြင့် စစ်ဆေးမှုမှာ တပ်မတော်အရာရှိနဲ့ တပ်သား (၁၃)ဦးကို အပြစ်ပေးအရေးယူခဲ့ပါတယ်။ အင်းဒင်ဖြစ်စဉ်မှာပါဝင်တဲ့ ပြစ်ဒဏ်ကျခံရသူတွေကို စောစီးစွာ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်တဲ့အပေါ် စိတ်မသက်သာဖြစ်ခဲ့ရကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ပြောကြားချက်ကို ထပ်မံပြောကြားလိုပါတယ်။ နောက်ပိုင်းအမှုကိစ္စတွေမှာ ဒီလို အချိန်မတန်ဘဲ လွတ်ငြိမ်း ချမ်းသာခွင့်ပြုတာတွေရှိတော့မှာမဟုတ်ဘူးလို့ ယုံကြည်ပါတယ်။ ရှေ့လာမယ့်လများအတွင်း ၂၀၁၇ ခုနှစ်က ရာဇဝတ်မှုတွေအတွက် တတိယမြောက် စစ်ဘက်ဆိုင်ရာတရားရုံးကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခထက် အဆများစွာဆိုးရွားတဲ့ ထိခိုက်သေဆုံးမှုတွေရှိခဲ့တဲ့ နိုင်ငံတကာရာဇဝတ်မှုတွေမှာတောင် မိမိတို့ရဲ့ အရာရှိနဲ့ တပ်သားတွေကို တာဝန်ခံမှုရှိစေတဲ့ နိုင်ငံအရေအတွက်ဟာ ယခုခေတ်ရာစုနှစ်အတွင်းမှာ အနည်းငယ်ပဲရှိပါတယ်။

တပ်မတော်စစ်ဥပဒေချုပ်အနေနဲ့ တတိယမြောက် စစ်တရားရုံးနဲ့တင် ရပ်တန့်နေမှာ မဟုတ်ဘူးဆိုတာကို သတိပြုမိမှာဖြစ်ပါတယ်။ တပ်မတော်စစ်ဥပဒေချုပ်ရဲ့

စာမျက်နှာ ၅ သို့ ☆

✰ စာမျက်နှာ ၄ မှ

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့က ကြေညာချက်မှာ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ရခိုင်ပြည်နယ် မြောက်ပိုင်းမှာဖြစ်ပွားခဲ့တဲ့ ဖြစ်နိုင်ခြေရှိသော ချိုးဖောက်မှုများရဲ့ ကျယ်ပြန့်တဲ့အသွင်သဏ္ဍာန်များကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဖော်ပြထားပါတယ်။ ဒီစွပ်စွဲမှုတွေမှာ ဥပမာအားဖြင့် အရပ်သားနဲ့ အာဆာအကြမ်းဖက်သမားများအကြား သေချာစွာ ခွဲခြားမရခြင်း၊ အင်အားအလွန်အကျွံ အသုံးပြုခြင်း၊ ပစ္စည်းများလုယက်မှုနဲ့ ဖျက်ဆီးမှုမှ ကာကွယ်တားဆီးရန် ပျက်ကွက်ခြင်း၊ ဒါမှမဟုတ် အရပ်သားတွေကို အင်အားသုံးဖယ်ရှားခြင်း စတာတွေ ပါဝင်နိုင်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ရခိုင်ပြည်နယ် မြောက်ပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ လုပ်ဆောင်မှုတွေကို အထက်မှာ ပြောကြားခဲ့တဲ့ ဖြစ်စဉ် (၃)ခု၊ ICOE အစီရင်ခံစာနဲ့ အခြားသတင်းအချက်အလက်တွေကို အခြေခံပြီး စုံစမ်းစစ်ဆေးမှုအသစ်တွေ ပြုလုပ်မှာ ဖြစ်ပါတယ်။ ဒါဟာ ပြည်တွင်းတာဝန်ခံမှုလုပ်ငန်းစဉ်အတွက် သိသာထင်ရှားတဲ့ တိုးတက်မှုပဲ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းတာဝန်ခံမှု လုပ်ငန်းစဉ်အတွက် အချိန်နဲ့ ဆောင်ရွက်ဖို့ အခွင့်အရေးပေးပြီး၊ လေးစားမှုပြသင့်ပါတယ်။ ပြည်တွင်းတာဝန်ခံမှုအတွက် မြန်မာနိုင်ငံ ဘာပဲဆောင်ရွက်ပါစေ ချက်ချင်းပယ်ချလိုက်တာမျိုးဟာ ဆိုးရွားစွာ ပုံဖော်ဝေဖန် ပုတ်ခတ်မှုနဲ့ တစ်ဖက်သတ် ဘက်လိုက်မှုသဘော သက်ရောက်စေတယ်လို့ ကျွမ်းကျင်သူ ပညာရှင်တွေက ထောက်ပြကြပါတယ်။ ပြည်တွင်းတရားစီရင်မှုကို ချက်ချင်းပယ်ချခြင်းဟာ "ဓမ္မဓိဋ္ဌာန်ကျမှု၊ ဘက်မလိုက်မှုနဲ့ ပြည်တွင်းတရားစီရင်ရေးမှာ ကြိုးပမ်းအားထုတ်မှုတွေ ပိုမိုပေါ်ပေါက်လာမှာကို စိုးရိမ်တာလား" သို့တည်းမဟုတ် အဲဒါရဲ့ ဆန့်ကျင်ဘက်ပဲဖြစ်မလားဆိုပြီး နိုင်ငံတကာ ရှေ့နေတစ်ဦးက မေးခွန်းထုတ်ဖူးပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းက အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သလိုပဲ ရခိုင်ပြည်နယ်အရေးကိစ္စမှာ အသိုက်အဝန်းနှစ်ခုကွဲပြားမှုကို အလွန်ဆိုးရွားသွားစေမယ့် မီးလောင်ရာလေပင့်မှုများဟာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးနဲ့ သဟဇာတဖြစ်မှုကို ထိခိုက်စေနိုင်ပါတယ်။ ပဋိပက္ခတွေကြောင့်ရရှိခဲ့တဲ့ ခံစားနာကြည်းမှုတွေကို ပိုမိုဆိုးရွားစေခြင်းဟာ ရခိုင်ပြည်နယ်ရဲ့ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေနိုင်ပါတယ်။ အမုန်းပွားစေမယ့် ဇာတ်ကြောင်းဖန်တီးမှုတွေသာ အမုန်းစကား မဟုတ်ပါဘူး။ အသိုက်အဝန်းနှစ်ခုအကြား ကွဲလွဲမှုကို အဆုံးစွန်အထိ ဆိုးရွားသွားစေနိုင်တဲ့ ပြောဆိုရေးသားမှုတွေဟာလည်း အမုန်းစကားလို့ဆိုရမှာ ဖြစ်ပါတယ်။

**နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားချက် (၃)စောင် ထုတ်ပြန်ခဲ့သည့်ကိစ္စ**

**သဘာပတိကြီးခင်ဗျား**

လူမျိုးပြုန်းတီးစေမှုတားဆီးရေးဆိုင်ရာ ကွန်ဗင်းရှင်းအရ လိုက်နာရမယ့် တာဝန်ဝတ္တရားတွေကို အစိုးရဝန်ထမ်းများအနေနဲ့ လေးစားလိုက်နာကြဖို့အတွက် နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားချက်တစ်ရပ်ကို ယခုနှစ် ဧပြီလမှာ ထုတ်ပြန်ခဲ့ပါတယ်။ နောက်ထပ် ညွှန်ကြားချက်တစ်ခုက အထက်မှာတင်ပြခဲ့တဲ့ ရာဇဝတ်မှုတွေအပေါ် စုံစမ်းစစ်ဆေးမှုတွေနဲ့ပတ်သက်ပြီး အစိုးရဝန်ထမ်းတွေအနေနဲ့ ဘယ်သက်သေအထောက်အထားနဲ့ ပစ္စည်းတွေကိုမဆို ဖျက်ဆီး၊ ဖယ်ရှားခြင်းကို တားမြစ်တဲ့ ညွှန်ကြားချက်ဖြစ်ပါတယ်။ တတိယညွှန်ကြားချက်က အမုန်းစကားနဲ့ဆက်နွှယ်တဲ့ ပုံစံအားလုံးကို ရှုတ်ချ၊ တားဆီးကြဖို့နဲ့ အမုန်းစကားဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေမှာ ပါဝင်၊ ပံ့ပိုးကြဖို့အတွက် အစိုးရဝန်ထမ်းများအားလုံးကို ညွှန်ကြားခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အမုန်းစကားဆန့်ကျင်ရေးလှုပ်ရှားမှုတွေကို တစ်နိုင်ငံလုံးမှာ အကောင်အထည်ဖော်လျက် ရှိပါတယ်၊ ယခုနှစ် မေလအတွင်းက ရခိုင်ပြည်နယ်မှာရှိတဲ့ မြို့နယ်တွေအားလုံးမှာ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ အမျိုးသမီးနဲ့ လူငယ်တွေက အမုန်းစကားဆန့်ကျင်ရေးလှုပ်ရှားမှုတွေ ဆက်တိုက်ဆိုသလို ကျင်းပခဲ့ပါတယ်။ လာမယ့်လတွေမှာ လှုပ်ရှားမှုတွေ ပိုမိုပြုလုပ်ကြမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်နဲ့ ပြန်ကြားရေးဝန်ကြီးဌာနတို့ကလည်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နဲ့ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (UNESCO) တို့နဲ့ ပူးပေါင်းပြီး အမုန်းစကားဆန့်ကျင်ရေးလှုပ်ရှားမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။

**လူမှုအသိုက်အဝန်းများ သဟဇာတရှိစေရေး**

**သဘာပတိကြီးခင်ဗျား**

ရခိုင်ပြည်နယ်မှာရှိတဲ့ လူမှုအသိုက်အဝန်းများအကြား သဟဇာတရှိစေရေးအတွက်လည်း မဆုတ်မနစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ သဟဇာတဖြစ်စေရေး လှုပ်ရှားဆောင်ရွက်မှုတွေဟာ လူမှုအသိုက်အဝန်း တစ်ခုနဲ့တစ်ခုကို ပိုပြီးနီးစပ်မှုရှိစေပြီး စိတ်ချယုံကြည်မှု ပြန်လည်တည်ဆောက်နိုင်လိမ့်မယ်လို့ အမှန်တကယ် ယုံကြည်ပါတယ်။ အစိုးရရဲ့ ကြိုးပမ်းမှုတွေအပေါ် ပြည်တွင်း၊ ပြည်ပ လှုပ်ရှားဆောင်ရွက်သူအချို့က ပျက်စီးရာပျက်စီးကြောင်းကို နည်းလမ်းအမျိုးမျိုးနဲ့ ဆောင်ရွက်နေသည့်တိုင်အောင် ရခိုင်ပြည်နယ်မှာရှိကြတဲ့ လူမှုအသိုက်အဝန်းတွေအကြား သဟဇာတဖြစ်စေဖို့နဲ့ ပြန်လည်သင့်မြတ်ဖို့အတွက် ဖွဲ့နပဲကြီးစွာ ဆက်လက်ဆောင်ရွက်သွားဖို့ အခိုင်အမာ ဆုံးဖြတ်ထားပါတယ်။

လူမှုအသိုက်အဝန်းတွေအကြား အပြန်အလှန်နားလည်မှု၊ လေးစားမှုကို မြှင့်တင်နိုင်ဖို့အတွက် မိတ်ဖက်အရပ်ဘက် လူမှုအဖွဲ့အစည်းတွေနဲ့ လက်တွဲဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေရေး အပါအဝင် ကိုဗစ်-၁၉ ကူးစက်မှု ကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များနဲ့ အခြားလိုအပ်တဲ့ ကြိုတင်ကာကွယ်မှုဆိုင်ရာ စည်းကမ်းချက်များနဲ့အညီ အသိုက်အဝန်းများအကြား ဆွေးနွေးပွဲတွေ (၂၀၃) ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲတွေ၊ လှုပ်ရှားမှုတွေ အောင်မြင်မှုဟာ ရခိုင်ပြည်နယ် ပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် အလားအလာကောင်းတွေပဲ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါ လူငယ်စခန်း (၄) ခုကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကူးစက်မှု ကာကွယ်တားဆီးရေးအတွက် ရခိုင်ပြည်နယ်မှာ အသိပညာပေးရေးလှုပ်ရှားမှု (၂၆၅) ကြိမ်မကလည်း ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။ အမုန်းစကားဆန့်ကျင်ရေးအခမ်းအနား (၁၇)ခု၊ လိင်အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးရေးလှုပ်ရှားမှု (၃) ခု၊ ရပ်ရွာပတ်ဝန်းကျင်ဆိုင်ရာ စည်းရုံးလှုံ့ဆော်မှု (၅)ခု၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလှုပ်ရှားမှု (၁၀) ခု စတဲ့ လှုပ်ရှားမှုတွေကိုလည်း ရခိုင်ပြည်နယ်မှာ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ လူမှုသဟဇာတဖြစ်ရေး၊ ပြည်သူ့နီတိ၊ လူမှုစည်းရုံးလှုံ့ဆော်ရေး၊ ပဋိပက္ခဆိုင်ရာ လေ့လာသုံးသပ်မှု၊ ကောလာဟလနှင့် အမုန်းစကားကို ကိုင်တွယ်ဖြေရှင်းရေးဆိုင်ရာ သင်တန်း (၂၈) ခုကိုလည်း ကျင်းပခဲ့ပါတယ်။ ဒါ့အပြင် အသက်မွေးမှုဆိုင်ရာ သင်တန်းအစီအစဉ် (၁၅၅) ခုကို စီစဉ်ကျင်းပခဲ့ပြီး၊ ဒီသင်တန်းတွေကတစ်ဆင့် နှာခေါင်းစည်းနဲ့ လက်သန့်ဆေးရည်များပြုလုပ်မှုများ သင်ကြားပြသပေးရာမှာ အသိုက်အဝန်းအားလုံးမှ ဒေသခံများ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။ ဒီလှုပ်ရှားဆောင်ရွက်မှုတွေဟာ ရခိုင်ပြည်နယ်မှာ နေထိုင်သူ (၅၀၀၀)ကျော်အတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ခဲ့ပါတယ်။ "ကမ္ဘာ့ဖလားထက် ပိုပြီး ဘယ်အရာကမှ လူတွေကို စုံညီစုရုံးနိုင်ခြင်းမရှိဘူး" လို့ ပြောကြတဲ့အတိုင်း အားကစားပြိုင်ပွဲတွေ ကျင်းပပေးနိုင်ခဲ့လို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။

ကုလသမဂ္ဂက ကမ်းလှမ်းစီစဉ်ပေးတဲ့ စက်ချုပ်၊ စက်ပြင်နဲ့မွေးမြူရေးစတဲ့ အသက်မွေးမှုသင်တန်း အစီအစဉ်တွေမှာလည်း ရခိုင်ပြည်နယ်က အသိုက်အဝန်းအားလုံး အတူပါဝင်တက်ရောက်ခဲ့ကြပါတယ်။ ကျေးရွာလမ်းများ၊ ရေကန်များနဲ့ ကျောင်းများ ပြန်လည်ပြင်ဆင်မွမ်းမံခြင်းစတဲ့ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေအတွက် cash-for-work လို့ ခေါ်တဲ့ "ဝင်ငွေရရေး၊ အလုပ်ပေး" စီမံကိန်းများမှာလည်း အသိုက်အဝန်းအားလုံး ပါဝင်ခဲ့ကြပါတယ်။

**လိင်အကြမ်းဖက်မှုတားဆီးကာကွယ်ရေး**

မြန်မာနိုင်ငံအနေနဲ့ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲသဘောတူညီချက်ကို ကုလသမဂ္ဂနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ပြည်တွင်းမှာ အမျိုးသားအဆင့်ကော်မတီတစ်ရပ်ကို တည်ထောင်ခဲ့ပြီး၊ တပ်မတော် တပ်ရင်းများအတွင်း သက်ဆိုင်သည့် ညွှန်ကြားချက်များထုတ်ပြန်ရေး၊ လိင်အကြမ်းဖက်မှု စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရေး၊ ကျူးလွန်သူများအား အပြစ်ပေးအရေးယူရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဥပဒေရေးရာ ပြုပြင်ပြောင်းလဲရေး အစီအမံများနဲ့ ကျူးလွန်ခံခဲ့ရသူများအတွက် ဝန်ဆောင်မှုပေးအပ်ရေး စတဲ့ အဓိကဦးစားပေး အကောင်အထည်ဖော်ရမယ့် နယ်ပယ်များကိုသတ်မှတ်ဖို့ လုပ်ငန်းစီမံချက်တစ်ရပ်ကိုလည်း ရေးဆွဲခဲ့ပါတယ်။ ဒါ့အပြင် အမျိုးသမီးများအား အိမ်တွင်းအကြမ်းဖက်မှုနဲ့ လိင်အကြမ်းဖက်မှု အပါအဝင် အကြမ်းဖက်မှုပုံစံအားလုံးမှ တားဆီးကာကွယ်ရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ" ဥပဒေမူကြမ်းတစ်ရပ်ကိုလည်း ရေးဆွဲလျက်ရှိပါတယ်။

**ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများကို ကာကွယ်တားဆီးရေး**

ကျွန်တော်တို့ အစိုးရအနေနဲ့ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးဆိုင်ရာ အမျိုးသားကော်မတီကို တည်ထောင်ခဲ့ပြီး၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာ ရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ပါတယ်။ ဒီလုပ်ငန်းစီမံချက်ကို ယခုနှစ် ဩဂုတ်လမှာ နိုင်ငံတော်သမ္မတရုံးက အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ တပ်မတော်အနေနဲ့လည်း လုပ်ငန်းအစီအစဉ်နဲ့အညီ သက်ဆိုင်ရာ ညွှန်ကြားချက်များ ထုတ်ပြန်ပြီး၊ တိုင်ကြားရေး ယန္တရားတစ်ရပ်နဲ့ စောင့်ကြည့်အကဲဖြတ်မယ့် ကော်မတီတစ်ရပ်ကို ထူထောင်သွားမှာဖြစ်ပါတယ်။ လုပ်ငန်းစီမံချက်ပါ အသိပညာပေးရေးလှုပ်ရှားမှုတွေ ဆောင်ရွက်နိုင်ဖို့ UNICEF နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ယခုနှစ် ဇွန်လမှာ မြန်မာ့တပ်မတော်အား ကုလသမဂ္ဂရဲ့ ကလေးသူငယ် စစ်သည်စုဆောင်းမှုနှင့် အသုံးပြုမှုစာရင်းမှ ပယ်ဖျက်ပေးခဲ့ပါတယ်။

**ဖွံ့ဖြိုးတိုးတက်ရေး**

ရခိုင်ပြည်နယ်မှာ ဆင်းရဲနွမ်းပါးမှုကိုဖြေရှင်းဖို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီအခမ်းအနားကို အလုပ်အကိုင်အခွင့်အလမ်း၊ ဝင်ငွေနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ရည်ရွယ်ကျင်းပခဲ့တာပဲ ဖြစ်ပါတယ်။ အခြားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံချက်များကို စဉ်းစားထားပေမယ့် လက်နက်ကိုင်ပဋိပက္ခတွေနဲ့ ကပ်ရောဂါပေါ်ပေါက်လာမှုကြောင့် ဆိုင်းငံ့ထားရပါတယ်။

**နိဂုံး**

**သဘာပတိကြီးခင်ဗျား**

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) မှာ ပြဋ္ဌာန်းထားတဲ့ရည်မှန်းချက်များ အောင်မြင်နိုင်ဖို့ ကြိုးပမ်းမှုတွေအပါအဝင် မိမိတို့ရဲ့ ဦးစားပေးအစီအစဉ်များ၊ လိုအပ်ချက်များနဲ့အညီ ကုလသမဂ္ဂနဲ့ အပြုသဘောဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ထပ်လောင်းကတိကဝတ်ပြုပါတယ်။

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီခရီးမှာ တိုးတက်မှုများစွာ ရရှိထားပြီဖြစ်သော်လည်း ခရီးလမ်းဆုံးကို ရောက်ဖို့ အလှမ်းဝေးနေပါသေးတယ်။ ရရှိထားတဲ့ တိုးတက်မှုတွေဟာ ပြည်သူပြည်သားများရဲ့ ကြံ့ကြံ့ခံနိုင်မှု၊ သဘောထားဝပြောမှုနဲ့ ကျန်းမာပျော်ရွှင်မှုကို တည်ဆောက်နိုင်ဖို့အတွက် ပြည်သူပြည်သားများရဲ့ ပြင်းပြတဲ့ဆန္ဒကြောင့်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ နိုင်ငံတော်သစ်တစ်ခုကို အတူတကွ တည်ထောင်နေကြတာ ဖြစ်ပါတယ်။ ဒီလိုခက်ခဲတဲ့ အချိန်တွေမှာ ကျွန်တော်တို့အပေါ် စာနာနားလည်မှု၊ ထောက်ခံအားပေးမှု ပြသကြတဲ့ မိတ်ဆွေများကို ကျေးဇူးတင်ရှိကြောင်းနဲ့ သူတို့ရဲ့ ခင်မင်ရင်းနှီးမှုကို ကျွန်တော်တို့ စိတ်ရင်းမှန်နဲ့ တန်ဖိုးထားကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုပါတယ်။ ၂၀၁၉ ခုနှစ်၊ မေလမှာ ကုလသမဂ္ဂက အမုန်းစကားဆန့်ကျင်ရေးဆိုင်ရာမဟာဗျူဟာနဲ့ လုပ်ငန်းစီမံချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ အမုန်းစကားနဲ့ပတ်သက်ပြီး ပြည်တွင်းမှာ ကိုင်တွယ်ဖြေရှင်းဖို့ အထူးလိုအပ်လျက်ရှိနေတဲ့အတွက် ဒီထုတ်ပြန်ချက်အပေါ် ဝမ်းမြောက်စွာကြိုဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် စောစောက တင်ပြခဲ့သလိုပဲ နိုင်ငံတကာမှာလည်း ဘယ်လိုလုပ်ဆောင်ရမယ်ဆိုတဲ့ ရှုထောင့်အမြင်များရှိဖို့ လိုပါတယ်။

တစ်ဖက်သားကို ထိတ်လန့်စက်ဆုပ်ဖွယ်ရာအဖြစ် ဆိုးရွားစွာ ပုံဖော်ဝေဖန်ပုတ်ခတ်ခြင်းဟာ ရှေးအကျဆုံးသော ဝါဒဖြန့်ချိမှုနည်းလမ်းတစ်ခု ဖြစ်ပါလိမ့်မယ်။ ယင်းမှာ မဟာမိတ်များ ဂိုဏ်းဂဏစုဖွဲ့ပြီး တရားနည်းလမ်း မှန်ကန်မျှတမှုမရှိသော ရည်မှန်းချက် အာဂျင်ဒါတစ်ခုအတွက် "တစ်ဖက်ရန်သူ"လို့ ၎င်းတို့သတ်မှတ်ထားသူအပေါ် အခြားသူများက မလိုမုန်းထားမှုများ ဖြစ်ပေါ်လာစေရေး လှုံ့ဆော်ပေးတာပဲဖြစ်ပါတယ်။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသူများအနေနဲ့ အရည်အသွေး အဆင့်အတန်းထိန်းသိမ်းမှုနဲ့ သမာသမတ်ကျမှုတို့ရဲ့ အမြင့်မားဆုံးသော စံနှုန်းတွေကို လိုက်နာကြဖို့နဲ့ သူတို့ကို ပံ့ပိုးထောက်ခံနေသူတွေ သဘောကျ ကျေနပ်စေဖို့အတွက် မျက်နှာလုပ် ဆောင်ရွက်တာမျိုးတွေ မပြုမိဖို့ အလွန်အရေးကြီးပါတယ်။

မြန်မာနိုင်ငံအပေါ် ဆိုးရွားပြင်းထန်တဲ့ စွပ်စွဲမှုတွေ ပြုလုပ်လျက်ရှိကြပါတယ်။ ဒီစွပ်စွဲမှုတွေနဲ့ ပတ်သက်ပြီး သက်သေအထောက်အထား အထင်အရှားနဲ့ စုံစမ်းစစ်ဆေးတရားစီရင်မှုတွေ ပြုလုပ်ခဲ့ခြင်းမရှိဘဲ "အပြစ်ရှိကြောင်းစီရင်ချက်"ကို နိုင်ငံတကာအသိုက်အဝန်းမှ အချို့သောသူများက ချမှတ်ခဲ့ပြီးတဲ့ ပုံစံမျိုးတွေ့မြင်နေရပါတယ်။ တိကျခိုင်လုံမှုမရှိတဲ့ သတင်းအချက်အလက်တွေကို အသုံးပြုပြီး အလွန်အမင်းဆိုးရွားစွာ ပုံဖော်ဝေဖန်ပုတ်ခတ်မှုဟာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အချင်းချင်းနဲ့ ပြည်သူများအချင်းချင်းအကြား အမုန်းတရားကို ဖြစ်ပေါ်စေတတ်ပါတယ်။ ဒီအမုန်းတရားဟာ နာကြည်းမုန်းတီးမှုနဲ့ ပဋိပက္ခတို့ ပေါ်ပေါက်လာစေတဲ့ ရှေ့ပြေးနိမိတ်ပဲ ဖြစ်ပါတယ်။ ဒီလုပ်ရပ်ဟာ ကုလသမဂ္ဂပဋိညာဉ်စာတမ်း အခြေပြုရာဖြစ်တဲ့ ငြိမ်းချမ်းရေးကို ဦးတည်ထားတဲ့ ပင်မမျှော်မှန်းချက်တွေကို အားလျော့စေမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာအသိုက်အဝန်းရဲ့ မျှတတဲ့ဆက်ဆံမှုကိုသာ တောင်းဆိုခြင်း ဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ကိုယ့်ထင်မြင်ချက်တွေအရ ကောက်ချက်မချမီမှာ မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်တဲ့ ပြောကြားချက်တွေကို စေ့စပ်သေချာစွာနဲ့ ဘက်လိုက်မှုမရှိဘဲ ဆန်းစစ်လေ့လာကြဖို့ ပန်ကြားလိုပါတယ်။ မြန်မာနိုင်ငံမှာ နေထိုင်ကြသူအားလုံးအတွက် ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စစ်မှန်တဲ့ဒီမိုကရေစီ ပေါ်ထွန်းရေးနဲ့ အားလုံးပါဝင်တဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ ရရှိစေရေးအတွက် ကျွန်တော်တို့ရဲ့ ကြိုးပမ်းအားထုတ်မှုတွေအပေါ် နိုင်ငံတကာအသိုက်အဝန်းက နားလည်မှုရှိပြီး၊ ဆက်လက်ထောက်ခံအားပေးမှုများကို အထူးတန်ဖိုးထားကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ကျေးဇူးတင်ပါတယ်၊ သဘာပတိကြီးခင်ဗျား။

**တစ်ဖက်သားကို ထိတ်လန့်စက်ဆုပ်ဖွယ်ရာအဖြစ် ဆိုးရွားစွာ ပုံဖော်ဝေဖန်ပုတ်ခတ်ခြင်းဟာ ရှေးအကျဆုံးသော ဝါဒဖြန့်ချိမှုနည်းလမ်းတစ်ခု ဖြစ်ပါလိမ့်မယ်။ ယင်းမှာ မဟာမိတ်များ ဂိုဏ်းဂဏ စုဖွဲ့ပြီး တရားနည်းလမ်း မှန်ကန်မျှတမှုမရှိသော ရည်မှန်းချက် အာဂျင်ဒါတစ်ခုအတွက် "တစ်ဖက်ရန်သူ"လို့ ၎င်းတို့သတ်မှတ်ထားသူအပေါ် အခြားသူများက မလိုမုန်းထားမှုများ ဖြစ်ပေါ်လာစေရေး လှုံ့ဆော်ပေးတာပဲ ဖြစ်ပါတယ်။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသူများအနေနဲ့ အရည်အသွေး အဆင့်အတန်း ထိန်းသိမ်းမှုနဲ့ သမာသမတ်ကျမှုတို့ရဲ့ အမြင့်မားဆုံးသော စံနှုန်းတွေကို လိုက်နာကြဖို့နဲ့ သူတို့ကို ပံ့ပိုးထောက်ခံနေသူတွေ သဘောကျကျေနပ်စေဖို့အတွက် မျက်နှာလုပ် ဆောင်ရွက်တာမျိုးတွေ မပြုမိဖို့ အလွန်အရေးကြီးပါတယ်။**

# မြန်မာနိုင်ငံအပါအဝင် CLMV နိုင်ငံများ၏ ကျန်းမာရေးစနစ်များ ပိုမိုကောင်းမွန်စေရန် ဗြိတိန်နိုင်ငံက ပေါင်စတာလင် ၄ ဒသမ ၈ သန်း ကူညီထောက်ပံ့



**နေပြည်တော် စက်တင်ဘာ ၃၀**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးတို့၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ ပါဝင်တက်ရောက်သည်။

အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်အတွက် အလှည့်ကျ အာဆီယံဥက္ကဋ္ဌတာဝန်ယူသည့် ဗီယက်နမ်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Pham Binh Minh က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ ဗြိတိန်နိုင်ငံခြားရေး၊ ဓနသဟာယနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဝန်ကြီး Mr. Dominic Raab၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

### သာတူညီမျှ ခံစားရရှိစေရေး

အစည်းအဝေးတွင် ဝန်ကြီးများက ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ကူးစက်ရောဂါကို ခိုင်မာထိရောက်စွာ ရင်ဆိုင်တုံ့ပြန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် အတူတကွ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း အလေးထားဆွေးနွေးခဲ့ကြပြီး ကာကွယ်ဆေးနှင့်ပတ်သက်၍ ထိရောက်လုံခြုံစိတ်ချမှုရှိစေရေးနှင့် လက်လှမ်းမီသည့် ဈေးနှုန်းဖြင့် အားလုံးသာတူညီမျှ ခံစားရရှိစေရေး ရည်မှန်းချက်များနှင့်အညီ ကိုဗစ်-၁၉ ကာကွယ်ကုသဆေးများကို သုတေသနပြု၊ ဖော်စပ်၊ ထုတ်လုပ်၊ ဖြန့်ဖြူးရာတွင် အာဆီယံနိုင်ငံများနှင့် ဗြိတိန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးတက်ခိုင်မြဲစေရန် ကတိကဝတ် ပြုခဲ့ကြသည်။ ထို့ပြင် ဝန်ကြီးများက ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများ ရင်ဆိုင်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန် သဘောတူညီခဲ့ကြပြီး ကူးစက်ရောဂါကြောင့် ထိခိုက်နစ်နာသည့် အခြားတစ်နိုင်ငံရောက် နိုင်ငံသားများ ၎င်းတို့၏နိုင်ငံသို့ ဘေးကင်းလုံခြုံစွာ ပြန်သွားနိုင်ရေးအတွက် အပြန်အလှန်အကူအညီပေးကြရန် အဆင်သင့်ရှိကြောင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် မြှင့်တင်ရေးတို့အတွက် ပေါင် စတာလင် ၄ ဒသမ ၈ သန်း ကူညီထောက်ပံ့ရန် ဗြိတိန်နိုင်ငံ၏ ကတိကဝတ်ပြုခြင်းကို ကြိုဆိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်တားဆီးရေး၊ ထိန်းချုပ်နိုင်ရေးနှင့် ကုသရေးတို့တွင် မြန်မာအစိုးရအနေဖြင့် တစ်နိုင်ငံလုံး ပါဝင်သည့် ချဉ်းကပ်မှုပုံစံဖြင့် ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းအသိပေးခဲ့ပြီး ကူးစက်ရောဂါထိန်းချုပ်ရာတွင်လည်းကောင်း၊ ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် လူမှုစီးပွားထိခိုက်နစ်နာမှုများ လျော့ပါးသက်သာစေရေးကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဆောလျင်စွာ ပြန်လည်နာလန်ထူနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင်လည်းကောင်း ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုမှာ အရေးကြီးကြောင်း၊ မြန်မာအစိုးရ၏ ကိုဗစ်-၁၉ တုံ့ပြန်ရေးနှင့် ကူညီကယ်ဆယ်ရေးအစီအစဉ်များသည် IDP စခန်းများနှင့် ဝင်ငွေနည်းမိသားစုများ အပါအဝင် နိုင်ငံတစ်ဝန်းရှိ ထိခိုက်လွယ်မှု အရှိဆုံးဖြစ်သည့် လူမှုအသိုင်းအဝိုင်းများအားလုံးထံသို့ ရောက်ရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း အလေးထားပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာအစိုးရ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါတိုက်ဖျက်ရေးတွင် ကူညီပံ့ပိုးမှုများနှင့် ကိုဗစ်-၁၉ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံရန်ပုံငွေသို့ ပေါင်စတာလင် တစ်သန်း ထည့်ဝင်ရန် စီစဉ်ဆောင်ရွက်မှုများအတွက် ဗြိတိန်နိုင်ငံအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် အာဆီယံနှင့် ဗြိတိန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာရေးကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းနှင့် ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် လူမှုစီးပွားထိခိုက်နစ်နာမှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် အာဆီယံနှင့် ဗြိတိန်နိုင်ငံတို့အကြား အတူတကွ လက်တွဲဆောင်ရွက်ကြရန်နှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန် လိုအပ်ကြောင်း၊ ယခုအချိန်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ တိုက်ဖျက်ရေးသည် နိုင်ငံအားလုံး၏ အရေးအကြီးဆုံးသော ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်သည်နှင့်အညီ ကာကွယ်ဆေးကို ဆောလျင်စွာ ထုတ်လုပ်နိုင်ရေးနှင့် လက်လှမ်းမီသည့် ဈေးနှုန်းဖြင့် အားလုံးက သာတူညီမျှ ခံစားရရှိနိုင်ရေးမှာ အရေးကြီးကြောင်း အလေးထားပြောကြားသည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အတွေ့အကြုံနှင့် အလေ့အကျင့်ကောင်းများ ဖလှယ်နိုင်ရေးအတွက် ဆက်သွယ်ရေးလမ်းကြောင်းများနှင့် ကုန်သွယ်မှုလမ်းကြောင်းများ ဖွင့်လှစ်ထားရှိရန်နှင့် ကပ်ရောဂါအလွန်ကာလတွင် ကမ္ဘာကြီးအနေဖြင့် နဂိုမူလ အနေအထားသို့ အလျင်အမြန် ပြန်လည်ရောက်ရှိနိုင်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားကြရန် အရေးကြီးကြောင်း ပြောကြားသည်။

### ပါဝင်တက်ရောက်

အစည်းအဝေးအပြီးတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးတို့၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အစည်းအဝေး သဘာပတိ၏ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများလည်း ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း (၇၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဇီဝမျိုးကွဲဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် မိန့်ခွန်းပြောကြား



**နေပြည်တော် စက်တင်ဘာ ၃၀**

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပသည့် (၇၅) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ High-level Week အတွင်း ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ထိပ်သီးအစည်းအဝေး (Summit on Biodiversity) ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

### ကုစားရန် အချိန်တန်ပြီ

Video-recorded Statement တွင် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လူသားများသည် ကမ္ဘာပေါ်ရှိ ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ယင်းတို့မှ ထွက်ရှိသည့် ပစ္စည်းများအပေါ် မှီခိုနေထိုင်ကြလျက်ရှိရာ ဇီဝမျိုးစုံမျိုးကွဲများသည် အလျင်အမြန် ကျဆင်းလျက်ရှိကြောင်း၊ အကျိုးဆက်အနေဖြင့် ဂေဟစနစ်ဝန်ဆောင်မှုများ ဆုံးရှုံးလျက်ရှိကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ဆုံးရှုံးပျောက်ကွယ်မှုကြောင့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ အဆက်မပြတ် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိကြောင်း၊ အဆိုပါ အခြေအနေများကို ကုစားရန် အချိန်တန်ပြီဖြစ်ကြောင်း၊ လက်ရှိတွင် ၂၀၅၀ ပြည့်နှစ်အတွက် မျှော်မှန်းချက်ဖြစ်သည့် "သဘာဝတရားနဲ့ လိုက်လျောညီထွေနေထိုင်ခြင်း" (Living in Harmony with Nature) ကို ပြည့်မီနိုင်ရေး ၂၀၂၀ ပြည့်နှစ်နှောင်းပိုင်း ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲမဟာဗျူဟာမူဘောင်ကိုလည်း အားလုံးပူးပေါင်းပါဝင် ရေးဆွဲလျက်ရှိကြောင်း၊

မြန်မာနိုင်ငံသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကို အလေးအနက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးပျောက်ကွယ်မှုကို ရပ်တန့်နိုင်ရေးနှင့် စဉ်ဆက်မပြတ်အသုံးပြုမှုတို့အတွက် သဘာဝကို အခြေခံသောနည်းလမ်းများ (Nature-based Solutions) ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝကို အခြေခံသော နည်းလမ်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးကုန်ကျစရိတ်သက်သာသောနည်းလမ်းများဖြစ်ပြီး ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးအကျိုးအမြတ်များကို တစ်ပြိုင်နက်တည်း ပံ့ပိုးပေးနိုင်ကာ ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်စွမ်းကိုလည်း မြှင့်တင်ပေးနိုင်ကြောင်း၊ သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ဂေဟစနစ်များကို ပြန်လည်ထူထောင်ခြင်းသည် နိုင်ငံ၏ ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေး ၁၀ နှစ်စီမံကိန်းကို အမေရိကန် ဒေါ်လာ သန်း ၅၀၀ အကုန်ကျခံပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၉ ခုတွင်လည်း တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း ၁၀ နှစ်တာလုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊

### မွမ်းမံပြင်ဆင်ပြီးဖြစ်

ထို့ပြင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးတွင် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသောနေရာများနှင့် အဏ္ဏဝါဧရိယာများကို ရာစုနှစ်ပေါင်းများစွာ စီမံအုပ်ချုပ်ထိန်းသိမ်းလာသော ဌာနေတိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံအစုအဖွဲ့များ၏ အခန်းကဏ္ဍကိုလည်း အသိအမှတ်ပြုပြီး သစ်တောစီမံအုပ်ချုပ်မှုနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးတွင် ပါဝင်လာနိုင်စေရန် ဥပဒေများကိုလည်း မွမ်းမံပြင်ဆင်ပြီးဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်ရေး သဘာဝကိုအခြေခံသော နည်းလမ်းများဖြစ်သည့် ပြန်လည်ထူထောင်ခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများကို စဉ်ဆက်မပြတ်စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ထိပ်သီးအစည်းအဝေးသည် ကုလသမဂ္ဂအထွေထွေညီလာခံအောက်မှ ကျင်းပသည့် ပထမဦးဆုံးသော ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ထိပ်သီးအစည်းအဝေးဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးများက Video-recorded Statement ဖြင့် မိန့်ခွန်းပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို MRTV မှ အပတ်စဉ် သောကြာနေ့ညတိုင်း ပြသလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာ့ရုပ်ရှင်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်တေးသီချင်း အပုဒ် ၁၀၀ ကို တစ်ပတ်လျှင် ၁၀ ပုဒ်ဖြင့် အပတ်စဉ် သောကြာနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ည ၈ နာရီသတင်းများအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ အောက်တိုဘာ ၂ ရက် ညတွင် ပွဲစဉ်(၈) အဖြစ် စန္ဒရားဇေယျာမင်း မြန်မာမှုတေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်သန်းမြတ်စိုး၊ ကေတုဝင်းထွတ်၊ ဖိုးသောကြာ၊ ရဲထိုက်၊ တင်တင်မြ၊ တက္ကသိုလ်လဲ့လဲ့၊ ရွှေရည်သိန်းတန်၊ ယဉ်ဝေယံထွန်း၊ ရွှေယမင်းဦး၊ သဲနုဝါ၊ စိမ့်နေခြည်၊ သူဇာအောင် တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တင်ဆက်မှုကို အောက်တိုဘာ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တန်းတူတန်ဖိုးထား



**ကိုဗစ်ရောဂါရဲ့ ပြဿနာက ဘာလဲဆိုတော့ ရောဂါရှိပြီဆိုရင် တခြားရောဂါတွေဖြစ်တဲ့အခါမှာလို ဘေးကနေပြီးတော့ မိသားစုတွေ၊ မိတ်ဆွေတွေက ဝန်းရံပေးလို့မရပါဘူး။ သတ်သတ်စီနေရတယ်။ နေရတဲ့အခါကျတော့ တစ်ယောက်တည်းနေရလို့ ဆိုပြီးတော့ စိတ်ဓာတ်ကျတာတို့၊ စိတ်အားငယ်တာတို့ဖြစ်တယ်ဆိုတာ ဒါလည်းသဘာဝကျပါတယ်။ အဲဒီတော့ ကျွန်မပြောချင်တာက နိုင်ငံတော်အနေနဲ့ကတော့ ရောဂါဖြစ်နေတဲ့ ပြည်သူအားလုံး တစ်ယောက်ချင်း တစ်ယောက်ချင်းကို တန်ဖိုးထားပါတယ်။ ကျွန်မတို့ ဘယ်တော့မှ ဘယ်သူဖြစ်တာလဲလို့ မမေးပါဘူး။ ဘယ်နှယောက်ဖြစ်တာပဲ ကြည့်ပါတယ်။ တစ်ယောက်ချင်း တစ်ယောက်ချင်းကို တန်းတူပဲတန်ဖိုးထားပါတယ်။ ချမ်းသာကြွယ်ဝတဲ့သူ၊ ဩဇာအာဏာရှိတဲ့သူဆိုပြီး ခွဲပြီးတော့ သူ့ဆိုရင် ပိုပြီးတော့ အလေးထားတယ်ဆိုတာ လုံးဝမရှိပါဘူး။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေဟာ အဲဒီအင်အားနဲ့ ဒီရောဂါကို ပြန်ပြီး တွန်းလှန်စေချင်တယ်။**

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃၀–၉–၂၀၂၀) ရက်နေ့၊ ညနေ (၃:၀၀)နာရီ**

၁။ (၂၉–၉–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၇၉၇) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | အင်းစိန် | ၁၀၈ |
| | | ရွှေပြည်သာ | ၅၁ |
| | | တွံတေး | ၄၉ |
| | | မင်္ဂလာတောင်ညွန့် | ၄၂ |
| | | မြောက်ဥက္ကလာပ*** | ၄၂ |
| | | သဃ်န်းကျွန်း | ၄၁ |
| | | မင်္ဂလာဒုံ | ၃၈ |
| | | မရမ်းကုန်း | ၃၄ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၈ |
| | | သန်လျင် | ၂၃ |
| | | လှိုင် | ၁၇ |
| | | လှိုင်သာယာ | ၁၆ |
| | | ဗဟန်း | ၁၅ |
| | | တောင်ဥက္ကလာပ** | ၁၄ |
| | | တာမွေ | ၁၃ |
| | | လသာ | ၁၁ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၀ |
| | | ဆိပ်ကြီးခနောင်တို | ၁၀ |
| | | ကွမ်းခြံကုန်း | ၉ |
| | | ဒေါပုံ | ၉ |
| | | ကြည့်မြင်တိုင် | ၈ |
| | | ကော့မှူး | ၈ |
| | | သာကေတ** | ၇ |
| | | ကျောက်တံတား | ၆ |
| | | အလုံ | ၆ |
| | | စမ်းချောင်း | ၆ |
| | | ဒဂုံဆိပ်ကမ်း | ၆ |
| | | ဒလ | ၅ |
| | | လမ်းမတော် | ၅ |
| | | ပန်းဘဲတန်း | ၅ |
| | | ဒဂုံ | ၄ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၄ |
| | | ကမာရွတ် | ၄ |
| | | ပုဇွန်တောင် | ၃ |
| | | သုံးခွ | ၂ |
| | | လှည်းကူး | ၁ |
| | | ဗိုလ်တထောင် | ၁ |
| | | စုစုပေါင်း | ၆၆၁ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အမရပူရ* | ၇ |
| | | ဝမ်းတွင်း | ၇ |
| | | အောင်မြေသာစံ | ၆ |
| | | ချမ်းအေးသာစံ | ၃ |
| | | ရမည်းသင်း | ၃ |
| | | မလှိုင် | ၂ |
| | | ပုသိမ်ကြီး | ၂ |
| | | ညောင်ဦး | ၁ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | စုစုပေါင်း | ၃၂ |
| ၃။ | ကချင်ပြည်နယ် | ဖားကန့် | ၂၂ |
| | | မိုးညှင်း | ၂ |
| | | စုစုပေါင်း | ၂၄ |
| ၄။ | ရခိုင်ပြည်နယ် | ဘူးသီးတောင် | ၉ |
| | | ကျောက်ဖြူ | ၇ |
| | | စစ်တွေ | ၆ |
| | | ပေါက်တော | ၁ |
| | | စုစုပေါင်း | ၂၃ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ကျောက်တံခါး | ၁၂ |
| | | ပဲခူး | ၁ |
| | | ကြို့ပင်ကောက် | ၁ |
| | | အုတ်တွင်း | ၁ |
| | | စုစုပေါင်း | ၁၅ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၉ |
| | | ဟင်္သာတ* | ၂ |
| | | မအူပင် | ၂ |
| | | ဘိုကလေး | ၁ |
| | | ဒေးဒရဲ | ၁ |
| | | မြောင်းမြ | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၇။ | မွန်ပြည်နယ် | ဘီးလင်း | ၅ |
| | | ဓော်လမြိုင် | ၅ |
| | | သံဖြူဇရပ် | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၈။ | မကွေးတိုင်းဒေသကြီး | ချောက် | ၂ |
| | | မကွေး | ၁ |
| | | မြို့သစ်* | ၁ |
| | | မင်းဘူး | ၁ |
| | | တောင်တွင်းကြီး | ၁ |
| | | သရက် | ၁ |
| | | စုစုပေါင်း | ၇ |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၃ |
| | | စုစုပေါင်း | ၃ |
| ၁၀။ | ကရင်ပြည်နယ် | လှိုင်းဘွဲ့ | ၁ |
| | | ဘားအံ | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၁။ | နေပြည်တော် | ဇမ္ဗူသီရိ | ၁ |
| | | လယ်ဝေး | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၂။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | နမ့်ဆန်**** | ၁ |
| | | စုစုပေါင်း | ၁ |
| (၂၉–၉–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၇၉၇) ဦး |

* အမရပူရမြို့နယ်မှ (၂) ဦး၊ မြို့သစ်မြို့နယ်မှ (၁) ဦးနှင့် ဟင်္သာတမြို့နယ်မှ (၂) ဦးတို့သည် ရန်ကုန်တိုင်းဒေသကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသူများ ဖြစ်ပါသည်။

** သာကေတမြို့နယ်မှ (၁) ဦးနှင့် တောင်ဥက္ကလာပမြို့နယ်မှ (၂) ဦးသည် ပဲခူးတိုင်းဒေသကြီးတွင် အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

*** မြောက်ဥက္ကလာပမြို့နယ်မှ(၁)ဦးသည် မကွေးတိုင်းဒေသကြီးတွင် အသွားအလာကန့်သတ်ထားရှိသူ ဖြစ်ပါသည်။

**** ရန်ကုန်တိုင်းဒေသကြီးတွင် အသွားအလာကန့်သတ်ထားရှိသူ ဖြစ်ပါသည်။

မှတ်ချက်။ (၂၉–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအချိန် ဓာတ်ခွဲအဖြေများ သတင်းထုတ်ပြန်ချိန်တွင် ဓာတ်ခွဲခန်း (၁)ခုမှ ပိုးတွေ့လူနာ (၂) ဦး၏ စာရင်းမှာ ကျန်ရှိခဲ့သဖြင့် (၂၈–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၃၅) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၉၇) ဦးတွေ့ရှိခဲ့ရခြင်း ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ပန်းတနော်မြို့နယ်၌ ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**ပန်းတနော် စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်တွင် ကိုဗစ်– ၁၉ ကာလ စီးပွားရေး ကုစားမှုအစီအစဉ်အရ Cash For Work စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကျေးရွာပေါင်း ကိုးရွာနှင့် ကျေးရွာမတည်ရန်ပုံငွေဖြင့် ကျေးရွာသုံးရွာတွင် ထုတ်ချေးဆောင်ရွက်ပြီး အဆိုပါစီမံကိန်းလုပ်ငန်းများကို ဇူလိုင်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလအတွင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေယျာနိုင်က ပြောသည်။

ပန်းတနော်မြို့နယ်ရှိ ကျေးရွာကိုးရွာ၌ Cash For Work စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေအတွက် ရေသွင်းရေထုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်း၊ ကျေးရွာတွင်းလမ်းဘေး ရေနုတ်မြောင်းတူးဖော်ခြင်း၊ လမ်းပြုပြင်ခြင်းနှင့် တာပေါင်မြေဖို့ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ထို့အပြင် ကျေးရွာသုံးရွာတွင် ကျေးလက်နေလုပ်ကွက်ငယ်တောင်သူများ၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်နေသူများ၊ အသေးစား၊ အလတ်စားလုပ်ငန်း လုပ်ကိုင်နေသူများအား သွင်းအားစုနှင့် ငွေကြေးအရင်းအနှီးရရှိစေရန်အတွက် ကျေးရွာမတည်ရန်ပုံငွေ (VRFP)ကို နည်းစနစ်တကျ ထုတ်ချေးဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။


မြို့နယ်(ပြန်/ ဆက်)



# ခေတ်မီလူထုဆက်သွယ်ရေးနည်းလမ်းများ သရုပ်ပြအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**

Information Matrix က ကြီးမှူးကျင်းပသော ခေတ်မီလူထုဆက်သွယ်ရေးနည်းလမ်းများ သရုပ်ပြအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမမှ ချိတ်ဆက်ပါဝင်တက်ရောက်ကြပြီး Information Matrix နှင့် Sprinklr မှ တာဝန်ရှိသူများ၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သည့် ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက သက်ဆိုင်ရာနေရာများမှ ချိတ်ဆက်တက်ရောက်ကြသည်။

### အရှိန်အဟုန်ဖြင့် ပေါ်ပေါက်လာ

သရုပ်ပြအလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်မီဒီယာ၊ ရေဒီယို၊ ရုပ်မြင်သံကြား စသည့် သမားရိုးကျမီဒီယာများကို လူထုဆက်သွယ်ရေးမီဒီယာအဖြစ် အသုံးပြုလျက်ရှိရာမှ ယခုအခါ မီဒီယာအသစ်သည် လျင်မြန်သော အရှိန်အဟုန်ဖြင့် ပေါ်ပေါက်လာပါကြောင်း၊ မီဒီယာအသစ်နှင့် ပတ်သက်၍ မိမိတို့ဝန်ထမ်းများအနေဖြင့် လေ့လာဆည်းပူးခြင်း၊ ဌာနတွင်း ဆွေးနွေးပွဲများ ကျင်းပပြီး အချင်းချင်းနားလည်တတ်ကျွမ်းမှု မျှဝေခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မီဒီယာအသစ်နှင့်ပတ်သက်ပြီး ပိုမိုသိရှိနားလည်အောင် ခေတ်မီလူထုဆက်သွယ်ရေးနည်းလမ်းများ သရုပ်ပြအလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ပေးသည့်အတွက် Information Matrix နှင့် Sprinklr တို့ကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် Information Matrix အမှုဆောင်အရာရှိချုပ် ဦးသောင်းစုငြိမ်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ Sprinklr မှ Enterprise Account Executive, Mr. Nicolas Cael နှင့် Solution Consultant, Mr. Valentin Dura တို့က ခေတ်မီလူထုဆက်သွယ်ရေးနည်းလမ်းများ အသုံးပြုပုံနှင့်ပတ်သက်၍ ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ အမှုဆောင်အရာရှိချုပ် ဦးသောင်းစုငြိမ်း၊ Mr. Nicolas Cael နှင့် Mr. Valentin Dura တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ သရုပ်ပြအလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်း ၃၃ ဦး ပါဝင်တက်ရောက်ခဲ့ကြသည်။

ယနေ့ ကျင်းပသည့် သရုပ်ပြအလုပ်ရုံဆွေးနွေးပွဲသည် Information Matrix နှင့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် အခြေစိုက်သည့် Sprinklr ကုမ္ပဏီတို့ ပူးပေါင်းပြီး ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် ပြန်ကြားပေးခြင်း၊ ပညာပေးခြင်း၊ ဖျော်ဖြေပေးခြင်းတို့ကို လုပ်ဆောင်ရာတွင် သတင်းအချက်အလက်နည်းပညာနှင့် ခေတ်မီလူထုဆက်သွယ်ရေးနည်းလမ်းများ အသုံးပြုနိုင်ပုံကို သရုပ်ပြရှင်းလင်းတင်ပြသည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်သည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများ ပံ့ပိုးမှုအခြေအနေများနှင့် Global Fund ထောက်ပံ့ငွေဖြင့် တီဘီ၊ ခုခံကျ/ကာလသားနှင့် ငှက်ဖျားရောဂါများ တိုက်ဖျက်ရေးအတွက် သဘောတူညီချက်လက်မှတ်ရေးထိုးရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃၀**

UNOPS အဖွဲ့မှ ဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ဆောင်ရွက်ရေး ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူပံ့ပိုးမှုအခြေအနေ၊ Global Fund ထောက်ပံ့ငွေဖြင့် တီဘီ၊ ခုခံကျ/ကာလသားနှင့် ငှက်ဖျားရောဂါများ တိုက်ဖျက်ရေးအတွက် (၂၀၂၁-၂၀၂၃) ခုနှစ်အထိ သဘောတူညီချက်လက်မှတ်ရေးထိုးရေးကိစ္စများနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



### ပြတ်လပ်မှုနည်းပါး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အခြားပြည်ပအဖွဲ့အစည်းများမှ ထောက်ပံ့သောဘဏ္ဍာငွေကိုအသုံးပြု၍ ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူရာ၌ ကူညီဆောင်ရွက်ပေးသည့် UNOPS အဖွဲ့အား ကျေးဇူးတင်ရှိပါကြောင်း၊ အရည်အသွေးပြည့်မီသော ဆေးနှင့်ဆေးပစ္စည်းများ အချိန်မီဝယ်ယူဖြန့်ဖြူးရေးနှင့် စီမံခန့်ခွဲရေးစနစ်သည် ဤရောဂါထိန်းချုပ်ရာ၌ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရရှိသော ရန်ပုံငွေ၊ ထောက်ပံ့ငွေ၊ ဆေးနှင့်ဆေးပစ္စည်းများကို အကျိုးရှိ ထိရောက်စွာ အသုံးချဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ဆေးနှင့်ဆေးပစ္စည်း စီမံခန့်ခွဲမှုသတင်းအချက်အလက်စာမျက်နှာ (dashboard) ကိုလည်း ဗဟိုနှင့် ဆေးရုံကြီးများ၌ တည်ထောင်ထားရှိပြီးဖြစ်သဖြင့် ဆေးနှင့် ဆေးပစ္စည်းများ ပြတ်လပ်မှုနည်းပါးသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ dashboard တွင် ဆေးရုံအသီးသီးမှ ဆေးလက်ကျန်စာရင်းများကို ပုံမှန်ဖြည့်သွင်းကာ ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူဖြန့်ဖြူးရေးတာဝန်ရှိသူများက လိုအပ်သည့်နေရာများသို့ ကြိုတင်တွက်ချက်ပေးပို့လျက်ရှိပါကြောင်း၊ ဤစနစ် ယခုထက်ပိုမိုကောင်းမွန်ရန် ကြိုးစားလျက်ရှိပါကြောင်း။

UNOPS မှ ဆေးနှင့် ဆေးပစ္စည်း ဝယ်ယူ၊ ထောက်ပံ့၊ ဖြန့်ဖြူးရေးကျွမ်းကျင်သူများနှင့် မိမိတို့ ကျွမ်းကျင်ဝန်ထမ်းများပူးတွဲ၍ လက်ရှိကျင့်သုံးနေသော ဝန်ကြီးဌာန၏ ဆေးနှင့်ဆေးပစ္စည်းကိရိယာ ဝယ်ယူဖြန့်ဖြူးရေးစနစ်နှင့် ရရှိသော အရင်းအမြစ်များ စီးဆင်းအသုံးချမှု (resource flow)ကို ခြုံငုံသုံးသပ်မှုများ ပြုလုပ်စေလိုပါကြောင်း၊ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းများပေးခြင်းနှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ပံ့ပိုးမှုများပေးအပ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာများသည် တစ်နေ့တခြား အမျိုးအမည် ပိုမိုများပြားသဖြင့် ဆေးနှင့်ဆေးပစ္စည်းကိရိယာအမျိုးမျိုးအတွက် အရည်အသွေး၊ အမျိုးအစားသတ်မှတ်ချက်များ (specification bank)ကို မိမိတို့ဝန်ကြီးဌာနက ပြုလုပ်လျက်ရှိသည်များကို ပံ့ပိုးဆောင်ရွက်စေလိုပါကြောင်း၊ ယခု ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေချိန်တွင် တီဘီ၊ ခုခံကျ/ကာလသားနှင့် ငှက်ဖျားရောဂါ ဖြစ်ပွားသူများအပါအဝင် အခြားသော ရောဂါအမျိုးမျိုးဖြစ်ပွားသူများ ဆေးကုသမှုခံယူရန်နှင့် ဆေးဝါးပြတ်လပ်မှု မရှိစေရေးလုပ်ငန်းများသည် အထူးအရေးကြီးပါကြောင်း၊ သေချာစွာမကိုင်တွယ်နိုင်ပါက ကိုဗစ်-၁၉ ပြီးနောက် ဤရောဂါ (၃) မျိုး ဖြစ်ပွား၊ သေဆုံးမှုများ မြင့်တက်လာနိုင်သည်ဟူသော အချက်ကို ကြိုတင်ခန့်မှန်းမိသဖြင့် လိုအပ်သည်များကို မိမိတို့ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကိစ္စရပ်များအတွက်လည်း မြန်မာနိုင်ငံရှိ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် ဆေးနှင့်ဆေးပစ္စည်း ၈၇ မျိုးအား ဝယ်ယူပေးသည့်အတွက် မိမိတို့ များစွာအဆင်ပြေပါကြောင်း၊ ကျန်ရှိသော အထူးကြပ်မတ်ကုသဆောင်သုံး အသက်ရှူစက် (ICU Ventilator) ၉၅ ခုအား အမြန်ရရှိရန် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ယနေ့ ဆွေးနွေးမှုများ ပြုလုပ်ရာတွင် ဝန်ကြီးဌာနနှင့် UNOPS တို့အကြား ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုဆိုင်ရာ တွေ့ရှိရသည့် အားနည်းချက်များနှင့် အားသာချက်များအား ပွင့်လင်းစွာ ဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

### ဆက်လက်ပံ့ပိုးသွားမည်

ထို့နောက် UNOPS ဒေသဆိုင်ရာရုံးမှ Programme Director ဖြစ်သူ Dr. Attila Molnar က ယခင် Global Fund ရန်ပုံငွေများအနက်မှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၁ သန်းကို သုံးစွဲရန် သဘောတူညီခဲ့မှု၊ ထို့ပြင် Global Fund ၏ ရန်ပုံငွေစနစ်သစ်ဖြင့် C19RM ပံ့ပိုးမှုအောက်မှ အမေရိကန်ဒေါ်လာ ၁၈ သန်းကိုလည်း ထပ်မံပံ့ပိုးရန် သဘောတူညီခဲ့မှု၊ အဆိုပါ ပံ့ပိုးငွေများဖြင့် ဝယ်ယူထားသည့် ဆေးနှင့်ဆေးပစ္စည်းများ စာရင်းကိုတင်ပြခြင်း၊ Global Fund ၏ ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်တွင် မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ Global Fund ၏ ရန်ပုံငွေထောက်ပံ့မှု (၂၀၂၁-၂၀၂၃) အတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ Global Fund ၏ ရန်ပုံငွေထောက်ပံ့မှု သဘောတူညီချက်အား ယခုနှစ် ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးသွားရန် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလဖြစ်သဖြင့် နိုင်ငံတကာမှ ဆေးနှင့်ဆေးပစ္စည်း အများအပြားဝယ်ယူလျက်ရှိသောကြောင့် ဆေးနှင့်ဆေးပစ္စည်းများ ပံ့ပိုးရေးအတွက် ဝယ်ယူရာတွင် ကြန့်ကြာမှုများရှိခဲ့ပါကြောင်း၊ ယခု အသွားအလာကန့်သတ်သည့်ကာလ၌ ဆေးနှင့်ဆေးပစ္စည်းများကို တိုင်းဒေသကြီး/ပြည်နယ် တစ်ခုမှတစ်ခုသို့ ပို့ဆောင်ရာတွင် ပို့ဆောင်သွားလာခွင့်ရရှိစေရေးကို ဆောင်ရွက်ပေးစေလိုပါကြောင်း၊ RT PCR နည်းစနစ်ဖြင့် ဓာတ်ခွဲစစ်ဆေးရာတွင် အသုံးပြုရသည့် ဓာတ်ခွဲပစ္စည်းများသည် ရရှိနိုင်မှုအခြေအနေ အကန့်အသတ်ရှိသဖြင့် ယခုအခါ မြန်မာနိုင်ငံတွင် Antigen Test Kit ကို အသုံးပြုစစ်ဆေးနေခြင်းသည် ကောင်းမွန်ပါကြောင်း၊ ကျန်ရှိသော ရန်ပုံငွေများဖြင့် Antigen Test Kit များ ဝယ်ယူလိုပါက ဝယ်ယူပေးမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တီဘီ၊ ခုခံကျ/ကာလသားနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်အောင်မြင်နေသည့် အပြင် ပေးပို့သော စီမံကိန်းအဆိုပြုလွှာများမှ အရည်အသွေးပြည့်မီသည်ကို တွေ့ရှိရသဖြင့် မိမိတို့ UNOPS မှ ဂုဏ်ယူပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် UNOPS အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှု ကောင်းမွန်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိသည့် Myanmar Health Sector Coordinating Committee ၏ ဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းများအား ဆက်လက်ပူးပေါင်း ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### တိုက်ဆိုင်စစ်ဆေးလျက်ရှိ

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်အရေးကြီးသဖြင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် UNOPS မှ တာဝန်ရှိသူများ အနည်းဆုံး တစ်လတစ်ခါ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးမှုများ ပြုလုပ်သွားရန်လိုအပ်ပါကြောင်း၊ ဓာတ်ခွဲနမူနာများအား Antigen Test Kit များ အသုံးပြုစစ်ဆေးရာတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်း (ရန်ကုန်) မှ RT-PCR စက်နှင့် ချိန်ထိုး၍ အဖြေရလဒ်တိုက်ဆိုင်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တိုင်းဒေသကြီး/ ပြည်နယ် တစ်ခုမှ တစ်ခုသို့ ပို့ဆောင်ရာတွင် ပို့ဆောင်ခွင့်များရရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ကာ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကုသရေးဦးစီးဌာန၏ ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူရန် ဘဏ္ဍာငွေကို ယခင်နှစ်က ဘီလီယံ ကျပ် ၁၅၀ မှ ယခုနှစ်တွင် ဘီလီယံ ကျပ် ၃၀၀ အထိ တိုးမြှင့်ခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူရန် ဘဏ္ဍာငွေကိုလည်း တိုးမြှင့်ချထားခဲ့ပါကြောင်း၊ Global Fund ၏ ရန်ပုံငွေထောက်ပံ့မှု သဘောတူညီချက်အား ယခုနှစ် ဒီဇင်ဘာလတွင် အချိန်မီလက်မှတ်ရေးထိုးသွားနိုင်ရေး ဆောင်ရွက်ရန်ကိစ္စရပ်များနှင့်ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ တာဝန်ရှိသူများနှင့် အသေးစိတ်ညှိနှိုင်းမှုများ လုပ်ဆောင်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စက်တင်ဘာ ၃၀ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ်-၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည် -**

ထက်လျှံ

**အစီအစဉ်မှူး။** ။ ယခုလက်ရှိမြန်မာနိုင်ငံတွင် ရန်ကုန် တိုင်းဒေသကြီးနဲ့ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှာ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုနှုန်း မြင့်တက်နေတဲ့ကာလ ဖြစ်ပါတယ်။ နိုင်ငံတော် အစိုးရအနေနဲ့လည်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်တွေကို ကြိုးပမ်းလုပ်ဆောင်လျက် ရှိနေတာကိုလည်း မိဘပြည်သူများ အတွေ့အမြင်ပဲ ဖြစ်ပါတယ်။

**ဖြေကြားဆွေးနွေး**

ဒီလိုဆောင်ရွက်နေစဉ်မှာလည်း အများပြည်သူတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်လို့ သိရှိလိုတာတွေလည်း တိုးမြင့်လာနေပြီလို့ သိရပါတယ်ရှင်။ ဒါကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ပူးပေါင်းပြီး ရုပ်မြင်သံကြား အမေး/အဖြေကဏ္ဍကို တင်ဆက်ပေးဖို့ လမ်းညွှန်ချက်ပေးခဲ့တာကြောင့် နည်းပညာပိုင်းဆိုင်ရာ ကူညီအကြံပြုအားဖြည့် ဆောင်ရွက်နိုင်ရေး အဖွဲ့မှ ပါမောက္ခကြီးတွေ၊ အငြိမ်းစားပါမောက္ခကြီးတွေနဲ့ သမားတော်ကြီးတွေက ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်လို့ မိဘပြည်သူတွေ သိရှိလိုတဲ့ မေးခွန်းတွေကို ဖြေကြားဆွေးနွေးပေးသွားကြမှာ ဖြစ်ပါတယ်။

ဒီနေ့အတွက် မေးမြန်းဖြေကြားဆွေးနွေးမှုမှာတော့ ပါမောက္ခဒေါက်တာဦးရဲမြ (သွေးရောဂါအထူးကုဆရာဝန်ကြီး)၊ ပါမောက္ခ ဒေါက်တာဦးစိုးလွင်ငြိမ်း (ကူးစက်ရောဂါ အကြံပေး ပညာရှင်)နဲ့ ဒေါက်တာဒေါ်သီတာလှ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန)တို့က ပါဝင်ဆွေးနွေးပေးကြမှာ ဖြစ်ပါတယ်။ ဆရာကြီးတို့/ဆရာမကြီးတို့ အားလုံး မင်္ဂလာပါရှင်။ ဟုတ်ကဲ့ပါ ပထမဆုံးအနေနဲ့ ဒီနေ့ဆွေးနွေးပွဲမှာ ပါဝင်ပြီးတော့ ဆွေးနွေးပေးတဲ့အတွက် ဆရာကြီး/ဆရာမကြီးတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားပါရစေရှင်။ ဒီနေ့ရဲ့ ဆွေးနွေးမှုတွေကို စတင်ဖို့အတွက် ဆရာမကြီးကနေ ဦးဆောင်ဆွေးနွေးပေးဖို့အတွက် ဖိတ်ခေါ်အပ်ပါတယ်။

**ဒေါက်တာဒေါ်သီတာလှ။** ။ ကျေးဇူး တင်ပါတယ်။ မြန်မာ့ရုပ်မြင်သံကြား ကြည့်ရှုနေတဲ့ ပြည်သူများ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ အဓိကတာဝန်ထမ်းဆောင်တာက နေပြည်တော်မှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ကုသ ထိန်းချုပ်ရေးလုပ်ငန်းတွေမှာ ရန်ကုန်တိုင်းဒေသကြီး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ အကြား ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်နိုင်ဖို့ အတွက် ကုသရေးဦးစီးဌာနရဲ့ အဖွဲ့ခေါင်းဆောင်အနေနဲ့ ရန်ကုန်မြို့ကို စက်တင်ဘာ ၁၅ ရက်ကတည်းက ရောက်ရှိပြီး ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းတွေကို ထမ်းဆောင်နေတာ ဖြစ်ပါတယ်။

**ပါဝင်ဖြေကြား**

ယနေ့အစီအစဉ်အရ ကျွန်မတို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန Facebook Page မှာ မေးမြန်းထားတဲ့ မေးခွန်းတွေ အပေါ်မှာ ပြည်သူများသိရှိဖို့အတွက် ပြန်လည်ဖြေကြားပေးမယ့် အစီအစဉ်ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ ကျွန်မရဲ့ဆရာကြီးများ ဖြစ်တဲ့ ဆရာကြီး ဦးရဲမြနဲ့ ဆရာကြီး ဦးစိုးလွင်ငြိမ်းတို့ နှစ်ဦးကအတူပါဝင်ပြီး ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ မေးခွန်းတွေက များတဲ့အတွက် တူရာ၊ တူရာ မေးခွန်းတွေကို ပေါင်းစပ်ပြီးတော့ ဒီထဲကမှ ယနေ့အခြေအနေနဲ့ ကိုက်ညီတဲ့၊ ပြည်သူတွေသိချင်တဲ့ မေးခွန်းများကို ရွေးထုတ်ထားတာ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ဆရာကြီး ဦးရဲမြရှင့်၊ ရွေးချယ်ထားတဲ့ မေးခွန်းများအနက် အနံ့မရတာနဲ့ပတ်သက်ပြီး မေးခွန်းက အများဆုံးဖြစ်တာကို စစ်ဆေးတွေ့ရှိရပါတယ် ဆရာကြီးရှင့်။

ဒီမေးထားတဲ့ မေးခွန်းတွေမှာတော့ အနံ့ပျောက်တိုင်း ကိုဗစ်-၁၉ ဖြစ်လာနိုင်လား။ အနံ့နဲ့ပတ်သက်ပြီးတော့ ဘာမှမရတော့တာလား။ အနံ့နဲ့အရသာပါတွဲပြီး ပျောက်တာလား။ ဒီရာသီမှာက မိုးမိပြီး ရာသီတုပ်ကွေးလည်းဖြစ်နိုင်တော့ ရာသီတုပ်ကွေးကရော အအေးမိ နှာစေးအနံ့ပျောက်လား စသဖြင့် မေးမြန်းထားတာ ဖြစ်ပါတယ်။ ဒီမေးခွန်းကိုလည်း ဖြေကြားပေးဖို့အတွက် ဆရာကြီးကို မေတ္တာရပ်ခံပါတယ်။




ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာနှင့်စပ်လျဉ်း၍ ဒေါက်တာ ဒေါ်သီတာလှ၊ ပါမောက္ခ ဒေါက်တာရဲမြ၊ ပါမောက္ခ ဒေါက်တာ စိုးလွင်ငြိမ်းနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့ အွန်လိုင်းဆွေးနွေးပွဲကျင်းပစဉ်။

တော်တော်လေးကို များပါတယ်။

ဒါပေမယ့် တစ်ခု သတိထားရမှာက နဂိုကတည်းကိုက ကျွန်တော်တို့နှာခေါင်းပိတ်တတ်တဲ့ ရောဂါရှိတယ်။ ခဏခဏ နှာစည်းတယ်၊ နှာချေတဲ့ ရောဂါရှိတယ်။ ဒီလူတွေက အနံ့နဲ့ ပတ်သက်ပြီး လျော့နည်းနေတာလေးတွေတော့ ရှိနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော် ဆိုလိုတာက အခုမှဖြစ်တဲ့ဟာ၊ သိသိသာသာ ဖြစ်လာတာက အရေးကြီးပါတယ်။ ဒီမှာအနံ့လုံးဝပျောက်ဆုံးသွားတဲ့သူရှိသလို အနံ့ကို ခါတိုင်းလောက် မခံစားနိုင်တာ လျော့သွားတဲ့ဟာတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့က အနံ့ပျောက်သွားပြီဆိုရင် စောစောက ပြောသလို ကပ်ရောဂါအချိန်မှာ အခုချက်ချင်းဖြစ်တာဆိုရင် အင်မတန်သတိထားဖို့ လိုပါတယ်။

**Rapid Test Kit နဲ့ စစ်ပြီးတဲ့အခါ ခုနက အနံ့မရတဲ့ ရောဂါလက္ခဏာတစ်ခုပဲရှိတယ်။ ဒါပေမယ့် ဓာတ်ခွဲအတည်ပြုလူနာ ဖြစ်သွားပြီဆိုရင် ယခင်လိုမျိုး ဝေဘာဂီ၊ တောင်ဥက္ကလာ၊ ဖောင်ကြီး ပြီးတော့ အခု ကျွန်မတို့ရဲ့ Medical Center အသစ်တွေကို ပို့ဆောင်မယ့်အစား ကျွန်မတို့က မိမိနေထိုင်ရာ မြို့နယ်တစ်နည်းအားဖြင့် လာရောက်ပြသတဲ့ ဆေးရုံနဲ့အနီးဆုံး သို့မဟုတ် မိမိနေထိုင်ရာမှာ အနီးဆုံးရှိတဲ့ အနံ့မရစင်တာမှာထားရှိပြီး လိုအပ်တဲ့ ကုသမှုတွေပေးသွားမှာဖြစ်။**

**ပါမောက္ခဒေါက်တာဦးရဲမြ။** ။ ဟုတ်ကဲ့ အခု ဒုတိယ လှိုင်းမှာ ရောဂါပိုးကူးစက်ခံရတဲ့ လူတွေများလာတာနဲ့အမျှ နောက်ပိုင်းမှာ အနံ့မရဘူးဆိုတဲ့ လက္ခဏာတစ်ခုက သိသိသာသာ ထွက်လာတာပေါ့။ တစ်နေ့တစ်နေ့ကို ရာဂဏန်းအထိ တောင်မှ တွေ့လာရတာ ဖြစ်တယ်။ အဲဒီတော့ ဒီကိုဗစ်-၁၉ မှာ အနံ့ မရတာဟာ အရေးကြီးတဲ့ လက္ခဏာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအနံ့မရတဲ့ လက္ခဏာကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထည့်သွင်းဖော်ပြထားပြီး ဖြစ်ပါတယ်။

**တော်တော်လေးထူးခြား**

ကျွန်တော်တို့ ဒီအချိန်ကာလမှာ ဒီလို အနံ့မရတာဟာ တော်တော်လေး ထူးခြားပါတယ်။ အထူးသဖြင့် ပြီးခဲ့တဲ့ ရက်ပိုင်းလေး အတွင်းမှာ စပြီးဖြစ်တာဆိုရင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ဖို့ တော်တော်လေးများပါတယ်။ ရှင်းရှင်းပြောရရင် အခုမှဖြစ်တာ အခုမှ သိတာဆိုရင် စစ်လိုက်လို့ရှိရင် ပိုးတွေ့တာ

ဒါကို ဆေးရုံ၊ ဆေးခန်းပြသဖို့လည်း လိုပါလိမ့်မယ်။ အဲဒီတော့ ကျွန်တော်တင်ပြသလိုပဲ တော်တော်များများဟာ နှာခေါင်းတို့ဖတ်ယူလို့ရှိရင် ပိုးတွေ့ရှိရပါတယ်။ အရသာပျောက်ဆုံးတာနဲ့လည်း တွဲဖြစ်တတ်ပါတယ်။ နောက်ပြီးတော့မှ ချောင်းဆိုးတာတို့၊ မောတာတို့နဲ့လည်း တွဲဖြစ်တတ်ပါတယ်။ များသောအားဖြင့် အနံ့ပျောက်တာတစ်ခုတည်းဆိုရင် ကျွန်တော်တို့က အခြေအနေ တော်တော်လေးကောင်းတယ်ပေါ့။ တော်တော်များများက ပြန်ပြီးတော့ ကောင်းသွားကြပါတယ်။

ဒါပေမယ့် ဒီအနံ့ပျောက်တယ်ဆိုထဲက ကူးစက်ခံရတယ်လို့ ယူဆတဲ့အတွက် တခြားသူတွေကို ကူးစက်နိုင်တဲ့ အန္တရာယ်ရှိလာနိုင်တော့ ဒီအနံ့ပျောက်တဲ့သူတွေနဲ့ ပတ်သက်ပြီး ရောဂါ ကာကွယ်ဖို့အတွက်၊ ရောဂါထိန်းချုပ်ဖို့ အတွက် ကျွန်တော်တို့ရဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အခုကာလမှာ ချမှတ်ထားတာရှိပါတယ်။ ဒါလေးတွေကိုတော့ ဒေါ်သီတာလှကပဲ နည်းနည်း ပြန်ရှင်းပြပေးပါ။

**ဒေါက်တာဒေါ်သီတာလှ။** ။ ဟုတ်ကဲ့ပါရှင်၊ အခုလို ရှင်းပြပေးသွားတာ ကျေးဇူးတင်ပါတယ်။ ပြည်သူများအနေနဲ့ကလည်း ပိုမိုပြီးတော့ ရှင်းလင်းစွာ နားလည်သဘောပေါက်မယ်လို့ ထင်ပါတယ်။ တစ်နိုင်ငံလုံးမှာ ဒီရောဂါပိုးရှိသူများရဲ့ လက္ခဏာများအနက် ၅၆ ရာခိုင်နှုန်းခန့်က အနံ့မရတာဖြစ်တယ်လို့ ကျွန်မတို့ရဲ့ လေ့လာချက်များအရ၊ စစ်ဆေးတွေ့ရှိချက်များအရ သိရပါတယ်။

**နာရီဝက်အတွင်းအဖြေရ**

ဒါကြောင့်မို့ ကျွန်မတို့ ဒီအနံ့မရတာနဲ့ ပတ်သက်ပြီး တစ်နေ့တစ်နေ့ ဆေးရုံတွေကို လာပြီးပြတဲ့ စောင့်ကြည့်လူနာ/သံသယလူနာ အရေအတွက်က များလာပါတယ်။ ဒီလိုများလာတဲ့အတွက်ကြောင့်မို့ အလျင်အမြန် စစ်နိုင်တဲ့ နာရီဝက်အတွင်းမှာ အဖြေရနိုင်တဲ့ Antigen Rapid Test Kit ကို ကျွန်မတို့ ဒီနေ့မှာ စပြီးသုံးလို့ရပါပြီ။ ဒီနေ့သုံးတာလည်း ကျွန်မတို့ ရန်ကုန်မြို့ပေါ်က ဆေးရုံကိုးရုံမှာ စတင်ပြီး အသုံးပြုတာဖြစ်ပါတယ်။ အဲဒီ ဆေးရုံ ကိုးရုံက ဗဟိုအဆင့် ဆေးရုံကြီး ငါးရုံ၊ တိုင်းဒေသကြီးအဆင့် ဆေးရုံ လေးရုံ အားလုံး ကိုးရုံပါ။ ကျွန်မတို့ အသုံးပြုနေပါပြီ။ ဒီနေ့စပြီး သုံးနေတာဖြစ်ပါတယ်။

ဒီဗဟိုအဆင့်ဆေးရုံကြီး ငါးရုံကတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၊ အင်းစိန်ပြည်သူ့ဆေးရုံကြီး၊ သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးနဲ့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ဂျပန်ဆေးရုံကြီး)တို့ဖြစ်ပါတယ်။ နောက် တိုင်းဒေသကြီးအဆင့် ဆေးရုံတွေက အရှေ့ပိုင်းဆေးရုံကြီး၊ အနောက်ပိုင်းပြည်သူ့ဆေးရုံကြီး၊ သန်လျင်နဲ့ လှိုင်သာယာပေါ့နော်။

ဒီဆေးရုံကိုးရုံမှာ ကျွန်မတို့ Antigen Rapid Test Kit ကိုသုံးပြီး စစ်ဆေးပေးနေပါတယ်။ အဲဒီအတွက်လည်း ကျွန်မတို့ ယခင်ထက်စာရင် အခုဆေးရုံတွေမှာ PUI လို့ခေါ်တဲ့ စောင့်ကြည့်လူနာတွေ များပြားတဲ့အတွက်ကြောင့်မို့ ပြည်သူတွေစိုးရိမ်နေကြတဲ့ တစ်ဦးကနေ နောက်တစ်ဦးကို ကူးစက်သွားတာ၊ ပိုးတွေ့ပြီဆိုရင်လည်း အချိန်မီခေါ်နိုင်ခြင်း မရှိတာတွေကိုလည်း ဒီပြဿနာတွေကို ကျွန်မတို့ ဖြေရှင်းနိုင်တဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ယခင်က အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနတွေ၊ နောက်ဆေးရုံတွေမှာ ရှိတဲ့ ဓာတ်ခွဲခန်းတွေ၊ နောက်ရန်ကုန်/မန္တလေးကို တိုးချဲ့ပြီးတော့ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနတွေမှာ ကျွန်မတို့ စစ်ပေးနေပေမယ့် အချိန်က ယူရပါတယ်။ အခု Rapid Test Kit ဆိုတော့ ဒီပြဿနာတွေကို ဖြေရှင်းသွားနိုင်မှာ ဖြစ်ပါတယ်။ ဒါလေးကို ပြည်သူများကို အသိပေးလိုပါတယ်။

**အနံ့မရစင်တာမှာထားရှိ**

ဒီ Rapid Test Kit နဲ့ စစ်ပြီးတဲ့အခါ ခုနက အနံ့မရတဲ့ ရောဂါလက္ခဏာတစ်ခုပဲ ရှိတယ်။ ဒါပေမယ့် ဓာတ်ခွဲအတည်ပြုလူနာ ဖြစ်သွားပြီဆိုရင် ယခင်လိုမျိုး ဝေဘာဂီ၊ တောင်ဥက္ကလာ၊ ဖောင်ကြီး ပြီးတော့ အခု ကျွန်မတို့ရဲ့ Medical Center အသစ်တွေကို ပို့ဆောင်မယ့်အစား ကျွန်မတို့က မိမိနေထိုင်ရာ မြို့နယ် တစ်နည်းအားဖြင့် လာရောက်ပြသတဲ့ ဆေးရုံနဲ့အနီးဆုံး သို့မဟုတ် မိမိနေထိုင်ရာမှာ အနီးဆုံးရှိတဲ့ အနံ့မရစင်တာမှာ ထားရှိပြီး လိုအပ်တဲ့ကုသမှုတွေ ပေးသွားမှာ ဖြစ်ပါကြောင်း ပြည်သူများကို သိရှိစေရန် အစီရင်ခံလိုပါတယ်။ အဲဒီအနံ့မရတဲ့ လူနာထားရှိရာနေရာ (Anosmia Center)တွေမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ ကျွန်မတို့ ကျန်းမာရေးအဖွဲ့က ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်ရှင့်။

နောက်မေးခွန်းတစ်ခုနဲ့ ပတ်သက်ပြီးတော့ ကျွန်မ မေးမြန်းလိုတာက ဒီနေ့ နံနက် ၈ နာရီအထိ သေဆုံးလူနာဦးရေ ၂၇၇ ဦးရှိပြီ ဖြစ်ပါတယ်။ ကျွန်မတို့ ဓာတ်ခွဲအတည်ပြုလူနာက ၁၁၈၄၉ ဦးဖြစ်တဲ့အတွက်ကြောင့်မို့ သေဆုံးမှု ၂ ဒသမ ၃၃ ရာခိုင်နှုန်းရှိပါတယ်။ ဒါကြောင့် ဒီမေးခွန်းထဲမှာလည်း ဒီလူတွေက ခုနကလို သေတဲ့အတွက် တအားကြောက်နေကြတော့ ဒီသေဆုံးနှုန်းနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခုဖြစ်တဲ့ လက်ရှိသေဆုံးနှုန်းကို လျှော့ချနိုင်အောင် ဘာတွေလုပ်ဆောင်နေပါလဲ။ ရောဂါအခံရှိသူက ကိုဗစ် ကူးပြီဆိုတာနဲ့ သေရတော့မှာလား။ ရောဂါအခံရှိသူ ကူးစက်ခံရချိန်မှာ မသေအောင် ဘာတွေလုပ်သင့်လဲ။ အဖြေက သေပြီးမှ သိရတာထက် မသေခင်သိရမယ့် နည်းလမ်းကရော ဘာတွေရှိသလဲ ဆိုပြီး မေးထားပါတယ်။ ဒီမေးခွန်းကိုလည်း ဆရာကြီးအနေနဲ့ ဖြေကြားပေးစေလိုပါတယ်။

**ပါမောက္ခဒေါက်တာရဲမြ။** ။ ဟုတ်ကဲ့၊ ကျေးဇူး တင်ပါတယ်ခင်ဗျာ။ ၁၂၂၇၇ ရှိတော့ ၂ ဒသမ ၃ ရာခိုင်နှုန်းပေါ့။ ဆေးရုံတက်တဲ့သူတွေထဲက ၂ ဒသမ ၃ ရာခိုင်နှုန်း သေတာဖြစ်ပါတယ်။ ဒီထက်များ ကျယ်ကျယ်ပြန့်ပြန့် စစ်နိုင်မယ်ဆိုရင် နေကောင်းတဲ့သူတွေလည်း ပိုးရှိတယ်။ သို့သော်လည်း နေကောင်းတဲ့သူတွေလည်း အများကြီး ပေါ်လာနိုင်တာဖြစ်တဲ့အတွက် ဒီထက်လည်းနည်းနိုင်တယ်။

သို့သော်လည်း ၂ ဒသမ ၃ ရာခိုင်နှုန်းကို နည်းနည်းလေးနှိုင်းယှဉ်ပေးပါရစေ။ တရုတ်ပြည်မှာ စဖြစ်တုန်းကဆိုရင် ၅ ရာခိုင်နှုန်းလောက် သေဆုံးမှုရှိပါတယ်။ အီတလီဆိုရင်လည်း ၁၁ ရာခိုင်နှုန်း လောက်ရှိတယ်။ ယူကေဆိုရင်လည်း စဖြစ်တုန်းက ၁၀ ရာခိုင်နှုန်းလောက်ရှိတယ်။ လောလောဆယ် ထိုင်းမှာဆိုရင် ၁ ဒသမ ၇ ရာခိုင်နှုန်းရှိတယ်။ ဗီယက်နမ်ကတော့ ထိန်းချုပ်သွားနိုင်ပြီဆိုပေမယ့် ၃ ဒသမ ၃ ရာခိုင်နှုန်းလောက်ရှိတယ်။ ကျွန်တော်တို့က ဒီလှိုင်းအနေနဲ့ ဝင်လာတဲ့အခါ အများဆုံး ဒီလှိုင်းရိုက်ခတ်ခံရတာက အသက်ကြီးတဲ့သူတွေရယ်၊ အခြေခံရောဂါရှိတဲ့သူတွေရယ် အရင်ဆုံး ဒီလှိုင်းရဲ့ ဒဏ်ကို ခံရတာဖြစ်တယ်။

**စာမျက်နှာ ၁၀ သို့** ✪

# ကိုဗစ်-၁၉ အမေး / အဖြေ

❂ စာမျက်နှာ ၉ မှ

သေဆုံးနေတဲ့သူတွေမှာ ကြည့်လိုက်မယ်ဆိုရင် အသက်ကြီးတဲ့သူတွေရယ်၊ အဓိက အခြေခံရောဂါရှိတဲ့သူတွေရယ် များပါတယ်၊ အသက် ၉၀ နဲ့ လူနာတစ်ယောက်လာတယ် အသက်ကလည်း သိပ်ကြီးတယ်၊ အခြေခံရောဂါလည်းရှိတယ်၊ ဒီလိုပဲ ကျောက်ကပ်အလုပ်မလုပ်ဘဲ ကျောက်ကပ်ဆေးနေရတဲ့သူတွေ ရှိတယ်။ ဆီးကလည်း သိပ်မထွက်တော့ဘူး။ အဲဒီအချိန်မှာ ဆေးရုံရောက်လာတယ်။ အစွမ်းကုန် ကြိုးစားတယ်၊ မမီလိုက်ဘူး။

အသက် ၈၈ နှစ်ရှိတယ်။ ဆေးရုံရောက်ပြီး နာရီပိုင်းအတွင်းမှာ သေဆုံးသွားတယ်။ ဒီလို လှိုင်းရိုက်ခတ်တဲ့အခါ ရောဂါအနေနဲ့က အင်မတန် အားနည်းတဲ့သူတွေကို အဓိက ထိခိုက်သွားတာပေါ့။ အသက်ကြီးတဲ့သူတွေ၊ ရောဂါအခြေခံရှိတဲ့သူတွေဖြစ်နေပါတယ်။ အဓိက သေဆုံးနေတာ အဲဒီလိုတွေ ဖြစ်နေပါတယ်။

### တော်တော်လေးခက်ခဲ

အီတလီမှာဆိုရင် သေဆုံးမှုနှုန်းတွေက အတော်များတယ်။ တစ်ခါတလေ ၂၀ ရာခိုင်နှုန်းတွေတောင် ဖြစ်တယ်ဆိုတော့ အသက်ကြီးတဲ့သူတွေ သိပ်များလို့ဖြစ်ပါတယ်၊ အဲဒီလူတွေက ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားသော်လည်း အခြေခံရှိတဲ့အခါ ရောဂါတွေက သိပ်ပြင်းထန်နေတဲ့အခါ ဒီကိုရိုနာဗိုင်းရပ်စ်ကြီး ဝင်လာတဲ့အခါကျတော့ ပိုပြီးတော့ ဆိုးသွားတာပါ။ ဒီဟာကတော့ တော်တော်လေးခက်ခဲပါတယ်၊ နိုင်ငံတိုင်းမှာ ဖြစ်နေတဲ့ အခြေအနေပေါ့။

နောက်တစ်ခုက ကျွန်တော်တို့ဆီကို ရောက်တဲ့အခြေအနေက သိပ်နောက်ကျတဲ့ အခြေအနေပါ။ ဒီနေ့ သတင်းစာထဲမှာပဲ အယောက် ၃၀ သေဆုံးတဲ့အထဲမှာ ၁၅ ယောက်က ဆေးရုံရောက်တဲ့အခါမှာ သေဆုံးနေပြီ။ အဲဒီနောက်ကျတဲ့ကိစ္စလည်း ရှိတယ်။ ဆေးရုံမသွားချင်ဘူး။ အိမ်မှာ ၄/၅ ရက် စောင့်ကြည့်လိုက်ဦးမယ်။ အဲဒီမှာတင် တော်တော်လေး နောက်ကျသွားရော။ ဒီရောဂါက သိပ်မြန်တယ်။ မသင်္ကာဖြစ်တာနဲ့ကို အစမ်းသပ်ခံဖို့ လိုပါတယ်။ ဆေးရုံကြောက်တယ်ဆိုပြီး ရှောင်နေဖို့ မဟုတ်ဘဲ မြန်မြန်ရောက်ရှိဖို့လိုပါတယ်။ အဲဒီလို ရောက်တာနောက်ကျတဲ့ အပိုင်းလေးတွေလည်း ပါပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အစွမ်းကုန် ပြင်ဆင်ထားပါတယ်။ ရောဂါဖြစ်တာနဲ့ သေတော့မလားဆိုရင်တော့ မသေပါဘူး။ ဝူဟန်မှာတော့ သူတို့က ထောင်နဲ့သောင်းနဲ့ သိန်းနဲ့ချီပြီးဖြစ်တဲ့အခါ အဲဒီကထွက်လာတဲ့ ကိန်းဂဏန်းတွေအရ ကူးစက်ခံရပြီဆိုရင် ၈၀ ရာခိုင်နှုန်းက ရောဂါလက္ခဏာမပေါ်ဘူး။ ရောဂါလက္ခဏာ နည်းနည်းပါးပါးပဲ ဖြစ်မှာပါ။ များသောအားဖြင့် ၈၀ ရာခိုင်နှုန်းက သိပ်ကြီးတော့ အန္တရာယ်မဖြစ်ပါဘူး။ ကျွန်တော် စောစောကပြောတာက အသက်ကြီးတဲ့သူတွေပဲဖြစ်တယ်လို့ ပြောပေမယ့် တစ်ခါတစ်ရံမှာ အသက်ငယ်တဲ့သူတွေလည်း သေဆုံးတာတွေ တွေ့ရတော့ နည်းနည်းတော့ သတိထားဖို့လိုပါတယ်။ ၁၀၀ မှာ ၈၀ ရာခိုင်နှုန်းက ရောဂါလက္ခဏာ နည်းနည်းပဲပေါ်ပြီး ၁၀၀ မှာ ၂၀ ကတော့ ရောဂါလက္ခဏာ နည်းနည်းများတယ်။ ပြီးရင် အဲဒီမှာ ၁၀၀ မှာ ၅ ယောက်ကတော့ အပြင်းအထန်ကုသပေးရတယ်၊ ICU လို့ခေါ်တာပေါ့ အပြင်းအထန် ကုသတဲ့နေရာမှာ ထည့်ပြီး နှစ်ယောက်၊ သုံးယောက်လောက်ကတော့ သေဆုံးနိုင်တယ်ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ စောစောက ကျွန်တော်ပြောတဲ့ အခြေခံအကြောင်းတွေကြောင့်၊ အခြေခံရောဂါရှိတယ်၊ အသက်သိပ်ကြီးတယ်။

အခု လောလောဆယ်သေနှုန်းက ၂ ဒသမ ၃ ရာခိုင်နှုန်းဆိုတာ ဖြစ်နေတယ်။ အများစု ၈၀ ရာခိုင်နှုန်းဟာ ရောဂါလက္ခဏာ နည်းတယ်ဆိုပေမယ့် သူတို့ကို စောင့်ကြည့်ဖို့ လိုပါတယ်။ ဘာဖြစ်လို့လဲဆို အဲဒီအထဲက ၁၀ ရာခိုင်နှုန်း၊ ၁၅ ရာခိုင်နှုန်းက ရောဂါအပြင်းစားထဲကို ပြောင်းသွားနိုင်တယ်။ ဒါကြောင့်မို့လို့လည်း ကျွန်တော်တို့က ဆေးရုံတွေမှာ စောင့်ကြည့်ပြီး ထားတာပါ။ အခြားနိုင်ငံတွေမှာလည်း ဖြစ်ပါတယ်။ အိမ်ပြန်သွားပြီးမှလည်း သေသွားတာတွေ ရှိပါတယ်။

ဒါနဲ့ပတ်သက်ပြီး သွေးရည်ကြည်နဲ့ကုတာလေးကို တစ်ခါတည်း ဆက်ပြောလိုက်ပါတယ်။ တစ်ယောက် မေးထားတာတွေ့ပါတယ်။ သွေးရည်ကြည်တွေနဲ့ ကုနေရဲ့သားနဲ့ ဘာကြောင့် သေဆုံးတာလဲဆိုတာ။ ကျွန်တော် သွေးရည်ကြည်နဲ့ကုတဲ့အခါ ဩဂုတ် ၁၆ ရက် မတိုင်ခင်ပေါ့။ အဲဒီမှာ ကျွန်တော် ၈ ယောက် ကုပါတယ်။ ဒီ ၈ ယောက်စလုံးက နေကောင်းသွားပါတယ်။ အဲဒီတုန်းက လူနာဝင်တဲ့နှုန်းကလည်း သိပ်မများဘူး။ ကျွန်တော်တို့က စောင့်ကြည့်ပြီးတော့ ချက်ချင်းပဲ သွေးရည်ကြည် အကောင်းဆုံးရအောင် ကြိုးစားပေးတယ်။ သူတို့ကို အကောင်းဆုံးကုသပေးတယ်။ ဝိုင်းဝန်းပြီး လုပ်ပေးလို့ရတယ်ပေါ့လေ။ ကျွန်တော်တို့က သွေးရည်ကြည်လည်း ရလိုက်တယ်။ အဲဒီတော့ ၈ ယောက်စလုံး ကောင်းတယ်။

အခုဖြစ်နေတာက ကျွန်တော်တို့က အဆင်သင့်ပြင်ထားတယ်။ ဒါပေမယ့် အချိန်မီ မရောက်လာတာတို့ အဲဒါတွေဖြစ်တော့ ကျွန်တော်တို့က သွေးရည်ကြည်ပေးချင်တာတောင် မချိန်မီမရောက်လာတဲ့ အခြေအနေတွေ ရှိတယ်။ သွေးရည်ကြည်ပေးပြီး ကုထားတာ ၄၂ ယောက်ရှိပါတယ်။ ဒီ ၄၂ ယောက်ထဲမှာ ၃၁ ယောက်က တော်တော်လေး သက်သာလာပါပြီ။ သက်သာတယ်ဆိုတော့ အဲဒါ ၇၃ ရာခိုင်နှုန်းရှိတာပေါ့။ ၁၀ ယောက်မှာ ၇ / ၈ ယောက်လောက်က သွေးရည်ကြည်နဲ့တော့ ကယ်နိုင်သေးတယ်။

ဒါပေမယ့် ဘာဖြစ်လဲဆိုတော့ အဓိက ပြဿနာက သွေးရည်ကြည်ကို လူတိုင်းတော့ ပေးတာမဟုတ်ဘူး။ ရောဂါပြင်းထန်တဲ့သူကို ပေးတာဖြစ်ပါတယ်။ ၈၀ ရာခိုင်နှုန်းကတော့ သူ့ဟာသူ ကောင်းသွားတယ်၊ အဲဒီလိုလူနာကို ကျွန်တော်တို့က မပေးဘူး၊ ပေးဖို့မလိုဘူး။ ကျွန်တော်လောလောဆယ် အခက်အခဲလေး တစ်ခုရှိနေတာက သွေးရည်ကြည်ကို ရှာရတာ တော်တော်လေးခက်ခဲနေတယ်။

### ကယ်ထားတာ ၄၀ ကျော်ရှိ

သွေးရည်ကြည်ဆိုတာ ရောဂါဖြစ်ပြီး ပြန်ကောင်းတဲ့သူတွေ၊ ချက်ချင်းလည်းမယူဘူး။ များသောအားဖြင့် သူတို့ကိုယ်ခန္ဓာထဲမှာ ရောဂါတိုက်ဖျက်တဲ့ ပဋိပစ္စည်း Antibody ဆိုတာပါပါတယ်။ အဲဒီဟာကိုမှ ကျွန်တော်တို့က ပြန်သုံးချင်လို့ သွေးရည်ကြည်ကို ယူတာပေါ့။ ရောဂါ အခုဝင်နေတဲ့သူတွေ၊ ကွာရန်တင်းဝင်နေတဲ့သူတွေ၊ ဆေးရုံတက်နေတဲ့သူတွေ သူတို့ဆီက ကျွန်တော်တို့က တစ်လ / နှစ်လလောက်နေမှ သွေးရည်ကြည်ကို အသုံးပြုလို့ရမယ်။ သူတို့ရဲ့ ပဋိပစ္စည်းကလည်း သိပ်မတက်သေးဘူး။ လောလောဆယ်တော့ ကျွန်တော်တို့က ခက်ခက်ခဲခဲ ရှာရပါတယ်။ ဇပြီ၊ မေလက ဖြစ်တဲ့သူတွေဆီကနေ လိုက်ပြီးတော့ ဖုန်းဆက်တယ်။ မေတ္တာရပ်ခံတယ်။ သူတို့ဆီက အလှူခံနေတာ။ ကျွန်တော်တို့ ထပ်လိုနေပါတယ်။ အထူးသဖြင့် A သွေးအုပ်စု၊ AB သွေးအုပ်စုတို့ လိုတဲ့အတွက် ကျွန်တော်တို့ တော်တော် ခက်ခက်ခဲခဲလေး ရှာနေရတယ်။ အဲဒီတော့ သွေးရည်ကြည်လှူချင်တဲ့သူတွေ ရှိရင် ပြန်ကောင်းသွားတဲ့သူတွေက လှူကြပါ။ အသက်ကယ်နိုင်မှာ။ ကျွန်တော်တို့ အခု ကယ်ထားတာ ၄၀ ကျော်ရှိပါပြီ။

ပြီးတော့ အခုဖြစ်နေတဲ့သူတွေလည်း လှူကြပါ။ လူနာတွေက နောက်ကို လာနေဦးမှာပဲ နေ့ချင်းညချင်း ချက်ချင်းပျောက်သွားမယ့် ကိစ္စမဟုတ်ဘူး။ ကျွန်တော် ဒါလေးကို တင်ပြတာဖြစ်ပါတယ်။ လူတိုင်း ထိတ်လန့်ကြောက်ရွံ့နေဖို့တော့ မဟုတ်ဘူး။ အများစုက စောင့်ကြည့်ဖို့တော့လိုတယ်။ လူတိုင်း ဆက်လက်မကူးအောင် ကာကွယ်ဖို့လိုပါတယ်။ လူအများစုထဲမှာ ဒီရောဂါက ထပ်မပွားဖို့ပဲ။ အကောင်းဆုံးကာကွယ်တဲ့နည်းကတော့ ထပ်ပြီးတော့ အသေနှုန်းမတက်အောင်ဆိုရင် လူတိုင်း၊ လူတိုင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားချက်တွေကို လိုက်နာဖို့ ဒါဆိုရင် အသေနှုန်းကျသွားဖို့က ဒီနည်းလမ်းရှိပါတယ်။ ကျွန်တော်တို့က လောလောဆယ် နောက်ဆုံးပေါ် အကောင်းဆုံးဆေးတွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဝယ်ပေးနေပါတယ်။ အင်မတန်ဈေးကြီးတဲ့ဆေး၊ အမေရိကန်နိုင်ငံမှာ စပြီးပေါ်တဲ့ဆေး Remdesivir လိုဆေးမျိုးဆိုရင် အခုပဲသွင်းတယ်၊ အခုပဲသုံးတယ်။ အစွမ်းကုန် ကျွန်တော်တို့ ကြိုးစားနေပါတယ်။

> **ဇပြီ၊ မေလက ဖြစ်တဲ့သူတွေဆီကနေ လိုက်ပြီးတော့ ဖုန်းဆက်တယ်။ မေတ္တာရပ်ခံတယ်။ သူတို့ဆီက အလှူခံနေတာ။ ကျွန်တော်တို့ ထပ်လိုနေပါတယ်။ အထူးသဖြင့် A သွေးအုပ်စု၊ AB သွေးအုပ်စုတို့ လိုတဲ့အတွက် ကျွန်တော်တို့ တော်တော်ခက်ခက်ခဲခဲလေး ရှာနေရတယ်။ အဲဒီတော့ သွေးရည်ကြည်လှူချင်တဲ့သူတွေ ရှိရင် ပြန်ကောင်းသွားတဲ့သူတွေက လှူကြပါ။ အသက်ကယ်နိုင်မှာ။ ကျွန်တော်တို့ အခုကယ်ထားတာ ၄၀ ကျော်ရှိပါပြီ။**

**ဒေါက်တာသီတာလှ** ။ ။ ကျေးဇူးပါ ဆရာကြီးရှင်။ မိဘပြည်သူများလည်း ဆရာကြီးရဲ့ ဖြေကြားမှုအပေါ်မှာ ကျေနပ်ကြလိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်။ ကျွန်မတို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အပါအဝင် ကျန်တဲ့ ပူးပေါင်းဆောင်ရွက်သူများအားလုံးကလည်း သေဆုံးမှုကို အဓိကထားပြီး ကျွန်မတို့လည်း နေ့စဉ်နဲ့အမျှ သေစာရင်းတွေကို တွေ့ရတာ စိတ်မကောင်းကြီးစွာ ဖြစ်ရပါတယ်။ သေချာတာတစ်ခုက ကျန်းမာရေးဝန်ထမ်းတွေ အပါအဝင် ပူးပေါင်းဆောင်ရွက်သူတွေက မိမိအသက်ကို ပဓာနမထားဘဲ သတ္တိရှိစွာနဲ့ ဆောင်ရွက်ပေးနေကြ၊ ကုသပေးနေကြတဲ့အတွက် ကျွန်မအနေနဲ့ အထူးလေးစား ဂုဏ်ယူပါကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်။

ဆက်လက်ပြီး နောက်မေးခွန်းက ဆရာကြီးဦးစိုးလွင်ငြိမ်းကို မေးမြန်းခွင့်ပြုပါရှင်။ ဆရာကြီးရှင်၊ အခုမေးခွန်းများထဲက ဆရာကြီးအတွက် ရွေးထုတ်ထားတဲ့ မေးခွန်းလေးကို ကျွန်မ ဖတ်ပြပါမယ်။ အခု မြန်မာပြည်မှာ ကိုဗစ်ကို ကိုင်တွယ်နေပုံက US လိုမျိုး ပေါ်လစီလား၊ တရုတ်လိုမျိုး ပေါ်လစီလား။ ဟိုမရောက်ဒီမရောက် ဟိုလိုဒီလိုပေါ်လစီလား။ Containment ဗျူဟာကြီးနဲ့ ချနေတယ်ဆိုတာ ဘာလဲ။ လိုက်နာရမယ့်သူတွေ နားလည်အောင် အလင်းပြပါဦးဆရာ ဆိုပြီးမေးထားတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဆရာကြီး ဖြေကြားပေးစေလိုပါတယ်ရှင်။

**ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်း** ။ ။ အဓိကကတော့ မြန်မာနိုင်ငံရဲ့ COVID Management Policy နဲ့ ပတ်သက်ပြီး သူသိချင်လို့ မေးထားတာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ COVID Management Policy ကတော့ နိုင်ငံတော်အစိုးရနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ အဓိကဦးတည်ချက်ဖြစ်တဲ့ ကိုဗစ်နဲ့ ပတ်သက်ပြီးတော့ နံပါတ်တစ်ကတော့ ကိုဗစ်ရောဂါဖြစ်ပွားတဲ့ ဖြစ်ပွားမှုကို တတ်နိုင်သလောက် အနည်းဆုံးဖြစ်ဖို့နဲ့ ဖြစ်ပွားတဲ့လူတွေမှာလည်းပဲ သေဆုံးမှုမရှိအောင် ဆောင်ရွက်တာပါ။ နံပါတ်နှစ်ကတော့ ကျွန်တော်တို့ ကိုဗစ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်တာပါ။ ပြည်တွင်းမှာ ကူးစက်မှုမရှိအောင် နိုင်ငံတွင်းမှာ အခြားနေရာကို ကူးစက်မှုမရှိအောင် ဆောင်ရွက်တာပါ။

တတိယအချက်ကတော့ ကိုဗစ်ရောဂါကြောင့် နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး အခြေအနေတွေကို ထိန်းသိမ်းပြီး ဆက်လက်ပြီးတော့ ဆောင်ရွက်သွားနိုင်ဖို့ရယ်၊ နောက်တစ်ခုက နိုင်ငံရဲ့ အဓိက ဝန်ဆောင်မှုလုပ်ငန်းတွေ မရပ်တန့်သွားအောင်ပေါ့ ဒီလိုဦးတည်ချက်တွေနဲ့ ရေးဆွဲဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံရဲ့ COVID Management Policy ဖြစ်ပါတယ်။ တခြားနိုင်ငံတွေရဲ့ Policy တွေကို ကျွန်တော်တို့ ကူးချပြီးဆောင်ရွက်နေတာ မဟုတ်ပါဘူး။ တခြားနိုင်ငံတွေရော၊ ကမ္ဘာ့နိုင်ငံတွေ အားလုံးက ကမ္ဘာ့ကပ်ရောဂါနဲ့ ပတ်သက်ပြီး အခြေခံလိုက်နာရမယ့် ပြဋ္ဌာန်းချက်ရှိပါတယ်။

အဲဒါကတော့ International Health Regulation လို့ခေါ်တဲ့ နိုင်ငံတကာက လိုက်နာကျင့်သုံးရမယ့် ကျန်းမာရေးပြဋ္ဌာန်းချက်တွေပါ။ အဲဒီပြဋ္ဌာန်းချက်ကတော့ ဒီလိုကပ်ရောဂါတွေဖြစ်လာရင် နိုင်ငံတိုင်းက ဒီအပေါ်မှာ မူတည်ပြီး မူဝါဒတွေ ရေးဆွဲရမယ်၊ ပြီးရင် နည်းဗျူဟာတွေ ချမှတ်ဆောင်ရွက်ရတာဖြစ်ပါတယ်။

### တော်တော်စိတ်ဓာတ်တက်ကြွ

နံပါတ်တစ် ရည်ရွယ်ချက်ဖြစ်တဲ့ ရောဂါဖြစ်ပွားသေဆုံးမှု ကျဆင်းအောင် အခုဆိုရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ အနီးကပ်ကြီးကြပ်မှုနဲ့ ပြည်သူ့ကျန်းမာရေးဝန်ထမ်းတွေကလည်း တစ်ဖက်က Quarantine Site တွေမှာ ဆောင်ရွက်နေတယ်။ အဲဒီမှာ ကျွန်တော် ကျေးဇူးတင်ချင်တာက ရေရှည်ကြီး တကယ့်ရောဂါကူးနိုင်ခြေရှိတဲ့သူတွေနဲ့ ထိတွေ့ဆက်ဆံပြီး လုပ်နေရတဲ့ ရှေ့တန်းမှာ ပါဝင်ဆောင်ရွက်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ကူညီဆောင်ရွက်ပေးနေတဲ့ ပရဟိတဝန်ထမ်းတွေပါ။ တော်တော်လည်း စိတ်ဓာတ်တက်ကြွတယ်။ သူတို့အတွက် အသက်အန္တရာယ်ရှိတာကို သိရဲ့သားနဲ့ အနီးကပ်ဆောင်ရွက်ပေးနေတယ်။ ဒီလို အင်အားတွေရှိတဲ့အတွက်ကြောင့်လည်း ဒီရည်ရွယ်ချက်က အောင်မြင်အောင် ဆောင်ရွက်နိုင်မှာပါ။

နောက်ပြီး အနီးကပ်ကြီးကြပ်ပေးနေတဲ့ သက်ဆိုင်ရာအစိုးရအဖွဲ့တွေ၊ အုပ်ချုပ်ရေးအဖွဲ့နဲ့ ဌာနပေါင်းစုံက ပြည်သူလူထုပူးပေါင်းပြီး ဆောင်ရွက်နေတဲ့ ကိစ္စတွေရှိနေတော့ ကျွန်တော်တို့ ရေးဆွဲဆောင်ရွက်နေတဲ့ COVID Policy က အောင်မြင်မှာဖြစ်ပါတယ်။ ဒါပေမယ့် Supported ပေါ့၊ ဒီလူတွေ ဆောင်ရွက်နေပေမယ့် သူတို့အတွက် လိုအပ်တဲ့ လိုအပ်ချက်တွေကတော့ ရှိနေတယ်။

ကိုဗစ်ကပ်ရောဂါနဲ့ ပတ်သက်ပြီး အဓိကဦးတည်တာက တစ်ယောက်နဲ့တစ်ယောက် ရောဂါမကူးစက်အောင် ကာကွယ်တဲ့နည်းတွေကို ကျွန်တော်တို့က စနစ်တကျဆောင်ရွက်ရပါတယ်။ Infection Control Practice လို့ခေါ်တာပေါ့။ အဲဒီလိုနေရာမှာတော့ ခုနက ကျွန်တော်တို့ ကွင်းဆင်းဆောင်ရွက်ရာမှာတော့ ဒီ Infection Control Practice နဲ့ ပတ်သက်ပြီး ပြည်သူလူထုအကုန်လုံးကလည်း Mask တပ်ကြတယ်။ လက်ဆေးကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေကြတယ်။ လိုက်နာမှုအပိုင်းမှာတော့ နည်းနည်းလေး အားနည်းတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့လည်း သေချာဆောင်ရွက်ဖို့လိုတယ်။

ဒီနေရာမှာ ဖြည့်စွက်ချင်တာက လက်ဆေးတာလည်း ရိုးရိုးလက်ဆေးတာမဟုတ်ဘဲ လက်သည်းတွေရော ညှပ်ပစ်ဖို့လိုပါတယ်။ ကျွန်တော်တို့ အရင်အတွေ့အကြုံအရ ဝမ်းပျက်ဝမ်းလျှောတို့ လက်ကနေတစ်ဆင့် ကူးစက်နိုင်တဲ့အခြားရောဂါတွေမှာ Nail Cutting and Hand Washing Campaign တွေလုပ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ဆေးနေပေမယ့်လည်း လက်သည်းကြားမှာ ဗိုင်းရပ်စ်တွေက ကျန်ခဲ့နိုင်တယ်။ ကျွန်တော်တို့အနေနဲ့ အတွေ့အကြုံအရ ဒီနေရာမှာ အကြံပေးချင်တာက လက်သည်းလည်းညှပ်ရမယ်။ လက်ကိုလည်း မကြာခဏ ဆေးကြောတဲ့အကျင့်ကို လုပ်ဖို့လိုအပ်ပါတယ်။

ဒါကြောင့် ခုနမေးခွန်းဖြစ်တဲ့ US ရဲ့ ပေါ်လစီလား၊ တရုတ်ရဲ့ ပေါ်လစီလားဆိုရင် တိုင်းပြည်ရဲ့ လိုအပ်ချက်အရ ကျွန်တော်တို့ ပြည်သူပြည်သားတွေကို အထိရောက်ဆုံး ကာကွယ်နိုင်တဲ့ မူဝါဒနဲ့ ဆောင်ရွက်နေတယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်တင်ပြလိုပါတယ်။

### ကူးစက်မှုမဖြစ်ခဲ့

Containment Strategy ကိုလည်း နည်းနည်း ဆွေးနွေးခွင့်ပေးပါ။ Containment Strategy ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကရော၊ တာဝန်ခံဆရာဝန်ကြီးကပါ ဒီ Strategy ကို အားထည့်ဆောင်ရွက်ဖို့ဆိုပြီး နေ့တိုင်း သတိပေးနေတယ်။ လူတွေကလည်း ဒီဟာကို တော်တော်လေး စိတ်ဝင်စားတယ်။ ကျွန်တော်တို့ရဲ့ ဒီ Containment Strategy ဆိုတာ ရောဂါစတင်ဖြစ်ပွားတဲ့လူကနေ တခြားလူတစ်ယောက်ဆီကို မကူးစက်အောင် ကာကွယ်ထိန်းချုပ်တဲ့နည်းလမ်းကို Containment Strategy လို့ ခေါ်ပါတယ်။ Containment လုပ်တဲ့အခါမှာ ကျွန်တော်တို့က ဖြစ်စဉ်အပေါ်မှာ မူတည်ပြီး ဆောင်ရွက်ရပါတယ်။ ဥပမာဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မတ်လက စတင်ကူးစက်ပြီး ဇူလိုင်လလောက်အထိ ဖြစ်စဉ်မှာ ပြည်ပက ဝင်လာတဲ့ခရီးသည်တွေ၊ နိုင်ငံရဲ့ ဝင်ပေါက်နယ်စပ်ဒေသတွေက ဝင်လာတဲ့ ခရီးသည်တွေ၊ ဒီလူတွေကနေတစ်ဆင့် ပြည်တွင်းမှာ ကူးစက်မှုရှိမှာစိုးလို့ဆိုပြီး ကျွန်တော်တို့က တစ်ယောက်ချင်းကို Containment of Case လို့ ခေါ်ပါတယ်။ တစ်ယောက်ချင်းဆီကနေ ရောဂါတခြားနေရာကို မရောက်သွားအောင် ထိန်းချုပ်တာပေါ့လေ။ ထိန်းချုပ်တဲ့အတွက်ကြောင့်လည်း Facility Quarantine တွေမှာထားပြီး ထိန်းလိုက်တော့ ဒါကြောင့် ကျွန်တော်တို့က ပထမအဆင့်မှာ သေချာထိန်းချုပ်ပြီးသားဖြစ်တဲ့အတွက် ကူးစက်မှုမဖြစ်ခဲ့ပါဘူး။

နောက် အခုပြောနေတဲ့ Containment ကတော့ Community Containment ဖြစ်ပါတယ်။ Community Containment ဆိုတာကတော့ တစ်ယောက်ချင်း၊ တစ်ယောက်ချင်း ရောဂါသံသယရှိတဲ့သူကတော့ တခြားသူကိုမကူးစက်အောင်၊ ကျန်းမာရေးဝန်ထမ်းတွေကို မကူးစက်အောင် ဒါတွေကို ကျွန်တော်တို့က ရောဂါရှိတဲ့သူကိုယ်တိုင်က သိပြီး ကိုယ့်ကိုယ်ကိုယ်ကို ကာကွယ်တဲ့အနေနဲ့ Mask တပ်တာတို့၊ အိမ်မှာပဲနေတာတို့၊ သတင်းပို့တာတို့၊ အပြင်ကိုမထွက်တာတို့ စသဖြင့် ဒါမျိုးလုပ်ပေးရမယ့်အပြင် Containment at Home ဆိုတာ တစ်အိမ်ချင်းကလည်း ရောဂါမကူးစက်အောင် ထိန်းချုပ်ရမယ်။ လူတစ်ယောက်တည်းတင် မဟုတ်ဘူး။ ရပ်ကွက်အလိုက် ရောဂါဖြစ်ပွားမှုမရှိအောင် ထိန်းချုပ်ခြင်း၊ မြို့နယ်အလိုက် ရောဂါဖြစ်ပွားမှုမရှိအောင် ထိန်းချုပ်ခြင်း အဲဒီလိုမျိုး အဆင့်ဆင့်ထိန်းချုပ်တဲ့ နည်းဗျူဟာကို အခု ကျင့်သုံးနေတာဖြစ်ပါတယ်။

ဒါကြောင့် ဒီဟာကိုသာ တစ်ယောက်ချင်း၊ တစ်အိမ်ချင်း၊ တစ်ရပ်ကွက်ချင်းက စနစ်တကျ ပူးပေါင်းပြီး ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ ဒီရောဂါကို Containment Strategy တစ်ခုတည်းနဲ့တင် အချိန်မီထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။

စာမျက်နှာ ၁၁ သို့ ❂

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၉၄၆ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၃၃၇၃ ဦး ရှိသွားပြီ

**နေပြည်တော် စက်တင်ဘာ ၃၀**

စက်တင်ဘာ ၂၉ ရက် ည ၈ နာရီမှ စက်တင်ဘာ ၃၀ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ ၆၂၆၂ ခုအား စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၉၄၆ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၃၃၇၃ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၃၃၇၃ ဦးအနက် သေဆုံးသူ ၃၁၀ နှင့် ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၇၅၅ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

**သတင်းစဉ်**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၄၀၈၀၆၆ | ၄၆၄၉၈၂၇ | ၂၁၀၈၃၅ |
| ၂။ | အိန္ဒိယ | ၆၂၃၃၇၀၀ | ၅၁၉၂၉၁၇ | ၉၇၆၂၄ |
| ၃။ | ဘရာဇီး | ၄၇၈၀၃၁၇ | ၄၁၃၅၀၈၈ | ၁၄၃၀၁၀ |
| ၄။ | ရုရှား | ၁၁၇၆၂၈၆ | ၉၅၈၂၅၇ | ၂၀၇၂၂ |
| ၅။ | ကိုလံဘီယာ | ၈၂၄၀၄၂ | ၇၃၄၁၅၄ | ၂၅၈၂၈ |
| ၆။ | ပီရူး | ၈၁၁၇၆၈ | ၆၇၆၉၂၅ | ၃၂၃၉၆ |
| ၇။ | စပိန် | ၇၅၈၁၇၂ | စိစစ်ဆဲ | ၃၁၆၁၄ |
| ၈။ | မက္ကဆီကို | ၇၃၈၁၆၃ | ၅၃၀၉၄၅ | ၇၇၁၆၃ |
| ၉။ | အာဂျင်တီးနား | ၇၃၆၆၀၉ | ၅၈၅၈၅၇ | ၁၆၅၁၉ |
| ၁၀။ | တောင်အာဖရိက | ၆၇၂၅၇၂ | ၆၀၆၅၂၀ | ၁၆၆၆၇ |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၉၆၀၄၁ | ၁၃၃၇၃ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၃၇၅၅ | ၃၁၀ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၁၅၅၈၁

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၃၇၅၅ ဦး

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၃၀-၉-၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၃၁၁၆၉၄ | ၂၅၃၄၈၈ | ၅၅၀၄ |
| ၂။ | အင်ဒိုနီးရှား | ၂၈၇၀၀၈ | ၂၁၄၉၄၇ | ၁၀၇၄၀ |
| ၃။ | စင်ကာပူ | ၅၇၇၆၅ | ၅၇၄၆၆ | ၂၇ |
| ၄။ | မြန်မာ | ၁၃၃၇၃ | ၃၇၅၅ | ၃၁၀ |
| ၅။ | မလေးရှား | ၁၁၂၂၄ | ၉၉၆၇ | ၁၃၆ |
| ၆။ | ထိုင်း | ၃၅၆၄ | ၃၃၇၄ | ၅၉ |
| ၇။ | ဗီယက်နမ် | ၁၀၉၄ | ၁၀၁၀ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၇ | ၂၇၅ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၆ | ၁၄၂ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၂ | ၀ |

❂ စာမျက်နှာ ၁၀ မှ

**ဒေါက်တာဒေါ်သီတာလှ။** ။ ကျေးဇူးပါ ဆရာရှင့်။ ဒါနဲ့ပတ်သက်ပြီးတော့ ဒီနေ့အထိလည်း Containment Strategy ကို ကျင့်သုံးနေဆဲဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားပေမယ့် ပူးပေါင်းအကောင်အထည်ဖော်ရတာကတော့ ပြည်သူများ အပါအဝင် လူတိုင်းဖြစ်ပါတယ်။ ဒါကိုလည်း ကျေးဇူးတင်ပါကြောင်း ကျွန်မအနေနဲ့ ပြောကြားလိုပါတယ်။ ဆရာကြီး အချိန်အကန့်အသတ် ရှိတဲ့အတွက် နောက်ဆုံးအနေနဲ့ ကျွန်မဆရာကြီးကို မေးခွန်းလေးနဲ့ အဆုံးသတ်ချင်တာကတော့ မေးခွန်းတစ်ခုက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ကိုဗစ်-၁၉ ကပ်ဘေးကို မြန်မာနိုင်ငံမှာ ဘယ်အချိန်လောက် ထိန်းချုပ်နိုင်ဖို့ ခန့်မှန်းထားပါသလဲ ဆိုတဲ့ မေးခွန်းပါ ဆရာကြီးရှင်။

**ဒေါက်တာဦးစိုးလွင်ငြိမ်း။** ။ လူထုဘက်က လိုက်နာဆောင်ရွက်ဖို့ အားနည်းလို့ရှိရင် ခုနက ကူးစက်ဖြစ်ပွားတဲ့ လူတွေများမယ်၊ များလို့ရှိရင် ကျွန်တော်တို့ ဆေးရုံတွေကို လူနာတွေ အရောက်များမယ်၊ များလို့ရှိရင် ဆေးရုံမှာ စောင့်ရှောက်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ ဘယ်လိုကာကွယ်ထားပေမယ့် အထိုက်အလျောက် ကူးစက်မှုတွေရှိတဲ့အတွက်ကြောင့် တခြားကိုဗစ် မဟုတ်တဲ့ လူနာတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတွေလည်း ကျဆင်းသွားနိုင်တယ်။ ဒါကြောင့်မို့ အချိန်မီ ထိန်းချုပ်နိုင်မှုအတွက် ပြည်သူလူထုက ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေကို ဘယ်လောက် တိတိကျကျနဲ့ စုပေါင်းလိုက်နာနိုင်လဲ အပေါ်မှာ မူတည်တယ်။ အားလုံး တိတိကျကျနဲ့ စနစ်တကျ နေ့တိုင်းနေ့တိုင်း လိုက်နာဆောင်ရွက်မယ်ဆိုရင် ခုနက ကူးစက်မှုထိန်းချုပ်နိုင်မယ့် အချိန်က မကြာခင် ကျွန်တော်တို့ရရှိမှာ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်သီတာလှ။** ။ မိဘပြည်သူများရှင်၊ အရေးကြီးတဲ့ မေးခွန်းတွေကိုပဲ ကောက်နုတ်ပြီးတော့ ဆွေးနွေးခြင်းဖြစ်ပါတယ်။ နောက်ရက်တွေမှာလည်း ကျန်သော ပညာရှင်များ၊ ဆရာကြီးများကနေပြီးတော့ ဆက်လက်ဖြေကြားပေးမှာ ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ ဆရာကြီး နှစ်ဦးကိုရော၊ မြန်မာ့ရုပ်မြင်သံကြားကိုရော၊ ဒီလို အစီအစဉ်လေးဖြစ်မြောက်အောင် ဆောင်ရွက်ပေးတဲ့၊ ညွှန်ကြားပေးတဲ့ နိုင်ငံတော်ရဲ့ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကိုရော အထူးကျေးဇူးတင်ပါတယ်။ ကိုဗစ်ဘေးရန်ကနေလည်း ကင်းဝေးကြပါစေလို့ ဆုတောင်းလိုက်ပါတယ်ရှင့်။



## လားရှိုးမြို့၌ ဆန်၊ အဝတ်အထည်များနှင့် နှာခေါင်းစည်းများ လှူဒါန်းထောက်ပံ့

**လားရှိုး စက်တင်ဘာ ၃၀**

ကိုဗစ်-၁၉ ကာလအတွင်း၌ လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်နှင့် အလှူရှင်များက လူမျိုးဘာသာမရွေး အခြေခံလူတန်းစားများအား ဆန်၊ အဝတ်အထည်များနှင့် နှာခေါင်းစည်းတို့ကို အဆိုပါကျောင်းတိုက်အတွင်း၌ ယနေ့ လှူဒါန်းထောက်ပံ့ပေးသည်။

နံနက် ၇ နာရီမှစတင်၍ မန်ဆူရှမ်းကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပုညနန္ဒနှင့် အကျိုးဆောင်များ၊ လားရှိုးယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပရဟိတအသင်းများက လူမျိုးဘာသာမရွေး အခြေခံလူတန်းစား ၁၅၀၀ အား ၂၀၀ စီခွဲကာ ဆန် လေးပြည်၊ အဝတ်အထည်၊ နှာခေါင်းစည်းနှင့် အကြိမ် (၂၀) မြောက် အောင်ဘာလေထီတစ်စောင်စီတို့ကို လှူဒါန်း ထောက်ပံ့ပေးကြကြောင်း သိရသည်။

**သီပေါ(ကိုလတ်)**

## ကမ္ဘောဇဘဏ်က စစ်တွေမြို့၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးပစ္စည်းများနှင့် အလှူငွေများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၃၀**

ကမ္ဘောဇဘဏ်သည် ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ခုတင် (၅၀၀) ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ်မှ ရခိုင်ပြည်နယ်တာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဦးစံမြနှင့် အရာထမ်း၊ ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ဖြစ်သည့် ဆေးရုံသုံး နှာခေါင်းစည်း နှစ်သိန်း၊ ခေါင်းစွပ် ၃၀၀၀၊ မျက်နှာအကာ ၁၀၀၀၊ လက်အိတ် ၁၀၀၀၀၊



လက်သန့်ဆေးရည် ဘူးကြီး ၁၀၀၀၊ မျက်မှန် ၁၀၀၊ တစ်ကိုယ်ရေ ကာကွယ်ရေးသုံးဝတ်စုံ ၅၀၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလ အထွေထွေ အသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၂၀၀ တို့ကို ဆေးရုံအစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းရာ စစ်တွေမြို့ ခုတင် (၅၀၀) ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ကိုကျော်**

## မြိတ်မြို့နယ် ပညာရေးငွေစုငွေချေးသမဝါယမအသင်းလီမိတက် ကိုဗစ်-၁၉ အလှူငွေနှင့် ပညာရည်ချွန်ဆုများ ပေးအပ်

**မြိတ် စက်တင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ပညာရေးငွေစုငွေချေးသမဝါယမအသင်းလီမိတက်မှ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော အသင်းသားများ၏ သား/သမီးများကို ပညာရည်ထူးချွန်ဆုများ ချီးမြှင့်ပေးခဲ့ရာ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ရှစ်ဦးတို့အတွက် ငွေကျပ် ၂၈၀၀၀၀၀၊ ရိုးရိုးအောင်မြင်သူ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၃၇ ဦးတို့အား ငွေကျပ် ၁၈၅၀၀၀၀ စုစုပေါင်းငွေကျပ် ၄၆၅၀၀၀၀ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်းနှင့် ကိုဗစ်-၁၉ ကာလ ကန့်သတ်စောင့်ကြည့်ရေးစခန်း သုံးခုသို့ ငွေကျပ် ၆၀၀၀၀၀ နှင့် ရေသန့်ဘူးနှင့် နှာခေါင်းစည်းများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၆၇၄၉၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆင်းရဲချို့တဲ့သော ဖွံ့ဖြိုးဆဲနိုင်ငံများအား ကြွေးမြီလျှော့ချပေးရန် အန်တိုနီယိုဂူတာရက်စ် ပြောကြား

**နယူးယောက် စက်တင်ဘာ ၃၀**
ဆင်းရဲချို့တဲ့သော ဖွံ့ဖြိုးဆဲနိုင်ငံများအား ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရာတွင် ပံ့ပိုးမှုအဖြစ် ကြွေးမြီလျှော့ချပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ယနေ့ ပြောကြားခဲ့သည်။ "ကျွန်တော့်အနေနဲ့ စက်မှုထိပ်သီးနိုင်ငံ ၂၀ က ဆောင်ရွက်နေတဲ့ ကြွေးမြီဆိုင်းငံ့ရေးလှုပ်ရှားမှုကို တိုးချဲ့ဆောင်ရွက်နိုင်ရန်မျှော်လင့်နေပြီး ဒီအခွင့်အရေးတွေကို ဖွံ့ဖြိုးဆဲနိုင်ငံတွေက ရရှိနိုင်ဖို့ ဆောင်ရွက်သင့်ပါတယ်"ဟု ၎င်းက ပြောကြားသည်။ ဒီအရေးကို ကြွေးမြီစီမံခန့်ခွဲရေးအေဂျင်စီတွေလည်း ပါဝင်ဆောင်ရွက်သင့်ကြောင်း ၎င်းက ဆိုသည်။

"နိုင်ငံအများအပြားမှ တာဝန်ရှိသူတွေအနေနဲ့ အလုပ်အကိုင်ကဏ္ဍမှာ အရင်းအမြစ်တွေရရှိအောင် ဆောင်ရွက်ရမှာဖြစ်ပြီး စီးပွားရေးကို နဂိုအခြေအနေပြန်ရောက်လာအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နိုင်ငံတွေအနေနဲ့ ငွေကြေးပိုင်းဆိုင်ရာမှာ ထိန်းညှိပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များအတိုင်း ဆောင်ရွက်သွားရမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။ ထို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆောင်ရွက်နေသော ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာကုသရေး၊ ရောဂါရှာဖွေရေး၊ ဆေးဝါးရှာဖွေရေးလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံ ပံ့ပိုးပေးရန်အတွက် နိုင်ငံတကာအား တိုက်တွန်းပြောကြားခဲ့သည်။ ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၃ သန်းရှိပြီး သေဆုံးသူတစ်သန်းကျော်ရှိလာခဲ့သည့်တိုင် အကူအညီလိုအပ်နေသော နိုင်ငံများအား အကူအညီများ ချက်ချင်းမပေးနိုင်သည်ကို တွေ့ရှိရကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး၊ ကုသရေးနှင့် အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်ကောင်းများရရှိရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်–စိုးသူရ







# နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန် ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် ကနေဒါဝန်ကြီးချုပ် ဂျက်စတင်တို့ သဘောတူ

**တိုကျို စက်တင်ဘာ ၃၀**
လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်မျှော်မှန်းချက်တစ်ရပ် လုပ်ဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရီဒေါတို့က ယနေ့ ထပ်လောင်းအတည်ပြုလိုက်သည်။

ဒေသတွင်းနှင့် နိုင်ငံတကာ အသိုင်းအဝိုင်း၌ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုထိန်းသိမ်းရာတွင် လက်တွဲဆောင်ရွက်ရန် မျှော်လင့်ပါကြောင်း ယခုလလယ်ပိုင်းတွင် ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ယူခဲ့သည့် ဆူဂါက ကနေဒါဝန်ကြီးချုပ် ဂျက်စတင်သို့ ၎င်းတို့နှစ်ဦးကြား ပထမဆုံးအကြိမ် ဖုန်းပြောဆွေးနွေးမှုအတွင်း ပြောကြားခဲ့သည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန်နှင့် တရားဥပဒေစိုးမိုးရေး တိုးမြှင့်လုပ်ဆောင်ရန် ဆူဂါနှင့် လက်တွဲဆောင်ရွက်ရန် မျှော်လင့်ပါကြောင်း ဂျက်စတင်က ပြောကြားခဲ့သည်။ ဆူဂါနှင့် ဂျက်စတင်တို့က နယ်ပယ်ကဏ္ဍအသီးသီး၌ အမြင်ချင်းဖလှယ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

၁၉၇၀ ပြည့်နှစ်နှင့် ၁၉၈၀ ပြည့်နှစ်များအတွင်း မြောက်ကိုရီးယားနိုင်ငံက ပြန်ပေးဆွဲခဲ့သည့် ဂျပန်နိုင်ငံသားများ ပြန်လည်လွတ်မြောက်ရေး ဂျပန်နိုင်ငံ၏ ကြိုးပမ်းမှုများအတွက် စဉ်ဆက်မပြတ် ပံ့ပိုးကူညီရန် ဆူဂါက အကူအညီတောင်းခံခဲ့ပြီး ဂျက်စတင်ကလည်း ကူညီပေးမည်ဟု ကတိပြုခဲ့ကြောင်း ဝန်ကြီးဌာနက ပြောသည်။ ခေါင်းဆောင်နှစ်ဦးက အကြမ်းဖျင်းအားဖြင့် ၁၅ မိနစ်ခန့်ကြာသည့် ဖုန်းပြောဆွေးနွေးမှုအတွင်း ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် အနီးကပ်ပူးပေါင်းဆောင်ရွက်ရန် အတည်ပြုခဲ့ကြသည်။

စက်တင်ဘာ ၁၆ ရက်တွင် ဂျပန်လွှတ်တော်က ဝန်ကြီးချုပ်အဖြစ် ရွေးကောက်ပြီးနောက်ပိုင်း ဆူဂါက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ရုရှားသမ္မတ ဗလာဒီမာပူတင်အပါအဝင် ကမ္ဘာ့ခေါင်းဆောင်များနှင့် ဖုန်းဖြင့်ဆွေးနွေးမှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။

ကိုးကား – ကျိုဒိုနယူးစ်
ဘာသာပြန် – ကျော်ထိုက်စိုး

# အသံထက်မြန်သော ဘရာမော့စ်ဒုံးကျည် အိန္ဒိယ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

**နယူးဒေလီ စက်တင်ဘာ ၃၀**
အိန္ဒိယအစိုးရသည် အသံထက်မြန်သော ဘရာမော့စ်ဒုံးကျည်ကို ဩဒိသပြည်နယ်တွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ယနေ့ ဖော်ပြထားသည်။

အဆိုပါဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၄၀၀ ကျော်ရှိ သတ်မှတ်ထားသော ပစ်မှတ်များကို တိကျထိရောက်စွာ ထိမှန်ခဲ့ကြောင်း သိရသည်။

အဆိုပါဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့၏ စီမံချက်အရ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး စီမံချက်အောက်တွင် အဆင့်မြှင့်တင်ထားသော ဘရာမော့စ်ဒုံးကျည်ကို ပြည်တွင်းဖြစ် အဟုန်မြှင့်ဒုံးစက်တစ်ခုဖြင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများက ထပ်မံဖော်ပြထားသည်။ ယခုပြုလုပ်သော ဘရာမော့စ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုသည် ဒုတိယအကြိမ်မြောက် ဖြစ်သည်။

ဘရာမော့စ်ဒုံးကျည်သည် အသံထက်မြန်သော တာလတ်ပစ်ဒုံးကျည်ဖြစ်ပြီး ရေငုပ်သင်္ဘောများ၊ စစ်သင်္ဘောများ၊ ဂျက်တိုက်လေယာဉ်များနှင့် မြေပြင်ပေါ်မှတစ်ဆင့် ပစ်ခတ်နိုင်စွမ်းရှိသည်။

အဆိုပါဒုံးကျည်များကို အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ရုရှားနိုင်ငံ၏ အင်န်ပီအိုမာရှိ နောစထရိုယီးနီးယားကုမ္ပဏီတို့ ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနှင့် ရုရှားဖက်စပ်ကုမ္ပဏီသည် အကွာအဝေး ကီလိုမီတာ ၂၉၀ အထိ ပျံသန်းနိုင်ပြီး သမားရိုးကျဒုံးထိပ်ဖူး ကီလိုဂရမ် ၃၀၀ အထိ တင်ဆောင်နိုင်သော ဒုံးကျည်ကိုသာကနဦးက တည်ဆောက်ခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဇေ့ာတီ




# အောက်တိုဘာလမှစပြီး နိုင်ငံခြားခရီးသွားများအား ထိုင်းနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ပြုမည်

**ဗန်ကောက် စက်တင်ဘာ ၃၀**
ထိုင်းအစိုးရက အောက်တိုဘာလမှစပြီး နိုင်ငံခြားခရီးသွားများအား နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ပထမဆုံးအကြိမ်**

ယင်းသို့ နိုင်ငံခြားခရီးသွားများအား ဝင်ရောက်ခွင့်ပြုခြင်းသည် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် နိုင်ငံအတွင်းသို့ ပြည်ပခရီးသွားများအား ပိတ်ပင်ထားသည့် ဧပြီလမှစပြီး ပထမဆုံးအကြိမ် ဖြစ်မည်ဖြစ်သည်။

ယမန်နေ့ အစိုးရအဖွဲ့အစည်းအဝေးပြီးနောက် ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ယင်းအစီအစဉ်နှင့် ပတ်သက်ပြီး သတင်းထောက်များအား ပြောကြားခဲ့သည်။

နိုင်ငံခြားခရီးသွားများကို နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ကြောင်းနှင့် ၎င်းတို့အား ဗိုင်းရပ်စ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်များနှင့်အညီ သေချာစွာ လိုက်လံကြီးကြပ်သွားမည် ဖြစ်ကြောင်း ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ဆိုသည်။



လာမည့် အောက်တိုဘာလအတွင်း၌ ထိုင်းနိုင်ငံအတွင်းသို့ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိလာမည့် နိုင်ငံခြားသားခရီးသွားများသည် တရုတ်နိုင်ငံ ကွမ်ကျိုးပြည်နယ်မှဖြစ်ကြောင်း သိရသည်။ အဆိုပါခရီးစဉ်တွင် ခရီးသွား ၁၅၀ လိုက်ပါမည်ဖြစ်ပြီး ၎င်းတို့သည် အထူးခရီးသွားပြည်ဝင်ခွင့် ဗီဇာများ ကိုင်ဆောင်ကာ ထိုင်းနိုင်ငံ ဖူးခက်အပန်းဖြေစခန်းသို့ လာရောက်မည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်း တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပြည်ပခရီးသွားများအား ဝင်ရောက်ခွင့်ပြုမည့်အစီအစဉ်တွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှု လျော့ကျသွားသည့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံများအပါအဝင် နိုင်ငံ ၁၃ နိုင်ငံနှင့် ဒေသများမှ နိုင်ငံခြားခရီးသွားများကိုသာ ခွင့်ပြုသွားမည်ဖြစ်သည်။

အဆိုပါခရီးသွားများအနေဖြင့် နိုင်ငံအတွင်း၌ ရက်ပေါင်း ၉၀ ခန့်သာ နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး ၎င်းတို့၏ ပြည်ဝင်ခွင့်ဗီဇာများကို နှစ်ကြိမ်ခန့်သာ သက်တမ်းတိုးခွင့်ရှိမည်ဖြစ်သည်။ တစ်ကြိမ်သက်တမ်းတိုးပါက ကန်ဒေါ်လာ ၆၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ပြည်ပခရီးသွားများသည် ဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ စစ်ဆေးမှုများ ခံယူရမည့်အပြင် သီးခြားစောင့်ကြည့်မှုများလည်း ခံယူရမည်ဖြစ်သည်။

ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ထိခိုက်နစ်နာလျက်ရှိပြီး ပြည်တွင်း အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၏ ၂၀ ရာခိုင်နှုန်း ဆုံးရှုံးသွားခဲ့သည်။ ယမန်နှစ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့်ယှဉ်လျှင် ယခုနှစ်ဧပြီမှ ဇွန်လအထိ သုံးလအတွင်း ၁၂ ဒသမ ၂ ရာခိုင်နှုန်း လျော့ကျသွားကြောင်း တွေ့ရှိရသည်။ ထိုင်းနိုင်ငံ၏ ယခုနှစ် ခရီးသွားလုပ်ငန်း ထိခိုက်နစ်နာဆုံးရှုံးမှုသည် ကမ္ဘာ့စီးပွားရေး ပျက်ကပ်ဆိုက်သည့်အချိန် ၁၉၉၈ ခုနှစ်ကစပြီး အဆိုးရွားဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။

ကိုးကား– အင်န်အိတ်ချ်ကေ
ဘာသာပြန်– အောင်ကျော်ကျော်


**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၃၃၉၀၂၂၅၇ ဦး

သေဆုံးသူ ၁၀၁၃၇၀၅ ဦး

ပြန်လည် ကျန်းမာလာသူ ၂၅၁၉၃၂၅၅ ဦး

# ဂျပန်ဝန်ကြီးချုပ် ဆူဂါ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သို့ အောက်တိုဘာလအတွင်း သွားရောက်ဖွယ်ရှိ



**တိုကျို စက်တင်ဘာ ၃၀**

ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သို့ အောက်တိုဘာလလယ်ပိုင်းတွင် သွားရောက်ဖွယ်ရှိကြောင်း ယနေ့ သိရသည်။

အဆိုပါခရီးစဉ်သည် ဝန်ကြီးချုပ်ဆူဂါအနေဖြင့် ရာထူးတာဝန်များ စတင်ထမ်းရွက်သည့် အချိန်မှစပြီး ပထမဆုံးအကြိမ် နိုင်ငံခြားခရီးစဉ် တစ်ခုဖြစ်လာမည်ဖြစ်သည်။ ယင်းနှစ်နိုင်ငံအတွင်း၌ လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများကို ထိန်းချုပ်ထားနိုင်ကြောင်း တွေ့ရှိရသည်။

အဆိုပါခရီးစဉ်အတွင်း ဝန်ကြီးချုပ်ဆူဂါသည် ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်စွမ်းဖုနှင့် အင်ဒိုနီးရှားသမ္မတ ဂျိုကို ဝီဒိုဒိုတို့နှင့် တွေ့ဆုံမည်ဟု မျှော်လင့်ရသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်း အရှေ့တောင်အာရှနိုင်ငံများ အဖွဲ့(အာဆီယံ)၏ အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်လျက်ရှိသည်။ အလားတူ အင်ဒိုနီးရှားနိုင်ငံသည်လည်း ဂျီ-၂၀ စက်မှုထိပ်သီး နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည့်အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံလည်း ဖြစ်သည်။


ဝန်ကြီးချုပ်ဆူဂါ၏ အဆိုပါခရီးစဉ်သည် ဂျပန်နှင့် အာဆီယံနိုင်ငံများ အကြား ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရာရောက်မည်ဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

ထို့ပြင် ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး ရာထူးတာဝန်များ ဒုတိယအကြိမ် စတင်ထမ်းဆောင်ခဲ့သည့် ၂၀၁၂ ခုနှစ်အတွင်း၌ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနှစ်နိုင်ငံသို့ ပထမဆုံးအကြိမ် နိုင်ငံခြားခရီးစဉ်အဖြစ် သွားရောက်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်၌ ဝန်ကြီးချုပ် ဆူဂါသည် ရာထူးတာဝန်များ စတင်ထမ်းရွက်သည့် စက်တင်ဘာလလယ်ပိုင်းမှစပြီး အမေရိကန်၊ တရုတ်၊ ရုရှား အပါအဝင် အခြားနိုင်ငံများမှ ခေါင်းဆောင်များနှင့် နိုင်ငံရေးကိစ္စရပ်များကို ဖုန်းမှတစ်ဆင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အိန္ဒိယ ဒုတိယသမ္မတ အမ်ဗန်ကိုင်ယာနိုင်ဒူ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ



**နယူးဒေလီ စက်တင်ဘာ ၃၀**

အိန္ဒိယ ဒုတိယသမ္မတ အမ်ဗန်ကိုင်ယာနိုင်ဒူတွင် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း ဒုတိယသမ္မတရုံးက ယနေ့ ပြောကြားခဲ့သည်။ ဒုတိယသမ္မတ နိုင်ဒူက ကိုဗစ်-၁၉ ရောဂါ ပုံမှန်စစ်ဆေးမှုတစ်ရပ် လုပ်ဆောင်ခဲ့ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

ယမန်နေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ နိုင်ဒူက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုတစ်ရပ် ပြုလုပ်ခဲ့ရာ ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ကြောင်း၊ သို့သော် ရောဂါလက္ခဏာမပြဘဲ ကျန်းမာရေး ကောင်းမွန်ကြောင်း၊ နေအိမ်၌ သီးခြားခွဲနေရန် အကြံပြုခဲ့ကြောင်း၊ ၎င်း၏ ဇနီးဖြစ်သူတွင် ဗိုင်းရပ်စ်ပိုးမတွေ့ရှိခဲ့သော်လည်း သီးခြားခွဲနေလျက်ရှိကြောင်း ဒုတိယသမ္မတရုံးက လူမှုကွန်ရက်တစ်ခု၌ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။ ရာဇ္ဇသဘာခေါ် အိန္ဒိယ အထက်လွှတ်တော်ဥက္ကဋ္ဌ အသက် ၇၁ နှစ်အရွယ် ဒုတိယသမ္မတ နိုင်ဒူသည် မကြာသေးမီက လွှတ်တော်အစည်းအဝေး တက်ရောက်ခဲ့သေးသည်။

လွှတ်တော်အမတ် ၂၅ ဦးတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိပြီးနောက် အိန္ဒိယလွှတ်တော် အစည်းအဝေးများကို အချိန်တစ်ပတ်လျှော့ချခဲ့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်က အိန္ဒိယ အငယ်တန်းမီးရထားလုပ်ငန်းဝန်ကြီး ဆူရက် အန်ဂါဒီမှာ ကိုဗစ်-၁၉ ရောဂါကြောင့် ကွယ်လွန်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါ ဆိုးရွားစွာ ရင်ဆိုင်နေရသော နိုင်ငံဖြစ်သည်။ လက်ရှိအချိန်အထိ အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၉၇၄၉၇ ဦးရှိပြီး ရောဂါကူးစက်ခံရသူ ၆ ဒသမ ၂၃ သန်းအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာအရ အမေရိကန်နိုင်ငံပြီးလျှင် အိန္ဒိယနိုင်ငံသည် ဒုတိယမြောက် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဘေး အဆိုးရွားဆုံး ကြုံတွေ့နေရသည့် နိုင်ငံဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ကျော်ထိုက်စိုး

# ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများက ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးပေါင်း သန်း ၁၀၀ ကို ဆင်းရဲသောနိုင်ငံများအား ဖြန့်ဖြူးပေးသွားမည်

**ဂျီနီဗာ စက်တင်ဘာ ၃၀**

ကမ္ဘာတစ်ဝန်းရှိ ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများက ၂၀၂၁ ခုနှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးအလုံးပေါင်း သန်း ၁၀၀ ကို ဆင်းရဲသောနိုင်ငံများအား ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံမှ ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာ အင်စတီကျူဖြစ်သော ဆီရမ်၊ အိန္ဒိယနိုင်ငံမှ ဂါဘီဆေးဝါးထုတ်လုပ်ရေးနှင့် ဘီလ်နှင့်မလင်ဒါဂိတ် ဖောင်ဒေးရှင်းတို့အကြား လွန်ခဲ့သောလက ကနဦး သဘောတူညီချက်ရရှိခဲ့ပြီးနောက် ဆင်းရဲသောနိုင်ငံများအား ထောက်ပံ့မည့် ဆေးလုံးအရေအတွက် တိုးလာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ၎င်းအနေဖြင့် ရန်ပုံငွေများ စုဆောင်းရရှိပါက ဝင်ငွေနည်း သို့မဟုတ် အလယ်အလတ် ဝင်ငွေရှိသောနိုင်ငံများအား ကိုဗစ်-၁၉ ရောဂါ စစ်ဆေးသည့် ကိရိယာပေါင်း သန်း ၁၂၀ ကို ဖြန့်ဖြူးပေးသွားမည်ဟု ပြောကြားခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က လက်ဆေးခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်းနှင့် နှာခေါင်းစည်းဝတ်ဆင်ခြင်းကဲ့သို့သော စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရန် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများအား ပြောကြားခဲ့သည်။

ဥရောပဒေသတွင်လည်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တင်နေသဖြင့် သက်ဆိုင်ရာမှ တာဝန်ရှိသူများက အသွားအလာကန့်သတ်မှုများ ဆောင်ရွက်ပြီး ရောဂါဖြစ်ပွားမှုထိန်းချုပ်ရန် ဆောင်ရွက်လျက်ရှိသည်။ ဂျာမနီနိုင်ငံတွင် အခမ်းအနားများသို့ တက်ရောက်နိုင်သော လူအရေအတွက်ကို ကန့်သတ်ခဲ့ပြီး ပြင်သစ်၊ ဗြိတိန်နှင့် မြောက်အိုင်ယာလန်နိုင်ငံတို့တွင်လည်း ကန့်သတ်မှုများ ချမှတ်ခဲ့သည်။ စက်တင်ဘာလလယ်ပိုင်းမှစတင်ပြီး ကမ္ဘာ့နေရာအနှံ့အပြားတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - စိုးသူရ



# လူစုဝေးခြင်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ ထပ်မံထုတ်ပြန်သွားမည်ဟု ဂျာမနီဝန်ကြီးချုပ် မာကယ်လ် ပြောကြား

**ဘာလင် စက်တင်ဘာ ၃၀**

ဂျာမနီနိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုများ ပိုမိုများပြားလာသည့်အတွက် လူစုဝေးခြင်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ ထပ်မံထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာ မာကယ်လ်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါစည်းမျဉ်းများတွင် အများနှင့်သက်ဆိုင်သောနေရာများ၌ ၂၅ ဦးနှင့် နေအိမ်အတွင်း၌ ၁၀ ဦးထက် ပိုမိုစုဝေးခြင်းကို တားမြစ်ပိတ်ပင်သွားမည်ဖြစ်ကြောင်း ပါရှိသည်။

ဂျာမနီနိုင်ငံတွင် ဇူလိုင်လနှောင်းပိုင်းမှစပြီး ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ ပိုမိုမြင့်တက်လာလျက်ရှိသည်။ စက်တင်ဘာလလယ်ပိုင်းမှစပြီး ယနေ့အထိ နေ့စဉ်ကူးစက်မှုနှုန်းသည် ၂၀၀၀ ဝန်းကျင်အထိ မြင့်တက်လာကြောင်း သိရသည်။ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ ဆက်လက်မြင့်တက်နေမည်ဆိုပါက ဒီဇင်ဘာလအတွင်း၌ တစ်ရက်တာဗိုင်းရပ်စ်ကူးစက်မှုနှုန်းသည် ၁၉၀၀၀ ကျော်ရှိနိုင်ကြောင်း ဂျာမနီဝန်ကြီးချုပ် မာကယ်လ်က ပြောကြားခဲ့သည်။

ထိမ်းမြားလက်ထပ်ပွဲများနှင့် ပါတီပွဲများ ကျင်းပမှုကြောင့် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိသည့်အတွက် အဆိုပါစည်းမျဉ်း၊ စည်းကမ်းများကို ချမှတ်ရခြင်းဖြစ်ကြောင်း မာကယ်လ် ဆိုသည်။

နိုင်ငံအတွင်း၌ ခရီးသွားလာမှုပိတ်ပင်ခြင်းများ မပြုလုပ်ဘဲ ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကိုသာ ထိရောက်စွာ ချမှတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ယင်းသို့လုပ်ဆောင်ခြင်းသည် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် စီးပွားရေးနှင့် လူ့အဖွဲ့အစည်းတွင် ထိခိုက်မှု အနည်းငယ်သာ ရှိစေလိုသောဆန္ဒကြောင့်ဖြစ်သည်ဟု မာကယ်လ်က ဆက်လက်ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# အီဂျစ်နိုင်ငံသို့ စပွတ်ညစ်-ဗွီ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၂၅ သန်း ရုရှား ထောက်ပံ့မည်

**မော်စကို စက်တင်ဘာ ၃၀**

ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေး "စပွတ်ညစ်-ဗွီ" အလုံးရေ ၂၅ သန်း ထောက်ပံ့ရန် ရုရှားနိုင်ငံက အီဂျစ်နိုင်ငံနှင့် သဘောတူညီချက်တစ်ရပ်ရရှိခဲ့ပြီဖြစ်သည်။ ရုရှားနိုင်ငံက ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါတိုက်ဖျက်ရာတွင် ကမ္ဘာ့ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ရန် ကြိုးပမ်းလျက်ရှိသည်။

ရုရှားနိုင်ငံ၏ ထိပ်တန်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတစ်ခုဖြစ်သည့် Pharco မှတစ်ဆင့် အီဂျစ်နိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၅ သန်း ထောက်ပံ့ရန် သဘောတူခဲ့ကြောင်း ရုရှားနိုင်ငံ၏ ဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်ရေးစီမံကိန်းကို ငွေကြေးမတည်သည့် ရုရှားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရန်ပုံငွေအဖွဲ့ (RDIF) က ပြောကြားခဲ့သည်။ "RDIF နဲ့ Pharco တို့ကြား သဘောတူညီချက်အရ အီဂျစ်ပြည်သူ ၂၅ ရာခိုင်နှုန်းနီးပါးအတွက် အကျိုးရှိထိရောက်ပြီး ဘေးအန္တရာယ်ကင်းတဲ့ စပွတ်ညစ်-ဗွီ ဗိုင်းရပ်စ်ကာကွယ်ဆေးရရှိအောင် ကူညီသွားမှာဖြစ်ပါတယ်"ဟု RDIF အကြီးအကဲ ကီရေးလ်ဒီမီထရီးယက်ဗ်က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။



ရုရှားနိုင်ငံအနေဖြင့် မက္ကဆီကိုနိုင်ငံသို့ စပွတ်ညစ်-ဗွီ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၃၂ သန်း၊ ဘရာဇီးနိုင်ငံသို့ သန်း ၅၀၊ အိန္ဒိယနိုင်ငံသို့ သန်း ၁၀၀ အပြင် ဥဇဘက်ကစ္စတန်နှင့် နီပေါနိုင်ငံသို့ ဗိုင်းရပ်စ်ကာကွယ်ဆေးများ ပံ့ပိုးပေးရန် သဘောတူညီပြီးနောက် ယခု သဘောတူညီချက် ရရှိခဲ့ခြင်းဖြစ်သည်။ ကနဦး လူသားများဖြင့် စမ်းသပ်မှုပြုလုပ်ပြီးနောက် စပွတ်ညစ်-ဗွီ ဗိုင်းရပ်စ်ကာကွယ်ဆေးကို သြဂုတ်လအစောပိုင်းတွင် ပြည်တွင်း၌ အသုံးပြုရန် ရုရှားအစိုးရက လိုင်စင်ထုတ်ပေးခဲ့သည်။ သြဂုတ်လ ၂၆ ရက်တွင် စတင်ခဲ့သည့် လက်တွေ့စမ်းသပ်မှုအရ စပွတ်ညစ်-ဗွီ ကာကွယ်ဆေးကို ယခုအခါ ရုရှားနိုင်ငံ၌ လူပေါင်း ၄၀၀၀၀ ဖြင့် စမ်းသပ်မှုပြုလုပ်လျက်ရှိသည်။

သီးခြားအနေဖြင့် ဆိုက်ဘေးရီးယားပြည်နယ် ဗစ်တာအင်စတီကျူမှ ထုတ်လုပ်သော အလားအလာရှိ ဒုတိယမြောက် ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်မျိုး လက်တွေ့စမ်းသပ်မှုများ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။ ဗစ်တာ အင်စတီကျူက ယခုလအစောပိုင်းတွင် အဆင့် (၃) စမ်းသပ်မှုကို လူသားဖြင့် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ကိုးကား - သည်ဂါးဒီးယန်း
ဘာသာပြန် - ကျော်ထိုက်စိုး

## ပြည်တွင်းရေးရာ၊ မှုခင်း

# ရပ်စောက်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်သောလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ရပ်စောက် စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကျေးရွာ ၂၇ ရွာမှာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကျေးရွာ ၂၇ ရွာမှာ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း လေးခု၊ ဖြုန်းကျောက်ခင်းခြင်း လုပ်ငန်း ကိုးခု၊ ကွန်ကရစ်လမ်းခင်းခြင်း နှစ်ခု၊ စာသင်ကျောင်းဆောင်သစ် တည်ဆောက်ခြင်းလုပ်ငန်း နှစ်ခု၊ ဆရာမဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း နှစ်ခု၊ မီးလင်းရေးလုပ်ငန်း တစ်ခု၊ ရေပေးရေးလုပ်ငန်း လေးခု၊ ဘက်စုံသုံးအဆောက်အအုံ တည်ဆောက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ကိုးခု စုစုပေါင်း လုပ်ငန်းခွဲ ၃၃ ခုကို နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် သန်း ၂၇၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၆၇ ဒသမ ၉၂ သန်း စုစုပေါင်းငွေကျပ် ၄၃၇ ဒသမ ၉၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းအားလုံး ရာနှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပြီဟု ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရှေးရယ်ထံမှ သိရသည်။

မောင်ခိုင်(ကျေးသီး)



# မိုးယွန်းကြီးအင်းဘေးမဲ့တော သစ်တောကြိုးဝိုင်းအတွင်း ငါးမျိုးစိုက်ထည့်



**ဝေါ စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးကြီးမှူး၏ ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင်များတွင် ငါးသယံဇာတများ စဉ်ဆက်မပြတ်တိုးပွားစေရေးနှင့် ဒေသခံပြည်သူများ ငါးရိက္ခာများ စားသုံးနိုင်ရေးတို့အတွက် မိုးယွန်းကြီးအင်းဘေးမဲ့တော သစ်တောကြိုးဝိုင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ယမန်နေ့က အင်းတိုင်စုကျေးရွာအနီးတွင် ဆောင်ရွက်ခဲ့သည်။

ငါးမျိုးစိုက်ထည့်ရာသို့ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းလင်းနှင့်ဝန်ထမ်းများ၊ မိုးယွန်းကြီးအင်းဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ တက်ရောက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းငါးသန် ငါးသားပေါက်ကောင်ရေ ၃၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကြာအင်းဆိပ်ကြီးမြို့နယ်၌ ငါးသားပေါက်များ ထောက်ပံ့ခြင်းနှင့် မြစိမ်းရောင် (ငါးကဏ္ဍ) လည်ပတ်ရန်ပုံငွေ ပဥ္စမအကြိမ် ပေးအပ်ပွဲကျင်းပ

**ကြာအင်းဆိပ်ကြီး စက်တင်ဘာ ၃၀**

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးကြီးမှူး၏ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ တိုင်းရင်းသားအဖွဲ့အစည်းဖြစ်သော DKBA(အောင်ချမ်းသာ)စခန်း ငါးမွေးမြူရေးကန်သို့ ကျုံ့ဒိုးငါးသားဖောက်စခန်းမှ ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ ၁၅၀၀၀ အား ပြည်နယ်ဦးစီးဌာနမှူး ဒေါ်အေးအေးဇော်၊ ခရိုင်ဦးစီးဌာနမှူး ဦးစောဖွန်စမိုက်နှင့် ရုံးအဖွဲ့တို့က ယမန်နေ့က ပေးအပ်ခဲ့ရာ DKBA အဖွဲ့အစည်းမှ ဦးစောလူဖိုးက လက်ခံရယူပြီး ငါးမွေးကန်အတွင်းသို့ ငါးများထည့်သွင်းပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့သည် မီးလောင်ချောင်းကျေးရွာသို့ သွားရောက်ပြီး မြစိမ်းရောင် (ငါးကဏ္ဍ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဥ္စမအကြိမ်ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး မြစိမ်းရောင် (ငါးကဏ္ဍ) အဖွဲ့ဝင်များအား ပြည်နယ်ဦးစီးဌာနမှူးက အရင်းမပျောက် လည်ပတ်ရန်ပုံငွေအသုံးပြုရာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကျိုးရှိစွာ အသုံးပြုနိုင်ရေးတို့ကို မှာကြားပြီး အဖွဲ့ဝင်များထံသို့ ရန်ပုံငွေကျပ် ၃၆၄ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြိတ်မြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ထားဝယ် စက်တင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြိတ်မြို့မရဲစခန်းမှ ဒုရဲအုပ်ဇာနည်ထွန်း ဦးစီး ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ယမန်နေ့ ညနေ ၅ နာရီခွဲက မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု မြို့ပတ်(၁)လမ်း၌ စောင့်ဆိုင်းနေစဉ် လမ်းလျှောက်လာသော မဖွေးဖွေးအား မသင်္ကာဖွယ် တွေ့ရှိသဖြင့် ရှာဖွေစစ်ဆေးရာ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ စိတ်ကြွဆေးပြားများအား တွေ့ရှိသိမ်းဆည်းရမိပြီး မြိတ်မြို့ သန်းဖိုရပ်ကွက်နေ သန့်ဇင် (ခ)ညီညီထံမှ ဝယ်ယူရရှိကြောင်း သိရှိရ၍ ညနေ ၆ နာရီခွဲတွင် သန့်ဇင်(ခ)ညီညီ အားနေအိမ်တွင် မူးယစ်ဆေးဝါးသုံး ကိရိယာများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် ၎င်းတို့နှစ်ဦးအား မြိတ်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

အလားတူ မြိတ်မြို့ အမှတ်(၃၅) မူးယစ်တပ်ဖွဲ့စုမှ ဒုရဲအုပ် မင်းအားမာန်စိုး ဦးစီးသော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ယမန်နေ့ ညနေ ၄ နာရီတွင် မြိတ်မြို့နယ် မဇော ကျေးရွာအုပ်စု မရင်းကျေးရွာနေ မနော်ဒါးအိတ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေစစ်ဆေးရာ အိမ်အတွင်း ရှာဖွေတွေ့ရှိခြင်းမရှိသဖြင့် တောင်ခြေအောက်ဘက်ရှိ ၎င်းပိုင်ခြံတဲတွင် သွားရောက်စစ်ဆေးရာ ဘိန်းစာမှုန့် ၂၇ ဒသမ ၄ ကီလိုဂရမ်အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ တစ်ရွာတည်းနေ မနော်ဒါးထူးထံမှ ဝယ်ယူရရှိကြောင်း သိရသဖြင့် ညနေ ၅ နာရီခွဲက မနော်ဒါးထူးအား နေအိမ်တွင် ထပ်မံဖမ်းဆီးရမိ၍ ၎င်းတို့နှစ်ဦးအား တောင်ရှည်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၇၁ စီး၊ သွင်းကုန် ၂၈၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန်၉၇ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၉၆၀ သန်း) တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သည့် Lipo (1x50) (100ml) (20 Pkgs), PSI Receiver (180 U) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






COVID-19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့

# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ် ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

၂၈

ရက်သာ

လိုတော့သည်။

## ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်နေရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက်အရောက် ပေးပို့သွားရန်
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက်အရောက် ပေးပို့ရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေး ဆောင်ရွက်ရန်
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းရုံးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ညောင်တုန်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား မဲရုံပေါင်း ၂၄၄ ရုံဖြင့် ကျင်းပမည်

ညောင်တုန်း စက်တင်ဘာ ၃၀

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ညောင်တုန်းမြို့မှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၁၆၃၂၇၇ ဦးရှိကြောင်း ညောင်တုန်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၏ ပထမအကြိမ် မဲစာရင်းများ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

### ၃၃ ဦး အရွေးခံမည်

ညောင်တုန်းမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦး၊ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ငါးဦး၊ ကရင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးနှင့် ရခိုင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် ငါးဦး စုစုပေါင်း ၃၃ ဦး ဝင်ရောက်အရွေးခံမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ညောင်တုန်းမြို့နယ်အနေဖြင့် ပထမအကြိမ်မဲစာရင်း ထုတ်ပြန်ကြေညာခဲ့သည့် မဲစာရင်းများအရ မဲဆန္ဒရှင်ဦးရေ ၁၆၃၂၇၇ ဦးရှိပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၅၄ အုပ်စုတွင် မဲရုံပေါင်း ၂၄၄ ရုံရှိကြောင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပြဿနာများ မပေါ်ပေါက်ရေး၊ အချိန်တိုအတွင်း ညှိနှိုင်းဆောင်ရွက်ရေး၊ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အချိန်တိုအတွင်း တာဝန်ရှိဌာနဆိုင်ရာများနှင့် လုပ်ငန်းစဉ်များ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်သန်းသန်းစိုးက ပြောသည်။

ထွန်းကျော်(ညောင်တုန်း)

## ချင်းပြည်နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမည်စာရင်းများ နောက်ဆုံးအကြိမ်အဖြစ် ၁၄ ရက်ကြာ ထပ်မံကြေညာမည်

ဟားခါး စက်တင်ဘာ ၃၀

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လမ်းညွှန်မှုနှင့်အတူ ချင်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ မြို့များ၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများနှင့် အများပြည်သူ သွားလာသည့် လမ်းမကြီးများဘေးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမည်စာရင်းများကို နောက်ဆုံးအကြိမ်အဖြစ် အောက်တိုဘာ ၁ ရက်မှစ၍ ၁၄ ရက်ကြာ ထပ်မံကပ်ထားကြေညာပေးသွားမည်ဖြစ်ကြောင်း ချင်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးထံမှ သိရသည်။

### ၁၄ ရက်ကြာ ဆောင်ရွက်ပေးသွားမည်

ချင်းပြည်နယ်အတွင်း မဲဆန္ဒရှင်စာရင်း ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများအပါအဝင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမည်စာရင်းကပ်ထားကြေညာခြင်းကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ပထမအကြိမ်အဖြစ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပထမအကြိမ်အဖြစ် မဲဆန္ဒရှင်စာရင်း ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများအပါအဝင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမည်စာရင်းကပ်ထားကြေညာခြင်းဆောင်ရွက်ခဲ့ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမျိုးသား ၁၅၉၆၂၅ ဦး၊ အမျိုးသမီး ၁၇၂၀၇၃ ဦး စုစုပေါင်း ၃၃၁၆၉၈ ဦးရှိပြီး မဲစာရင်းများကြေညာခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်များနှင့်အတူ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းလူငယ်များ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကိုယ်ပိုင်အခွင့်အရေး မဆုံးရှုံးဖို့ မဲရုံသွားကာ မဲပေးစို့ . . .

# လူထုပါတီက

# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၃၀

**လူထုပါတီ ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း(ခ) ပါစီပြည်ဟိန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**



**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား –**

မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

ကျွန်တော်ကတော့ လူထုပါတီမှ ပါတီဌာနချုပ်ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း (ခေါ်) ပါစီပြည်ဟိန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှစ၍ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီက အင်္ဂလိပ်လိုအားဖြင့် The Party For People ဖြစ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံး လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူသားအခွင့်အရေးများရရှိစေရန် လူသားထုအတွင်း မပြေလည်မှုများကိုဖြေရှင်းရန် ရည်ရွယ်၍လည်းကောင်း၊ နိုင်ငံတော်အတွင်းရှိ လူသားမျိုးနွယ်အားလုံး ဥမကွဲသိုက်မပျက်စေရန် ရည်ရွယ်၍လည်းကောင်း လူထုပါတီကို ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ အလံနဲ့တံဆိပ်တို့ဟာ အတူတူပဲဖြစ်ပါတယ်။ အလံသည် အနီရောင်နဲ့ အစိမ်းရောင်ကို နောက်ခံထားပြီး အလယ်တွင် အပြာရောင်အဝိုင်းကြီးပါရှိပါတယ်။ အပြာရောင်အဝိုင်းကြီးထဲ၌ အရွယ်တူကြယ်ဖြူ ၁၄ လုံးက လွတ်လပ်ရေးကျောက်တိုင်ကြီးအား ဝန်းရံထားပါတယ်။ အပြာရောင်အဝိုင်းကြီးထဲက လူသားအချင်းချင်း လက်ဆွဲနှုတ်ဆက်နေသော ပုံသဏ္ဌာန်ပါရှိပါတယ်။

၁။ နောက်ခံအနီရောင်သည် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်သာယာဝပြောရေးကို ရဲရဲဝံ့ဝံ့ အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ပါတယ်။

၂။ နောက်ခံအစိမ်းရောင်သည် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက် သာယာဝပြောရေးကို ရည်ညွှန်းပါတယ်။

၃။ အပြာရောင်အဝိုင်းသည် နိုင်ငံတော်ကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းမှုရှိစေရန် ရည်ညွှန်းပါတယ်။

၄။ အရွယ်တူကြယ်ဖြူ ၁၄ လုံးသည် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု အခွင့်ရေးသာတူညီမျှမှုကို ရည်ညွှန်းပါတယ်။

၅။ လွတ်လပ်ရေးကျောက်တိုင်သည် တိုင်းပြည်၏ အထိမ်းအမှတ်လက္ခဏာဖြစ်ပြီး အရွယ်တူကြယ်ဖြူ ၁၄ လုံးက ဝန်းရံထားခြင်းသည် ဥမကွဲသိုက်မပျက် လွတ်လပ်စွာနေထိုင်ရန် ဖြစ်ပါတယ်။

၆။ လက်ဆွဲနှုတ်ဆက်နေသည့် ပုံသဏ္ဌာန်မှာ နိုင်ငံတော်အတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ မတူညီသောအမြင်များ၊ အမျိုးသားရေးပြဿနာများကို ဖြေရှင်းပေးရန် ရည်ရွယ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား –**

နိုင်ငံရေးဆိုသည်မှာ နိုင်ငံသားတိုင်းနှင့်သက်ဆိုင်ပြီး ကျယ်ဝန်းနက်နဲတဲ့ ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ခက်ခဲနက်နဲပြီး ရှုပ်ထွေးတဲ့ သဘောလည်းဆောင်ပါတယ်။ ထိုသို့ သဘောရှိသော်လည်း မည်သူကမျှ နိုင်ငံရေးကို မျက်ကွယ်ပြုလို့မရပါဘူး။ နိုင်ငံရေး၏ တကယ့်အနှစ်သာရကို မိမိတို့ပါတီမှ ပြည်သူလူထုတစ်ရပ်လုံး နားလည်သဘောပေါက်စေရန် ချပြရမှာပဲဖြစ်ပါတယ်။ မိမိတို့ပါတီ၏ ကြိုးစားမှုဖြင့် နိုင်ငံရေး၏ စစ်မှန်သော အနက်အဓိပ္ပာယ်ကို ပြည်သူများနားလည်ပြီး နိုင်ငံ့အကျိုး ပြည်သူ့အကျိုးကို တာဝန်သိမှု၊ တာဝန်ယူမှုတို့ဖြင့် ဆောင်ကြဉ်းနိုင်မှာဖြစ်ပါတယ်။ လူသားတို့ဟာ မိမိတို့၏ စားဝတ်နေရေး၊ လူမှုရေးကိစ္စများကို ဖြေရှင်းရန်၊ စီမံရန်၊ အုပ်ချုပ်ရန်၊ ကွပ်ကဲထိန်းကျောင်းရန် ပို၍ကောင်းသော နည်းစနစ်များကို ရှာဖွေလာခဲ့ကြပါတယ်။

နိုင်ငံရေးအတွေးအခေါ် အယူအဆများ၊ သဘောတရားများ၊ အဖွဲ့အစည်းများ ဖြစ်ပေါ်လာသောကြောင့် ယုံကြည်သည့်အပေါ် အခြေတည်ထားသည့် လူမှုရေးကိုအခြေပြု၍ လွတ်လပ်ခွင့်ရရှိစေရန် ဖော်ဆောင်မည့် သဘောရှိတဲ့ ဝါဒပဲဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား–**

ကျွန်တော်တို့ပါတီရဲ့ ခံယူချက်က မည်သည့်ကိစ္စမဆို စေ့စပ်ညှိနှိုင်း ဖြေရှင်းခြင်းဟာ ဒီမိုကရေစီ အစစ်အမှန်ဖြစ်ပါတယ်။ စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်းဟာ ညီမျှခြင်းဖြစ်မှရမယ်။ ညီမျှခြင်းဆိုတဲ့ သင်္ချာသင်္ကေတဟာ ဘယ်ဘက်ကိုမှ အလေးသာလို့မရပါဘူး။ ကျွန်တော်တို့ပါတီဟာ စစ်မှန်တဲ့ ရွေးကောက်ပွဲဖြင့် ပြည်သူလူထုတစ်ရပ်လုံး ယုံကြည်အားကိုးရသော အစိုးရတစ်ရပ်ဖြစ်အောင် ကြိုးစားရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသည် ပြည်သူလူထုတစ်ရပ်လုံး၏ စားဝတ်နေရေး၊ ပညာရေး၊ စီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းသွားရမှာဖြစ်ပါတယ်။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်ပြီး တိုင်းရင်းသားပြည်သူများ ပါဝင်သော စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်ပြီး နိုင်ငံတော်၏ စီးပွားရေး တိုးတက်ခိုင်မာလာစေရန် ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်၏ကြွယ်ဝသော သဘာဝသယံဇာတအရင်းအမြစ်များကို တိုင်းရင်းသားပြည်သူများ မျှဝေသုံးစွဲနိုင်ရမယ်။ စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူများ အင်တိုက်အားတိုက် ပါဝင်လုပ်ကိုင်နိုင်ရမယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင် ပြည်သူတစ်ရပ်လုံး ပါဝင်စေရမယ်။

လူထုပါတီသည် နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း၊ ပြည်သူနှင့် အုပ်ချုပ်သူ အစိုးရကြား မတူညီသည့် အမြင်များ၊ ပဋိပက္ခများ၊ အငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်းဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိအောင် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား –**

နိုင်ငံတော်ဟာ နှစ်ပေါင်းများစွာ နယ်ချဲ့တို့၏ ကျူးကျော်စော်ကားမှုကို ခံခဲ့ရပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း နိုင်ငံရေးခေါင်းဆောင်များ ယုံကြည်သည့်ဝါဒသဘောတရားများ မတူညီမှုများကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်းမရှိဘဲ နိုင်ငံတော်နှင့် ပြည်သူတို့၏ဘဝ အဘက်ဘက်မှ နိမ့်ကျခဲ့ရပါတယ်။ ကျွန်တော်တို့ဟာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဟူ၍ မခွဲခြားဘဲ တစ်တိုင်းပြည်လုံး စုပေါင်းလုပ်ဆောင်ရမှာဖြစ်ပါတယ်။ တိုင်းပြည်နှင့် လူထုကောင်းစားစေရန် အကောင်းဆုံးကျင့်သုံးရမည့် ကျင့်စဉ်အမှန်မှာ ဒီမိုကရေစီကျင့်စဉ်သာလျှင်ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ အတိတ်ကာလ နိုင်ငံရေးဝါဒများ၏ ဆိုးမွေကောင်းမွေများဖြစ်သည့် နိုင်ငံရေးဖြစ်စဉ်များ လူ့အဖွဲ့အစည်းအတွင်းရှိ နိုင်ငံရေးသုခမိန်တို့၏ အတွေးအခေါ်များ၊ ဝါဒသဘောတရားများ၊ နိုင်ငံရေးသီအိုရီများကို လေ့လာသိရှိခြင်းဖြင့် မျက်မှောက်ခေတ်ကာလ နိုင်ငံရေးပြဿနာများ မိမိနိုင်ငံနှင့် ပတ်သက်သော ပြဿနာများကို ဖြေရှင်းရာတွင် သင်ခန်းစာများရယူပြီး မှန်ကန်ကောင်းမွန်တဲ့ ဆုံးဖြတ်မှု၊ လုပ်ဆောင်မှု အကြံအစည်များရယူရန် လိုအပ်ပါတယ်။ လူထုပါတီ၏ နိုင်ငံရေးလမ်းစဉ်မှာ ဒီမိုကရေစီဝါဒပဲဖြစ်ပါတယ်။ ပါတီ၏ ခံယူချက်က နိုင်ငံတော်အတွင်း လူတစ်ဦးနှင့်တစ်ဦး အဖွဲ့အစည်းအားလုံး သင့်မြတ်စွာ နေထိုင်၍ တရားဥပဒေကိုလေးစားလိုက်နာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အေးချမ်းသာယာရေးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ရမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား –**

မိမိတို့ပါတီသည် တိုင်းရင်းသားလူမျိုးစုအားလုံး၏ မတူကွဲပြားသော ယဉ်ကျေးမှု၊ ပညာရေး၊ လူမှုရေး၊ ဘာသာစာပေ၊ ကိုးကွယ်ယုံကြည်မှုတို့ကို ကာကွယ်စောင့်ရှောက်ရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လူမှုရေးအမြင်ဆိုသည်မှာ အဖွဲ့အစည်းတစ်ရပ်ပင်ဖြစ်စေ၊ လူ့သမိုင်းတွင်ဖြစ်စေ လူသားတို့၏ စွမ်းပကားဖြင့် ဖော်ဆောင်ခဲ့ကြသော ကိုးကွယ်သည့် ဘာသာတရား၊ စာပေစကား၊ သုခုမအနုပညာများ၊ ဓလေ့ထုံးတမ်းများကို လေ့လာသုံးသပ်၍ တိုင်းရင်းသားလူမျိုးစု တစ်စုချင်း၏ တိုးတက်လာသော ခေတ်နှင့်အညီ လူမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမျိုးစုများ မပပျောက်ရေးကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန် ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား –**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း၏ အဓိကပြယုဂ်မှာ တိုင်းပြည်၏ စီးပွားရေးခိုင်မာတောင့်တင်းမှု ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ မြေလွတ်မြေရိုင်း လယ်ယာမြေများအလွန်ပေါများသောကြောင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တစ်နိုင်ငံလုံး အဆင့်မြှင့်တင်ပြီး စိုက်ပျိုးရေးကဏ္ဍကို အားသွန်ခွန်စိုက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်၍ ပြည်တွင်းရှိ သယံဇာတများနှင့် ကုန်ကြမ်းများကို ကုန်ချောအဖြစ်ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သည့် စီးပွားရေးမျိုး အဓိကထားလုပ်ဆောင်နိုင်ရန် ကြိုးပမ်းရမှာဖြစ်ပါတယ်။ သဘာဝနယ်မြေများ၊ သမိုင်းဝင်နယ်မြေများကို ဆွဲဆောင်မှုရှိအောင်စီမံ၍ ကမ္ဘာ့ခရီးသွားများ ဝင်လာအောင် ခရီးသွားလုပ်ငန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းများကို တိုင်းရင်းသားလုပ်ငန်းရှင်များ လုပ်ကိုင်နိုင်အောင် စီမံပေးခြင်းဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရန် လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို အနှောင့်အယှက် အဟန့်အတားဖြစ်စေသည့် မြေယာတန်ဖိုး ကြီးထွားနေခြင်းကို နိုင်ငံတော်မှ ဥပဒေများပြဋ္ဌာန်း၍ ကာကွယ်ပေးရမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား –**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအကျဆုံးသည် ပညာရေးကဏ္ဍပဲဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီ ပညာရေးအတွက် ပညာရေးကဏ္ဍတွင် ကြီးမားစွာ မြှုပ်နှံရမယ်။ ဆရာ ဆရာမများကို အရည်အသွေးကောင်းမွန်အောင် လေ့ကျင့်ပျိုးထောင်ပေးရမှာဖြစ်ပါတယ်။ နိုင်ငံတော်၏ ပညာရေးစနစ်အခြေအနေနှင့် တိုးတက်သည့် နိုင်ငံများ၏ ပညာရေးစနစ်အခြေအနေများကို စဉ်ဆက်မပြတ် လေ့လာနှိုင်းယှဉ်ရမယ်။

တစ်နိုင်ငံလုံးရှိ ကလေးသူငယ်များနှင့် စာမတတ်သူများအား စာတတ်မြောက်လာအောင် ဆောင်ရွက်ပေးရမယ်။ ပညာသင်အရွယ်ဖြစ်သည့် ကလေးသူငယ်အားလုံး ကျောင်းစာသင်ခန်းသို့ ရောက်ရှိစေရမယ်။ ပညာသင်သင့်သည့်အရွယ်တွင် ပညာမသင်ဘဲ လုပ်ငန်းခွင်၌ အဓမ္မခိုင်းစေခြင်းခံရသော ကလေးသူငယ်များအား ရှာဖွေဖော်ထုတ်၍ စာသင်ခန်းမများသို့ ပြန်လည်ပို့ဆောင်ပေးရမှာဖြစ်ပါတယ်။

ကလေးသူငယ်များအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လိင်အနိုင်ကျင့်မှုများ မဖြစ်ပေါ်စေရေးအတွက် မိမိတို့ ပါတီမှ အထူးအလေးထားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား–**



အခြေခံကျန်းမာရေးဆောင်ရွက်မှုများကို နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့မှ ဝိုင်းဝန်းလုပ်ကိုင်စေပြီး သက်သာသောနှုန်းထားများဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်နိုင်စေရမယ်။ ဆေးလိပ်နှင့်အရက် အလွန်အကျွံသောက်သုံးခြင်းများကို တားမြစ်နိုင်စေရမယ်။ ကျန်းမာရေးအတွက် ပညာပေးသရုပ်ပြခြင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီမံဆောင်ရွက်ပေးရမယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား–**

နိုင်ငံတော်သည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အလျောက် လယ်သမားများသည် တိုင်းပြည်၏ အရေးကြီးသော အခန်းကဏ္ဍတွင်ရှိနေပြီး လယ်သမားများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်များကို သားစဉ်မြေးဆက်လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် စီစဉ်ပေးရမှာဖြစ်ပါတယ်။ လယ်သမားများသားစဉ်မြေးဆက် လယ်ယာလုပ်ငန်းကို တစိုက်မတ်မတ်လုပ်ကိုင်နိုင်စေရန်အတွက် နိုင်ငံတော်မှ အားပေးကူညီဆောင်ရွက်ပေးရမယ်။ စားနပ်ရိက္ခာသည် လူသားတို့အတွက် အရေးကြီးသဖြင့် လယ်မြေများပေါ်တွင် မြို့ရွာများချဲ့ထွင်လာမှုကို ဥပဒေများပြဋ္ဌာန်း၍ တားဆီးကာကွယ်ရမယ်။

လယ်သမားများလိုအပ်သည့် စက်ပစ္စည်းယန္တရားများ၊ ငွေကြေးများကို ထောက်ပံ့ပေးနိုင်ရမယ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ရာနှုန်းပြည့် ပြောင်းလဲနိုင်ရမယ်။ စီးပွားရေးတွင် ဆန်စပါးကို အဓိကပို့ကုန်အဖြစ်ထားရှိပြီး အခြားသီးနှံများကိုလည်း ဖြစ်ထွန်းအောင်မြင်စေရမယ်။ အလုပ်သမားများ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်နိုင်ရေးနှင့် သတ်မှတ်လုပ်အားခများရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်ရမယ်။ အလုပ်သမားတို့၏ စားဝတ်နေရေး သက်သာချောင်ချိရေးကို စီမံဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား –**

နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေတည်တံ့မှုသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်ပါတယ်။ တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမှာဖြစ်တယ်။ ထို့အတွက်ကြောင့် တပ်မတော်ကို ခေတ်မီစေရမယ်။ ခေတ်မီလက်နက်ဆန်းများတပ်ဆင်ပေးရမှာဖြစ်တယ်။ ကြည်းတပ်၊ ရေတပ်၊ လေတပ်အတွက် သက်ဆိုင်ရာလက်နက်များ တပ်ဆင်ပေးရမယ်။ နိုင်ငံတကာ စစ်ရေးအမြင်ရှိစေရန် တပ်မတော်သားများကို ပြည်ပနိုင်ငံများသို့ စေလွှတ်ပေးရပါမယ်။

ပြည်ပနိုင်ငံများ၏ စစ်တပ်များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ အခါအားလျော်စွာ ပြုလုပ်ပေးရပါမယ်။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် အရွယ်ရောက်သူတိုင်း စစ်ပညာသင်ကြားစေပြီး လိုအပ်လျှင် စစ်မှုထမ်းရမယ်။ ပြည်တွင်းလုံခြုံရေးအတွက် အဓိကအင်အားစုမှာ တပ်မတော်ဖြစ်ပြီး ဒုတိယအင်အားစုဖြစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့အား လက်ရှိအင်အားထက် ငါးဆတိုးချဲ့ပြီး အင်အားတောင့်တင်းခိုင်မာစေရန် စီမံဆောင်ရွက်ရမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား –**

ယနေ့မြန်မာ့နိုင်ငံရေး အခင်းအကျင်းသည် တစ်ဦးကောင်း တစ်ယောက်ကောင်း လုပ်လို့မရပါ။ နိုင်ငံရေးအင်အားစုအားလုံး၊ အဖွဲ့အစည်းအားလုံး၊ ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်းသည် ညီမျှခြင်းမဖြစ်ဘူးဆိုရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ မဖြစ်နိုင်ပါ။ တိုင်းပြည်ဟာ နိုင်ငံရေးခရီးလမ်းမှာ ကြမ်းတမ်းစွာ မောင်းနှင်နေရဆဲဖြစ်ပါတယ်။ လက်နက်ကိုင်များ၊ လူမျိုးစုများ၊ ပြည်တွင်းအင်အားစုများ၊ နိုင်ငံရေးပါတီများကြားရှိ သဘောထားကွဲလွဲမှုများ၊ အမြင်မတူမှုများ၊ အားပြိုင်မှုများ ပြင်းထန်နေဆဲ ဖြစ်ပါတယ်။ တိုင်းပြည်ဟာ ရှေ့ကိုမရောက်နိုင်ဘူးဖြစ်နေတယ်။ အုပ်စုများအကြား အငြိုးအတေးလေးတွေ၊ နာကြည်းမုန်းတီးမှုတွေကို အဆုံးသတ်ပြီး All Inclusive အားလုံးပါဝင်သော တိုင်းပြုပြည်ပြု လူထုအကျိုးပြုလုပ်ငန်းများကို လုပ်မှရတော့မယ်။

အင်အားစုအားလုံး မတူတာတွေကို ဖယ်ရှားပြီး တူတာတွေကို လုပ်မှရတော့မယ်။ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲဟာ သည်းထိတ်ရင်ဖို ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါတယ်။ ဘယ်သူပဲနိုင်နိုင် ဘယ်သူပဲရှုံးရှုံး နိုင်သူ ရှုံးသူ အားလုံး ပြုံးပြီး တိုင်းပြည်အတွက် ကောင်းအောင်လုပ်မှ ဖြစ်တော့မယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား –**

သင့်မဲဖြင့် ကိုယ်စားလှယ်ကောင်းများကို မွေးထုတ်နိုင်ပါစေ။
သင့်မဲဖြင့် အစိုးရကောင်းတစ်ရပ်ထွက်ပေါ်လာပါစေ။
သင့်မဲဖြင့် သင့်တိုင်းပြည် ကမ္ဘာ့အလယ်တင့်တယ်ပါစေ။
သင့်မဲဖြင့် သင့်တိုင်းပြည် စီးပွားတိုးတက်သာယာပါစေ။
သင့်မဲဖြင့် သင့်တိုင်းပြည် ကမ္ဘာတည်သရွေ့တည်ပါစေ။
သင့်မဲဖြင့် သင့်တိုင်းပြည် ငြိမ်းချမ်းပါစေ။

ထို့ကြောင့် သင်မဲမပေးဘဲမနေပါနှင့်၊ သင့်တိုင်းပြည်အတွက် သင့်မှာတာဝန်ရှိပါတယ်။

ကျွန်ုပ်တို့ပါတီ၏ ဟောပြောချက်ကို ဒီနေရာမှာပဲ အဆုံးသတ်လိုက်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

# ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၃၀

**ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ ဥက္ကဋ္ဌ ဦးမင်းသူက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် –**



လေးစားမြတ်နိုးရပါသော ကျေးဇူးရှင်တောင်သူလယ်သမားများနှင့် လုပ်သားပြည်သူမိဘအပေါင်းတို့ ခင်ဗျာ ယနေ့မှစ၍ နောင်နှစ်ပေါင်းများစွာအထိ ကိုယ်စိတ်နှစ်ပါးရွှင်လန်းနိုးကြား ပျော်ရွှင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ် ခင်ဗျား။

ကျွန်တော်ကတော့ ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ ဗဟိုအလုပ်အမှုဆောင်ဥက္ကဋ္ဌ ဦးမင်းသူ ဖြစ်ပါတယ်။

ကျွန်တော် ပထမဆုံး ကျေးဇူးတင်စကားပြောကြားလိုတာကတော့ ကျေးဇူးရှင်လယ်သမားဦးကြီးများ စိုက်ပျိုးသော ဆန်ကိုစားပြီး ပါတီဥက္ကဋ္ဌဖြစ်လာခြင်းနှင့် နိုင်ငံရေးတွင် လူငယ်များ ရှုပ်ရှုပ်ချုံချုံပါဝင်ခွင့် ရသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီး၊ နိုင်ငံတော်သမ္မတကြီးနှင့်အတူ ကျွန်တော်တို့ပါတီ၏ အမှတ်တံဆိပ်အဓိပ္ပာယ်နှင့် မူဝါဒသဘောထား လုပ်ငန်းစဉ်များကို တင်ပြခွင့်ပေးထားသော ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်မြင်သံကြားဝန်ထမ်းများအားလုံးနှင့် နားသောတဆင်ပေးသော မိဘပြည်သူမဲဆန္ဒရှင်အပေါင်းတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။

ကျွန်တော်တို့ပြည်ထောင်စု လယ်သမား အလုပ်သမားအင်အားစုပါတီကို (၂၉-၄-၂၀၁၅) ရက်နေ့တွင် ပါတီတည်ထောင်ခွင့်လျှောက်ထားပြီး (၄-၈-၂၀၁၅) ရက်နေ့တွင် ပါတီမှတ်ပုံတင်အမှတ် (၉၉)ဖြင့် ပါတီတည်ထောင်ခွင့်ရရှိခဲ့ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား**

ပါတီအမည်မှာ ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ ဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာ စကားအားဖြင့် Union Farmer-Labour Force ပါတီဟု ခေါ်တွင်စေရမည်ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော လယ်သမား အလုပ်သမားများ အစဉ်အေးချမ်းသာယာရေးအတွက် အစိုးရအဆက်ဆက်နှင့် စုပေါင်းညီညာလက်တွဲကာ အင်အားယူပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးကို အဓိကထားကာ မြန်မာလယ်သမားအလုပ်သမားကို ကမ္ဘာကသိရှိပြီး အလေးထားလာစေရန် ရည်သန်ပါတယ်။

အနီရောင်နောက်ခံထားပြီး အရွယ်တူကြယ်ဖြူ (၁၄)လုံးနှင့် ပင်နယံစက်သွား၏ အလယ်တွင် အစိမ်းရောင် စက်ဝိုင်းအတွင်း ပြုံးရွှင်တက်ကြွနေသောမျက်နှာဖြင့် တံစဉ်ကိုင်ကာစပါးရိတ်သိမ်းနေသော လယ်သမားပုံကို အသိအမှတ်ပြု ရေးဆွဲထားပါတယ်။

(က) အနီရောင်နောက်ခံသည် လယ်သမား အလုပ်သမားအပေါင်းတို့၏ သွေးသည် ရဲရင့်ပြီး နိုင်ငံတော်အပေါ် သစ္စာရှိမည့်စိတ်ဓာတ်ကို ရည်ညွှန်းပါတယ်။

(ခ) အရွယ်တူကြယ်ဖြူ(၁၄)လုံးသည် တိုင်းနှင့်ပြည်နယ် (၁၄)ခုတို့အား ကိုယ်စားပြုပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများ အဆင့်အတန်း မခွဲခြားဘဲ တန်းတူရည်တူရှိမှုကို ဖော်ညွှန်းပါတယ်။

(ဂ) ပင်နယံစက်သွားသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား အလုပ်သမားထုကြီးကို ရည်ညွှန်းပါတယ်။

(ဃ) အစိမ်းရောင်အဝိုင်းသည် ပြည်ထောင်စုလယ်သမားအလုပ်သမားများ၏ စွမ်းအားဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်ညွှန်းပါတယ်။

(င) ပြုံးရွှင်တက်ကြွနေသော လယ်သမားကြီး၏ ပုံသည် ရန်သူမျိုး ငါးပါးမည်သို့ပင်ကျရောက်ပါစေ၊ ပင်ပန်းဆင်းရဲခံနေရမှုကို သားသမီးတို့အား အသိမပေးဘဲ အပြုံးဖြင့် အစဉ်လုပ်ကျွေးနေမည် ဟူသော ဖခင်ကောင်း၏စိတ်ဓာတ်ကို ရည်ညွှန်းပါတယ်။

(စ) တံစဉ်ကိုင်ကာ စပါးရိတ်သိမ်းနေဟန်သည် လယ်သမားအလုပ်သမားအင်အားဖြင့် နိုင်ငံအတွင်း စားနပ်ရိက္ခာထာဝရဖူလုံရေးအတွက် အားကြိုးမာန်တက် အစဉ်ကြိုးစားနေမည်ဟု ရည်ညွှန်းပါတယ်။

(ဆ) တံစဉ်ကိုင်ဆောင်သော လယ်သမားအပေါင်းတို့၏လက်နှင့် အလုပ်သမားထု၏ လက်သည် တိုင်းတစ်ပါးမှ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားလာပါက တပ်မတော်နှင့်အတူ နိုင်ငံတော်ကို ကာကွယ်ရန် ဟူသော အမျိုးသားရေးစိတ်ဓာတ်ကို ရည်ညွှန်းပါတယ်။

ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ သုံးစွဲသည့်အလံနှင့် တံဆိပ်မှာ အတူတူပင်ဖြစ်ပါတယ်။

**ပါတီ၏ မူဝါဒသဘောထားအားဖြင့်**

ကျွန်ုပ်တို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် တိုင်းနှင့်ပြည်နယ် ၁၄ ခုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်း (၁၃၅) မျိုးရှိပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့် တည်ဆောက်ထားသော နိုင်ငံတော်ကြီးဖြစ်ပါတယ်။ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တိုင်းရင်းသားအားလုံး ပိုင်ဆိုင်ကြသကဲ့သို့ တန်းတူ ညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှု သွေးစည်းညီညွတ်မှုကို အခြေပြုရပ်တည်ဖွဲ့စည်းထားသော နိုင်ငံတော်ကြီးဖြစ်ပါတယ်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စု နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် မြန်မာနိုင်ငံ၏ ကျေးလက်နေသောလယ်သမား အလုပ်သမားများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် စက်မှုလယ်ယာစနစ်သို့ မြှင့်တင်ရေး၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ပိုမိုဆောင်ရွက်ရေးနှင့် မြို့ပေါ်နေ အလုပ်သမား လူတန်းစားများ၏ ဘဝတိုးတက်မြင့်မားရေးကို အခြေပြုလျက် ပြည်ထောင်စု လယ်သမား အလုပ်သမားအင်အားစုပါတီကို ဖွဲ့စည်းတည်ထောင်လိုက်ခြင်း ဖြစ်ပါတယ်။

ပါတီကို အမည်ပေးရာတွင် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတော်ဖြစ်သလို လယ်သမား အလုပ်သမားဖြစ်နေကြပါတယ်။ သို့ဖြစ်ပါ၍ တိုင်းရင်းသား လယ်သမား အလုပ်သမားအပေါင်းတို့၏ အင်အားနှင့်စုစည်းပြီး ခေတ်အဆက်ဆက် တက်လာမည့်အစိုးရနှင့် လက်တွဲညှိနှိုင်းကာ ပြည်ထောင်စုကြီးအေးချမ်းသာယာရေးကို ရှေးရှုလျက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁)၊ အပိုဒ်(၂၁)(က) အရ နိုင်ငံသားတိုင်း တန်းတူအခွင့်အရေးရရှိရေးနှင့် အခန်း(၈)နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အပိုဒ် ၃၄၇ တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်ဖြစ်ပါတယ်။ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့် ပေးရမည်နှင့်အညီ ရည်ရွယ်ပြီး “ပြည်ထောင်စုလယ်သမား အလုပ်သမား အင်အားစုပါတီ”ကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

**နိုင်ငံရေးဆိုင်ရာမူဝါဒအားဖြင့်**

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက် ကျူးကျော်လာပါက တံစဉ်ကိုင်ကာ ပြည်သူများအား အလုပ်အကျွေးပြုနေသော လယ်သမား အလုပ်သမား၏လက်သည် တပ်မတော်နှင့်အတူ ယှဉ်တွဲတိုက်ပွဲဝင်ရန် အသင့်အနေအထားဖြင့် ရပ်တည်မည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပွင့်လင်းမြင်သာသော လူ့အဖွဲ့အစည်းအား အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ဒီမိုကရေစီစနစ်ကို အခြေခံသည်နှင့်အညီ အချုပ်အခြာအာဏာသည် ပြည်သူ့လက်ဝယ်သို့ ရောက်ရှိရေးကို အလေးထားရပ်တည်မည်။

(ဂ) အမျိုးသားသင့်မြတ်ပေါင်းစည်းရေးအတွက် နိုင်ငံတော်၏ လွတ်လပ်ရေးသက်တမ်းနှင့်အမျှ တွေ့ကြုံခဲ့ရသည့် ပြည်တွင်းပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် အမျိုးသားရေးအမြော်အမြင်အပေါ် အခြေခံ သည့် ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေး အဖြေရှာပြီး ပြည်ထောင်စုဖွားတိုင်းရင်းသား လယ်သမား အလုပ်သမားတို့၏ အင်အားဖြင့် အမျိုးသားရေးကို သစ္စာမဖောက်ဘဲ အမျိုးသားအကျိုးစီးပွားကို အစဉ်ကာကွယ်စောင့်ရှောက်သွားခြင်းဖြင့် ရပ်တည်မည်။

(ဃ) ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ပြည်နယ်များအား စုပေါင်းတည်ထောင်သည့် ပြည်ထောင်စုကြီးအဖြစ် တိုင်းရင်းသားလူမျိုးစုများ၏ လိုလားချက်ကို ဖြည့်ဆည်းပေးရမည်ဟု အလေးအနက်ရပ်တည်မည်။

**ဥပဒေရေးရာမူဝါဒအားဖြင့်**

ဥပဒေပြဋ္ဌာန်းရေးသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အဓိကဖြစ်ပါတယ်။ ထို့ကြောင့် ဥပဒေအထက်မှာ မည်သူမှမရှိစေရဘဲ ဥပဒေကို နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားအားလုံးက တန်းတူလက်ခံကျင့်သုံးမှသာလျှင် တရားဥပဒေစိုးမိုးမည် ဖြစ်ပါတယ်။ လယ်သမားများအတွက် လယ်ယာမြေလုပ်ကိုင်ခွင့်ဥပဒေနှင့် လယ်ယာမြေသိမ်းဆည်းမှုတွင် ဥပဒေနှင့်အညီ ရှိရမည်ဖြစ်ပါတယ်။



အလုပ်သမားများအတွက် လုပ်ခလစာ ထိုက်ထိုက်တန်တန် ရရှိနိုင်ရန် ဥပဒေပြဋ္ဌာန်းရေးနှင့် လုပ်ငန်းခွင်အတွင်း ပျက်စီးဆုံးရှုံးခံလိုက်ရသော အလုပ်သမားတစ်ဦး၏ ကိုယ်လက်အင်္ဂါ ချို့ယွင်းမှုအတွက် ထိုက်တန်သော ထောက်ပံ့မှုများရရှိနိုင်ရေးနှင့် အလုပ်သမားများအတွက် ဥပဒေနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုပေးနိုင်သော အလုပ်သမားရေးဝန်ကြီးများ ပေါ်ပေါက်လာရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံသားတိုင်းသည် တရားဥပဒေစိုးမိုးရေးကို လက်ခံပြီး ဥပဒေ၏ အကာအကွယ်ကို အပြည့်အဝရရှိခံစားနိုင်စေရန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးဆိုင်ရာများကို ဖွံ့ဖြိုးမှုနောက်ကျသည့် ကျေးလက်ဒေသများတွင် နောင်တက်လာမည့်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ အောင်မြင်သည်၊ မအောင်မြင်သည် ဆိုခြင်းမှာ နောင်တက်လာမည့် အစိုးရ၏ အရည်အချင်းနှင့် ပြည်သူပေါ်ထားသည့် စေတနာပေါ်တွင်လည်း မူတည်ပါတယ်လို့ ပြောကြားလိုပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့ ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီမှ ၂၀၂၀ ခုနှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပမည့် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီးတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် ကျွန်တော်ကိုယ်တိုင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်အရွေးချယ်ခံမည်ဖြစ်ပြီး အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) အဖြစ် (၄) နေရာ၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၁)အဖြစ် (၂)နေရာ၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) တစ်နေရာ ပြည်သူများအတွက် ဝင်ရောက်အရွေးချယ်ခံသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းပြည်ဟာ ရိုးသားကြိုးစားသော လယ်သမား အလုပ်သမားများနှင့် နိုင်ငံတည်ထားခြင်းပဲဖြစ်ပါတယ်။ နိုင်ငံတော်၏ အလုပ်သမားလယ်သမားတွေဟာ ကောင်းကင်မှာရှိသော ကြယ်ပွင့်များနှင့်တူပါတယ်။ ကြယ်ပွင့်တွေဟာ နေရောင်ခြည်ရဲ့ စွမ်းပကားနှင့် ညအခါမှာ အလင်းပြန်ပေးနိုင်တာပါ။ သို့ဖြစ်ပါ၍ လယ်သမားအလုပ်သမားများအား နေရောင်ခြည်ကဲ့သို့ မေတ္တာဖြင့် ဖွံ့ဖြိုးတိုးတက်မှုပေးစွမ်းနိုင်သော နိုင်ငံတော်သမ္မတကြီးနှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်သုံးရပ်မှ ဥက္ကဋ္ဌများမှ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးမှသာလျှင် ဆင်းရဲသားလယ်သမား အလုပ်သမားများမှလည်း နိုင်ငံတော်သို့ အလင်းခွန်အား ပြန်လည် ပေးဆောင်နိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် ကျွန်တော်တို့ပါတီမှ လယ်သမားအလုပ်သမားကို ကိုယ်စားပြုသော စပါးရိတ်သိမ်းနေဟန် လယ်သမားဦးကြီးပုံနှင့် ပင်နယံစက်သွားပုံကို အလံပေါ်တင်ပေးထားပါတယ်။ လယ်သမား အလုပ်သမား ဦးကြီးများကလည်း မြင့်တယ်ထင်ပြီး အလံပေါ်မှ ခုန်မချကြဖို့ တိုက်တွန်းပြောကြားရင်း လာမည့်ရွေးကောက်ပွဲကြီးတွင် နိုင်ငံသားအားလုံး၏ ဘဝများ ဥပဒေနှင့်အညီ တန်းတူအခွင့်အရေး ရရှိပြောင်းလဲစေဖို့အတွက် လယ်သမားဦးကြီး၏ပုံနှင့် အလုပ်သမားတံဆိပ်ကို နှလုံးသားမှာ ဆင်မြန်းကာ မဲပေးကြမှသာလျှင် လွှတ်တော်အတွင်း ရှုပ်ရှုပ်ချုံချုံ၊ ရဲရဲရင့်ရင့်ဖြင့် တင်ပြဆွေးနွေးပေးနိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များ ပေါ်ပေါက်လာမည် ဖြစ်ပါတယ်။

လာမည့်ရွေးကောက်ပွဲကြီးတွင် ကျွန်တော်တို့ ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီအား မဲပေးရပ်တည်ခြင်းအားဖြင့် အခြေခံလူတန်းစား လယ်သမား အလုပ်သမား တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့အား ဥပဒေနှင့်အညီ တန်းတူအခွင့်အရေးပေး ဆောင်ရွက်နိုင်သော အစိုးရတစ်ရပ်ပေါ်ထွန်းလာစေရန် ကျွန်ုပ်တို့ ပါတီနှင့် လက်တွဲရွေးချယ်နိုင်ပြီး ဆန္ဒနှင့်ဘဝများ ထပ်တူကျကာ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ရပါတယ် ခင်ဗျား။

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**

# မြန်မာ့ရော်ဘာ အရည်အသွေးမြှင့်တင်ရေးနှင့် ပြည်ပတင်ပို့မှုတိုးတက်ရေး နှီးနှောဖလှယ်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာ့ရော်ဘာ အရည်အသွေးမြှင့်တင်ရေးနှင့် ပြည်ပတင်ပို့မှုတိုးတက်ရေး နှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။

**ပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်မည်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာ့သဘာဝ ရော်ဘာထုတ်ကုန်များ အရည်အသွေးပိုမိုကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်များ၊ စက်ရုံပိုင်ရှင်များဖြင့် Supply Chain တစ်လျှောက်ပါဝင်ပတ်သက်သူများအားလုံး ကဏ္ဍအလိုက်ပူးပေါင်းအဖြေရှာပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုမြင့်မားလာစေရေးတို့အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) လုပ်ငန်းစီမံချက်ကို ဦးစားပေးကဏ္ဍ ကုန်စည် ၁၁ ခု၊ ဝန်ဆောင်မှုနှစ်ခုနှင့် အထောက်အကူပြုကဏ္ဍ ငါးခု စုစုပေါင်း ၁၈ ခု သတ်မှတ်အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရော်ဘာကဏ္ဍသည်လည်း ဦးစားပေးကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ပါကြောင်း၊ မြန်မာ့ရော်ဘာ စံအရည်အသွေးသတ်မှတ်ချက်များ၊ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်တင်ပို့နိုင်မှသာ ပြည်ပဈေးကွက်သို့ ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာ့ရော်ဘာ ထုတ်လုပ်တင်ပို့ရာတွင် ကြုံတွေ့နေရသည့်အခက်အခဲ၊ အတားအဆီးများကို Supply Chain တစ်လျှောက် ပါဝင်ပတ်သက်သူများအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ ပို့ကုန်ကဏ္ဍကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက ဘဏ္ဍာနှစ်အလိုက် ရော်ဘာတင်ပို့နိုင်မှု၊ နိုင်ငံအလိုက်ဈေးကွက်ရရှိမှုနှင့် ရော်ဘာကဏ္ဍတိုးတက်ရေးအတွက် ဝန်ကြီးဌာနမှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာဌာနများအလိုက် ပညာရှင်များက စာတမ်းဖတ်ကြားခြင်း၊ ရော်ဘာစိုက်ပျိုးတောင်သူများ၊ စက်ရုံပိုင်ရှင်များ၊ ကုန်သည်လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအလိုက် ရေတိုရေရှည် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# လူငယ်ရေးရာမူဝါဒဆိုင်ရာ မဟာဗျူဟာစီမံချက်အရ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု လုပ်ငန်းစီမံချက် ရေးဆွဲအကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃၀**

လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀ - ၂၀၂၄) အပေါ် ဦးစားပေးလုပ်ငန်း အစီအစဉ်ဖြစ်သည့် ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ရှိသူများနှင့် UNFPA Myanmar မှ ကိုယ်စားလှယ်တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**ဦးစားပေးအကောင်အထည်ဖော်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူငယ်ရေးရာမူဝါဒကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ကို ဩဂုတ် ၂၀ ရက်တွင် အတည်ပြုနိုင်ခဲ့ပါကြောင်း၊ မူဝါဒပါ အဓိကကဏ္ဍ ၁၆ ရပ်အနက် ပြည်သူ့နီတိနှင့် နိုင်ငံ့သားကောင်းဖြစ်မှုကဏ္ဍကို ဦးစားပေးအကောင်အထည်ဖော်ရန် ရွေးချယ်ထားရှိပါကြောင်း၊ ယင်းကဏ္ဍတွင် လူ့အခွင့်အရေး၏ တန်ဖိုးများ၊ ဒီမိုကရေစီစံနှုန်းများနှင့် ဖက်ဒရယ်သဘောတရားများကို လူငယ်များ နားလည်၊ ကျင့်သုံးနိုင်စေရေး အားပေးမြှင့်တင်ရန်၊ နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပျိုးထောင်သည့် အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ လူငယ်များ၏ စေတနာ့ဝန်ထမ်းနှင့် ပရဟိတစိတ်ဓာတ် ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရန်၊ အထောက်အကူပေးရန်နှင့် ဝန်ထမ်းလူငယ်များကို ထိုက်သင့်သောလစာ၊ စွမ်းရည်မြှင့်တင်မှုအစီအစဉ်များနှင့် အကျိုးခံစားခွင့် ရရှိစေပြီး အလုပ်ကို ဂုဏ်ယူမြတ်နိုးစိတ်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုစိတ်ဓာတ်များ ပျိုးထောင်မြှင့်တင်ပေးခြင်းဖြင့် အဂတိလိုက်စားမှုများကို ဆန့်ကျင်တိုက်ဖျက်ရန်စသော လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။



**လူငယ်များ ပါဝင်ရန်လိုအပ်နေ**

လူငယ်များ၏ စေတနာ့ဝန်ထမ်းနှင့် ပရဟိတစိတ်ဓာတ်ဖွံ့ဖြိုးမှုသည် လက်ရှိတွင်လည်း အခြေအနေတစ်ရပ်ကိုရရှိနေပြီဖြစ်ပြီး လူငယ်များအားလုံး ပါဝင်လာရန် လိုအပ်နေပါသေးကြောင်း၊ ပံ့ပိုးကူညီမှုများလည်း ပြုလုပ်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူငယ်ရေးရာ လူငယ်မူဝါဒအရ လူငယ်ဝန်ထမ်းများလည်း အကျုံးဝင်ပါကြောင်း၊ ဝန်ကြီးဌာနများရှိ လူငယ်ဝန်ထမ်းများ၏ ရိုးသားမှု၊ ကြိုးစားမှုနှင့် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသကဲ့သို့ တာဝန်ခံမှု၊ တာဝန်ယူမှုစိတ်ဓာတ်များကိုလည်း မြှင့်တင်ပေးခြင်းဖြင့် အဂတိလိုက်စားမှုများကို ဆန့်ကျင်တိုက်ဖျက်နိုင်မည်ဖြစ်ကြောင်း၊ ရသင့်သည့်အခွင့်အရေးများကိုလည်း အပြည့်အဝရရှိစေရန် လိုအပ်ကြောင်း၊ အနာဂတ်အတွက် အမွေကောင်းများကို ခံယူခြင်း၊ ဆက်လက် လက်ဆင့်ကမ်းပေးနိုင်ခြင်းများရရှိရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုကိုဗစ်-၁၉ ကာလတွင် ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများကို ကျေပွန်အောင် ထမ်းဆောင်ရမည်ဖြစ်၍ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နှောင့်နှေးကြန့်ကြာခြင်းမရှိစေရန် ကိုဗစ်-၁၉ နှင့်ယှဉ်တွဲပြီး အစီအစဉ်များကို ချမှတ်ထားရှိရန် လိုအပ်ကြောင်း၊ လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် ဆက်စပ်ဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူငယ်များအားလုံးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုဖြစ်ပွားဆဲကာလတွင် မိမိတို့နေအိမ်မှ ပါဝင်ဆောင်ရွက်နိုင်မည့်အစီအစဉ်များကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ရာ နည်းပညာအပါအဝင် ပူးပေါင်းဆောင်ရွက်ရမည့် လိုအပ်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။

**တင်ပြဆွေးနွေး**

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်သူ့နီတိနှင့် နိုင်ငံ့သားကောင်းဖြစ်မှုကဏ္ဍနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့် ဘဏ္ဍာငွေလျာထားမှုများကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ယနေ့အစည်းအဝေးတွင် လူငယ်ရေးရာ မူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) အပေါ် လုပ်ငန်းစီမံချက်ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေအရ Online စနစ်ဖြင့် ဆောင်ရွက်ရာတွင် ပိုမိုအကျိုးရှိထိရောက်မည့် နည်းလမ်းများဖော်ထုတ်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ချိတ်ဆက်ဆောင်ရွက်ရမည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ဆက်လက်ဆွေးနွေးညှိနှိုင်းရန်ဖြစ်ကြောင်း ပြောကြားသည်။

**အကောင်အထည်ဖော်**

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် UNFPA Myanmar တာဝန်ရှိသူများက လူငယ်ရေးရာကော်မတီဝင်များ၊ လူငယ်များနှင့်အတူ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆွေးနွေးညှိနှိုင်းမည့် အစီအစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အမေးအဖြေကဏ္ဍများ၊ Application ရေးဆွဲဆောင်ရွက်ထားရှိမှုများနှင့် ဦးစားပေးအကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ဦးစားပေး အစီအစဉ်များအလိုက် အွန်လိုင်းစနစ်ဖြင့် စနစ်တကျ အချိန်ကာလသတ်မှတ်၍ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**✻ ဆေးခန်းမှ**

ဆောင်ရွက်နေပြီး တစ်မြို့နယ်နှင့်တစ်မြို့နယ် လူနာထားရှိမှု အရေအတွက် မတူညီကြောင်း၊ လူဦးရေကန့်သတ်ချက်နှင့် ထားရှိရသည့်အတွက် အနံ့ပျောက်လူနာတိုင်းကို သီးခြားဆောင်တွင် ထားရှိရန် မလွယ်ကူကြောင်း၊ ထို့အတွက်ကြောင့် နေအိမ် (သို့မဟုတ်) အဆောင်များတွင် သီးခြားခွဲနေရန် အဆင်မပြေသူများကို ဦးစားပေးဆောင်ရွက်ပြီး သီးခြားခွဲနေရန် အဆင်ပြေသူများကို ဆရာဝန်၏ လမ်းညွှန်ချက်နှင့်အညီ နေအိမ်တွင်စောင့်ကြည့်သဘောထားရှိကာ အရေးပေါ်အခြေနေရှိပါက ဆက်သွယ်ဆောင်ရွက်စေကြောင်း ဒေါက်တာကျော်မင်းထွန်းက ပြောသည်။

"အဓိကက သူတို့ကိုအစားအသောက်ပဲ စားခိုင်းတယ်။ အစားပုံမှန်စား၊ ရေများများသောက်၊ အိပ်ရေးဝအောင်အိပ်၊ ကိုယ်ခံစွမ်းအားကောင်းအောင်နေ၊ တစ်ကိုယ်ရေသန့်ရှင်းမှုလည်း လုပ်ခိုင်းတယ်။ အဓိကက ကိုယ်ခံစွမ်းအားတက်လာဖို့ အရေးကြီးတယ်။ အားဆေးအနေနဲ့ ဗီတာမင်-စီ သောက်ခိုင်းတယ်။ အိမ်မှာနေတဲ့သူတွေဆိုရင် သီးသန့်အခန်းမှာ နေခိုင်းတယ်။ အသုံးအဆောင်ပစ္စည်းတွေ ခွဲသုံးခိုင်းတယ်။ နှာခေါင်းစည်း၊ မျက်နှာအကာ၊ လက်အိတ်ကအစ အသုံးပြုခိုင်းတယ်။ နေ့စဉ် တစ်ရက်ခြားတစ်ခါ သတင်းပို့ခိုင်းတယ်။ အဲဒါမျိုးတွေ ညွှန်ကြားပေးပါတယ်"ဟု ၎င်းက ပြောသည်။

ယင်းသို့ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်သည့် လူနာများထဲတွင် ၉၉ ရာခိုင်နှုန်းမှာ သက်သာပျောက်ကင်းပြီး တစ်ရာခိုင်နှုန်းခန့်သာ အရေးပေါ်အခြေအနေနှင့် ကြုံတွေ့ရကြောင်း သိရသည်။

ဖျားနာကုအခမဲ့ဆေးခန်းများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်၊ လှိုင်သာယာ၊ အင်းစိန်၊ အရှေ့ဒဂုံ၊ ရွှေပြည်သာ၊ တောင်ဒဂုံ၊ တောင်ဥက္ကလာ၊ ကြည့်မြင်တိုင်၊ မှော်ဘီ၊ အလုံ၊ ရန်ကင်း၊ လှိုင်၊ သာကေတ၊ မြောက်ဥက္ကလာ၊ မရမ်းကုန်း၊ တွံတေး၊ ဒေါပုံ၊ သန်လျင်၊ ကော့မှူး စသည့်မြို့နယ်များ၌ ဖွင့်လှစ်ထားသည်။

**သတင်း - အေးမင်းသူ၊ ဓာတ်ပုံ - ရွှေပြည်သာဖျားနာကုအခမဲ့ဆေးခန်း**

## ရောဝတီမြစ်ရေ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၃၀**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ရွှေကူမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**မိုး/ဇလ**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

**ကော့သောင်း စက်တင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန် ရှိသူများနှင့်အတူ ကော့သောင်းမြို့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့သောင်းမြို့ ဘုရင့်နောင်အငူပတ်လမ်း အဆင့်မြင့်ဆိုင်ခန်းများ ဆောက်လုပ်မှုလုပ်ငန်းခွင်သို့ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘဂွမ်က ဈေးဆိုင်ခန်းဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆိုင်ခန်းများ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ နယ်စပ်ဒေသဖြစ်၍ မြို့အင်္ဂါရပ်နှင့်အညီ မြန်မာ့ရိုးရာအစားအသောက်များအား သန့်ရှင်းသန့်ပြန့်စွာ ရောင်းချရေး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၀၀၀ ဖြင့် လမ်းဦးစီးဌာနမှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် နိုင်ငံခြားတင်ပို့မည့် ရေထွက်ကုန်ပစ္စည်းများ သယ်ယူသည့် ငါးသယ်လှေများ၊ကမ်းနီးကမ်းဝေးငါးဖမ်းလှေများအားစစ်ဆေးရာတွင် အသုံးပြုမည့် ချဉ်းကပ်လမ်း အရှည်ပေ ၅၀၊ အကျယ်ပေ ၂၀ နှင့် ပင်မတံတား အရှည်ပေ ၂၀၀၊ အကျယ် ပေ ၅၀ ရှိ FOB ဆိပ်ခံတံတားဆောက်လုပ်မှုလုပ်ငန်းခွင်သို့ရောက်ရှိရာ တံတားနှင့်ချဉ်းကပ်လမ်း တည်ဆောက်နေမှုအခြေအနေများကို လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ဇော်ဝင်းက ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တံတားတည်ဆောက်မှု လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးနိုင်ရေး လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းဆောင်ရွက်မှုများ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပဲခူး စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့နယ်အတွင်း ကွင်းဆင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ယမန်နေ့က ကြည့်ရှုစစ်ဆေး ခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ ခေတ္တခွဲအတည်ပြုလူနာများ ထားရှိကုသမှုပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် ပဲခူးမြို့ တိုင်းရင်းဆေးရုံသို့ သွားရောက်၍ ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင်အပါအဝင် ဌာနဆိုင်ရာတာဝန်ရှိသူများက လူနာများအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ တိုင်းရင်းဆေးရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအတွင်း အနံ့ပျောက်သည့် လက္ခဏာပြသူများ ပိုမိုများပြားလာပါက အဆင်ပြေစွာထားရှိနိုင်ရေးအတွက် ပဲခူးတက္ကသိုလ်ဝင်းအတွင်းရှိ တက္ကသိုလ်ဆေးရုံအဆောက်အအုံသို့ သွားရောက်ကြည့်ရှုခဲ့ရာ ပဲခူးတက္ကသိုလ် ပါမောက္ခချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြင်ဆင်ရန် လိုအပ်မှု၊ အဆိုပါ သံသယလက္ခဏာရှိသူများ ထားရှိနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် လူမှုရေးအသင်းအဖွဲ့များအား ကျန်းမာရေးသုံးပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့

**မုံရွာ စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီက မုံရွာမြို့ ဒေါနခြံကန့်သတ်စောင့်ကြည့်စခန်းတွင် မုံရွာမြို့ပေါ်ရှိ လူမှုရေးအသင်းအဖွဲ့များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မုံရွာမြို့ပေါ်ရှိ ကရုဏာမြင့်မိုရ်၊ ရုံးကြီးလူငယ်၊ ဒေဝဂတိ၊ စိတ္တသုခ၊ ဇနသုခ၊ ဖြူစင်မေတ္တာ၊ သုခဟိတ၊ မြို့သစ်လူငယ်၊ Rescue၊ ရာသက်ပန် စသည့် ကျန်းမာရေး၊ လူမှုကူညီရေး အသင်းအဖွဲ့ ၁၀ ဖွဲ့အား ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လိုအပ်လျက်ရှိသည့် ကျန်းမာရေးသုံးပစ္စည်းများဖြစ်သော နှာခေါင်းစည်း အခု ၁၅၀၀၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ အစုံ ၅၀၊ N-95 နှာခေါင်းစည်း အခု ၅၀၊ Glasses ၅၀ တို့ကို လည်းကောင်း၊ အလှူရှင် ဦးမျိုးဝင်း-ဒေါ်မြမြဝင်း (သီဟသုဓမ္မသိင်္ဂီ)က တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ အစုံ ၂၂၀၊ နှာခေါင်းစည်း အခု ၁၀၀၀နှင့် စကားပြောစက် အလုံး ၂၀၊ ပိုးသတ်ဆေးပုံးငါးပုံးတို့အပြင် ဒေါနခြံရပ်ကွက်ကန့်သတ်စောင့်ကြည့်စခန်းသို့ လေအေးပေးစက်ရှစ်လုံး၊ ရေပူရေအေး စက်တစ်လုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၅ သိန်းတို့ကို လည်းကောင်း၊ DENKO ကုမ္ပဏီမှ ကျန်းမာရေး လူမှုကူညီရေး အသင်းအဖွဲ့ ၁၀ သင်း၏ ယာဉ်များအတွက် လောင်စာဆီဖိုးအဖြစ် ငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း တာဝန်ရှိသူများထံသို့ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဒေါနခြံရပ်ကွက်ကန့်သတ်စောင့်ကြည့်စခန်းအတွင်း စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**



# ကိုဗစ်-၁၉ အကျပ်အတည်း - ပိုမိုကောင်းမွန်သောအနာဂတ်ကို တည်ဆောက်ရေး

ယနေ့အချိန်အခါတွင် ကျွန်ုပ်တို့အနေဖြင့် အကျပ်အတည်းတစ်ခုအတွင်းသို့ ကျရောက်လျက်ရှိနေသည်ကို အားလုံးအနေဖြင့် ကောင်းစွာသိရှိခံစားနားလည်ထားကြပြီးဖြစ်မည်ဟု မျှော်လင့်ပါသည်။ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါ၏ ရိုက်ခတ်မှုဒဏ်ကို တစ်ဦးတစ်ယောက်ချင်းသာမက အစုအဖွဲ့လိုက် ခံစားရလျက်ရှိပါသည်။ ကမ္ဘာတစ်ဝန်းရှိ လူသန်းပေါင်းများစွာအနေဖြင့် ရောဂါကူးစက်ခံရလျက်ရှိပြီး အချို့မှာ မိမိတို့၏ချစ်ခင်မြတ်နိုးရသူများ ဆုံးရှုံးရလျက်ရှိသကဲ့သို့ လူဦးရေအများအပြားမှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးကြရလျက်ရှိပါသည်။


သောင်းထွန်း

**နိုင်ငံတော်အစိုးရက ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရာနှုန်းပြည့် ဖြန့်ဖြူးပေးနိုင်ရေး ချမှတ်ထားသည့် မဟာဗျူဟာနှင့်အညီ ဗို့အားတည်ငြိမ်မှုရှိသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုမှတစ်ဆင့် အလားတူ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် အခြားသောကဏ္ဍများအတွက် အနာဂတ် ရင်းနှီးမြှုပ်နှံမှုများကို လမ်းဖွင့်ပေးနိုင်မည် ဖြစ်ရာ မျိုးဆက်သစ်လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမို ဖန်တီးဖော်ဆောင်ပေးနိုင်တော့မည်။**

ကမ္ဘာ့နိုင်ငံများအနေဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါ ပြန့်ပွားမှုမရှိစေရေးအတွက် ထိန်းချုပ်ကန့်သတ်မှုများကို အဆင့်အမျိုးမျိုးဖြင့် ဆောင်ရွက်ရလျက်ရှိရာ ဗိုင်းရပ်စ် ကူးစက်မှုမှသည် ကျွန်ုပ်တို့၏ စီးပွားရေးအပေါ် များစွာ ထိခိုက်စေခဲ့ပြီး နှစ်ကာလရှည်လျားစွာ ကြိုးစားခဲ့ရသည့် ဖွံ့ဖြိုးတိုးတက်မှုများမှာ လအနည်းငယ်အတွင်းမှာပင် ပျောက်ကွယ်သွားခဲ့ရပါသည်။ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ထိခိုက်ခံစားရပြီးသူများအတွက် မူလရှိရင်းစွဲစိန်ခေါ်မှုများ၊ ပထဝီအနေအထား ခြားနားမှုနှင့် စီးပွားရေးကွာဟချက်များကို ပိုမိုကြီးထွားလာစေခဲ့ပါသည်။

### သုည ဒသမ ၇ ရာခိုင်နှုန်းထိ ကျဆင်းနိုင်

ဝယ်လိုအားကျဆင်းခဲ့သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးလျက်ရှိသည့် ကုန်ထုတ်လုပ်မှုကဏ္ဍအပေါ် ဆိုးရွားစွာ ထိခိုက်စေခဲ့ပါသည်။ ထို့အတူ နိုင်ငံအချင်းချင်း ခရီးသွားလာမှု မရှိသောကြောင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ခုဖြစ်သည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိုလည်း များစွာထိခိုက်စေခဲ့ပါသည်။ အမှန်စင်စစ် ၂၀၂၀ ပြည့်နှစ်အတွက် အာရှဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP)တိုးတက်မှုနှုန်းမှာ လွန်ခဲ့သည့် နှစ်ပေါင်း(၆၀) အတွင်း သုည ဒသမ ၇ ရာခိုင်နှုန်းထိ ကျဆင်းနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားပါသည်။




ဓာတ်မြစ်–Asia Development Bank, Asian Development Outlook(ADO) 2020 Update(September 2020)

မြန်မာနိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများနည်းတူ ကိုဗစ်–၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုဒဏ်ကို စီးပွားရေး၊ ပြည်သူများ၏ဘဝနှင့် လူမှုအသိုက်အဝန်းများအပေါ် အလားတူ ခံစားရလျက်ရှိပါသည်။ ကျွန်ုပ်တို့နိုင်ငံ၏ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာသည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအပေါ် မှီခိုနေကြရသည့် သန်းပေါင်းများစွာသော ဘဝများ၏ အသက်ရှင်ရပ်တည်မှုအပေါ် ဆိုးရွားစွာ ရိုက်ခတ်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ မျိုးဆက်သစ်ကျောင်းသားလူငယ်များ၏ ပညာသင်ကြားမှုကိုလည်း အဟန့်အတားဖြစ်စေခဲ့သကဲ့သို့ မြန်မာရွှေ့ပြောင်းအလုပ်သမားများ အနေဖြင့်လည်း နေရပ်သို့ ပြန်လာရလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP)တိုးတက်မှုနှုန်းမှာ လွန်ခဲ့သည့် နှစ်အတွင်း ၆ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၁ ဒသမ ၈ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပါသည်။ ယင်းအချက်ကပင် ကျွန်ုပ်တို့အနေဖြင့် ကိုဗစ်–၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးနှင့် ပြန်လည်ထူထောင်ရေးစီမံချက် (Covid–19 Economic Relief and Recovery Plan) ကို အပြည့်အဝ အကောင်အထည်ဖော်ခြင်းဖြင့် နောက်ထပ်ကြုံတွေ့လာရမည့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်ဖြတ်ကာ ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်သွားရန်လိုအပ်ကြောင်း ပြသလိုက်ခြင်းပင်ဖြစ်ပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်ကမူ ၂၀၂၁ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ကိုဗစ်–၁၉ မဖြစ်ပွားမီက ရရှိခဲ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းနီးပါးဖြစ်သည့် (၆)ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိမည်ဟု ခန့်မှန်းထားပါသည်။

### စိန်ခေါ်မှု ရင်ဆိုင်ကြုံတွေ့ရ

မြန်မာနိုင်ငံအနေဖြင့် တံခါးပိတ်စီးပွားရေးပုံစံ ကျင့်သုံးခဲ့စဉ်က ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ၏ သက်ရောက်မှုများကို အတိုင်းအတာတစ်ခုအထိ အကာအကွယ်ပေးနိုင်မည်ဖြစ်သော်လည်း ယနေ့ခေတ်ကာလတွင် မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့် ချိတ်ဆက်ပူးပေါင်းကာ စီးပွားရေးတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးပွားလာခဲ့သည့်အတွက် ကိုဗစ်–၁၉ ကဲ့သို့သော မမျှော်မှန်းနိုင်သည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

ကျွန်ုပ်တို့နိုင်ငံအနေဖြင့် ဆေးရုံ၊ ဆေးခန်းများနှင့် quarantine centers များတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသူများနှင့် ကိုဗစ်–၁၉ ရောဂါ တိုက်ဖျက်ရေး ရှေ့တန်းနှင့်နောက်တန်း စစ်မျက်နှာများအတွက် စဉ်ဆက်မပြတ် ပံ့ပိုးကူညီဆောင်ရွက်ပေးနေသူများ အားလုံးကို အစဉ်ထာဝရ ကျေးဇူးတင်ရှိနေမည်သာ ဖြစ်ပါသည်။


ကျွန်ုပ်အနေဖြင့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများ လျင်မြန်စွာ ဝယ်ယူပံ့ပိုးရေးကော်မတီဥက္ကဋ္ဌဖြစ်သည်နှင့်အညီ ယခုလအစောပိုင်းတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လူနာတင်ယာဉ်အသစ်များ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် လူနာတင်ယာဉ်များကိုလည်း လာမည့်ရက်သတ္တပတ်များအတွင်း ဆက်လက်လွှဲပြောင်းပေးမည်ဖြစ်၍ ဝမ်းသာရပါသည်။

ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူရေးကော်မတီသည် မြို့ပြနှင့် ကျေးလက်ကျန်းမာရေးစင်တာများသို့ အထူးကြပ်မတ်စောင့်ရှောက်မှုဆိုင်ရာပစ္စည်းများနှင့် တစ်ကိုယ်ရေအကာအကွယ်ပေးသည့်ပစ္စည်းများ(PPEs)ကို မြန်ဆန်စွာ ပံ့ပိုးပေးနိုင်ရန်အတွက် ကုလသမဂ္ဂစီမံကိန်းလုပ်ငန်းများဆိုင်ရာရုံး(UNOPS)ကဲ့သို့သော မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ပြည်တွင်း၊ ပြည်ပဈေးကွက်များမှတစ်ဆင့် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများကို ပွင့်လင်းမြင်သာစွာဖြင့် မြန်ဆန်ထိရောက်စွာဝယ်ယူရရှိနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ ကပ်ရောဂါကာလအတွင်း လိုအပ်လာမည့် ဆေးနှင့်ဆေးပစ္စည်းများကို တတ်အားသရွေ့ ဖြည့်ဆည်းပေးခြင်းအားဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လုပ်ဖော်ကိုင်ဖက်များ ရင်ဆိုင်ရလျက်ရှိသည့် ဖိအားအချို့ကို ကူညီဖြေလျှော့ပေးလျက်ရှိပါသည်။

### စီးပွားရေးထိခိုက်မှုများ လျှော့ချနိုင်ခဲ့

ထိုသို့ဆောင်ရွက်ရာတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဖွံ့ဖြိုးမှုအကူအညီများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(DACU) နှင့် ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီတို့ကလည်း အားသွန်ခွန်စိုက် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ယခုနှစ်မတ်လအတွင်း မြန်မာနိုင်ငံ၏ ပထမဆုံး ရောဂါကူးစက် အတည်ပြုလူနာကို တွေ့ရှိခဲ့ပြီးနောက် စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(CERP) ကို ရေးဆွဲဆောင်ရွက်ခဲ့ရာ စီးပွားရေးလျင်မြန်စွာ ပြန်လည်ဦးမော့လာစေရေး အခြေခံအုတ်မြစ်များ ချမှတ်နိုင်ခဲ့ရုံမျှမက ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးအရ ထိခိုက်မှုများကို လျှော့ချနိုင်ခဲ့ပါသည်။

အဆိုပါ ကိုဗစ်–၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP)နှင့်အညီ ယနေ့အချိန်အထိ မြန်မာကျပ်ငွေ စုစုပေါင်း (၂)ထရီလီယံကို ထုတ်ချေးပေးခဲ့ပါသည်။ အဆိုပါ ထုတ်ချေးငွေများအနက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အထောက်အကူပြုစေရန် ထုတ်ချေးပေးခဲ့သည့် မြန်မာကျပ်ငွေ (၂၀၀)ဘီလီယံ၊ လယ်တစ်ဧကလျှင် မြန်မာကျပ်ငွေ(၅)သောင်းနှုန်းဖြင့် တောင်သူလယ်သမားများထံသို့ ထုတ်ချေးပေးခဲ့သည့် မြန်မာကျပ်ငွေ (၆၀၀)ဘီလီယံ၊ အသေးစားငွေချေး လုပ်ငန်းများသို့ ထုတ်ချေးပေးခဲ့သည့် မြန်မာကျပ်ငွေ (၁၀၀) ဘီလီယံ ၊ အသေးစား၊ အငယ်စားနှင့်




ဓာတ်မြစ်– ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

အလတ်စား စီးပွားရေးလုပ်ငန်းများသို့ ထုတ်ချေးပေးခဲ့သည့် မြန်မာကျပ်ငွေ(၂၀၀) ဘီလီယံနှင့် လက်ဖက်ရည်ဆိုင်ငယ်များနှင့် လမ်းဘေးဈေးဆိုင်ငယ်များသို့ ထုတ်ချေးပေးခဲ့သည့် မြန်မာကျပ်ငွေ (၁၀၀)ဘီလီယံတို့ ပါဝင်ပါသည်။

### ကုစားနိုင်ရန်နှင့် ပြန်လည်ထူထောင်နိုင်ရန်

ရေတိုကာလတွင် စီးပွားရေး ထိခိုက်မှုသက်သာရေးကို အမြန်ဆုံးကုစားနိုင်ရန်နှင့် ရေရှည်ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်ပက အတိုးနှုန်း သက်သာသော ချေးငွေနှင့် အကူအညီအထောက်အပံ့များ အတွက် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ ရရှိစေရန် ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့(DACU)နှင့် အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိပါသည်။

ပြီးခဲ့သည့်နှစ်များအတွင်း ပထမဆုံးအကြိမ်အဖြစ် ဘဏ္ဍာရေးနှစ်(၁)နှစ်အတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၅) ဘီလီယံကျော်ကို ခွင့်ပြုပေးခဲ့ရသည်ကို သုံးသပ်ပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားမှုလျော့ကျသွားခြင်း မရှိသေးကြောင်း သိရှိရသဖြင့် ကျွန်ုပ်အနေဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် အသစ်ထပ်မံ အဆိုပြုထားသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် အိမ်ရာအဆောက်အအုံဖွံ့ဖြိုးမှုကဏ္ဍဆိုင်ရာ စီမံကိန်းကြီးများကို အလေးအနက်ထားလေ့လာသုံးသပ်လျက်ရှိပါသည်။ လွယ်ကူသည့် ကိစ္စရပ်တစ်ခုမဟုတ်သော်လည်း သင့်လျော်ပြီး တာဝန်ယူမှု တာဝန်ခံမှုရှိသည့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ်စီးဝင်လာစေခြင်းအားဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိပြီး ပိုမိုခံနိုင်ရည်ရှိသည့် စီးပွားရေးနာလန်ထူမှုအတွက် မရှိမဖြစ်အရေးပါသည့်ကဏ္ဍမှ အထောက်အပံ့ပြုလျက်ရှိပါသည်။

### အကြီးဆုံး လျှပ်စစ်ဓာတ်အားစက်ရုံ

လွန်ခဲ့သောလအနည်းငယ်အတွင်း၌လည်း မိမိတို့မျှော်မှန်းထားသည့်အတိုင်း ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန်အတွက် အရေးပါသောခြေလှမ်းများကို အစပြုနိုင်ခဲ့ပါသည်။ ပထမဦးစွာ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ဂျပန်ကုမ္ပဏီများဖြစ်သည့် Marubeni၊ Sumitomo Corp. နှင့် Mitsui & Co. တို့က အဆိုပြုထားသည့် ကျောက်မီးသွေးအစားထိုးစီမံကိန်းဖြစ်သော LNG ဓာတ်ငွေ့အသုံးပြု လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါစီမံကိန်းတွင် ဓာတ်ငွေ့လောင်စာကို အသုံးပြု၍ (၁၂၅၀)မဂ္ဂါဝပ်ပမာဏရှိလျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်သည့် မြန်မာနိုင်ငံ၏ လက်ရှိလျှပ်စစ်ထုတ်လုပ်မှုပမာဏ၏ (၅)ပုံ(၁)ပုံကို ထုတ်လုပ်ပေးသွားနိုင်မည့် မြန်မာ့အကြီးဆုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရေးလည်း ပါဝင်ပါသည်။ နိုင်ငံတော်အစိုးရက ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရာနှုန်းပြည့် ဖြန့်ဖြူးပေးနိုင်ရေးချမှတ်ထားသည့် မဟာဗျူဟာနှင့်အညီ ဗို့အားတည်ငြိမ်မှုရှိသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုမှတစ်ဆင့် အလားတူ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် အခြားသောကဏ္ဍများအတွက် အနာဂတ်ရင်းနှီးမြှုပ်နှံမှုများကို လမ်းဖွင့်ပေးနိုင်မည်ဖြစ်ရာ မျိုးဆက်သစ်လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုဖန်တီးဖော်ဆောင်ပေးနိုင်တော့မည် ဖြစ်ပါသည်။

စာမျက်နှာ ၂၁ သို့ ❍

❍ စာမျက်နှာ ၂၀ မှ

ဒုတိယဆောင်ရွက်ချက်အနေဖြင့် အစိုးရ၏ ရည်မှန်းချက်ဖြစ်သည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်အတွက် နေရောင်ခြည်စွမ်းအင်အသုံးပြု လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းစီမံကိန်း ၃၀ နီးပါးအတွက် နိုင်ငံတကာကုမ္ပဏီများပါဝင်သည့် ဈေးပြိုင်တင်ဒါကို ခေါ်ယူနိုင်ခဲ့ပါသည်။


**သက်သာသည့် ဈေးနှုန်းဖြစ်လာ**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စိန်ခေါ်မှုများကြုံတွေ့ရလျက်ရှိသော်လည်း တင်ဒါအဆိုပြုလွှာ ၁၅၅ ခုကိုရရှိခဲ့ပြီး ပျမ်းမျှတင်ဒါဈေးနှုန်း တစ်ယူနစ်လျှင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၂၂ နှုန်းဖြင့် တင်ဒါအောင်မြင်ခဲ့သည့်အတွက် ယှဉ်ပြိုင်မှုမြင့်မားသည့် တင်ဒါလုပ်ငန်းစဉ် ဖြစ်ခဲ့ပါသည်။ အဆိုပါဈေးနှုန်းမှာ ခန့်မှန်းနှုန်းထားအောက် များစွာလျော့နည်းခဲ့ပြီး လျှပ်စစ်သုံးစွဲသူများအတွက် အထူးသက်သာသည့် ဈေးနှုန်း ဖြစ်လာခဲ့ပါသည်။

အဆိုပါ နေရောင်ခြည်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့်စီမံကိန်းများ အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်း အမြောက်အမြား ပေါ်များပြည့်လျှံနေမှုနှင့် ယခုရင်းနှီးမြှုပ်နှံထားသူများအနေဖြင့်လည်း အဆိုပါအခွင့်အလမ်းများကို အမိအရဖမ်းဆုပ်နိုင်ကြသူများဖြစ်ကြောင်း မီးမောင်းထိုးပြလျက်ရှိပါသည်။

ယနေ့မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ မြင့်တက်လျက်ရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် အာရှတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု အနည်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ယခုကဲ့သို့ အမျိုးသားအဆင့် ထူးခြားထင်ရှားသည့် စွမ်းအင်စီမံကိန်းများကို အကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ မျိုးဆက်သစ်ကျောင်းသားလူငယ်များအနေဖြင့် မိမိတို့၏နေအိမ်များ၌ပင် အဆင်ပြေလုံခြုံစွာ ပညာဆည်းပူးနိုင်မည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေးကဏ္ဍကိုလည်း စက်မှုလယ်ယာစနစ်သို့ လွယ်ကူစွာ ပြောင်းလဲဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အပြင် အင်တာနက်မှတစ်ဆင့် ဝေးလံခေါင်ဖျားဒေသရှိ အသိုက်အဝန်းများထံ သတင်းအချက်အလက်နှင့် နည်းပညာများ ပံ့ပိုးပေးနိုင်တော့မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ရင်းနှီးမြှုပ်နှံသူများက ပိုမိုယုံကြည်လာစေရန်တည်ဆောက်ရင်း အခြားသောစီးပွားရေးဆိုင်ရာ အကျိုးအမြတ်များ ပေးစွမ်းနိုင်ရန်လည်း ကြိုးပမ်းလျက်ရှိပါသည်။

တတိယအရေးအကြီးဆုံး သမိုင်းမှတ်တိုင်တစ်ခုမှာ ရန်ကုန်မြို့၏အနောက်ဘက်ကမ်း၌ တန်ဖိုးနည်းအိမ်ရာများ၊ ရေပေးဝေရေးစနစ်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်နှင့် အခြားသောလိုအပ်သည့် အခြေခံအဆောက်အအုံများပါဝင်သော စက်မှုဇုန်သစ်ထူထောင်ရေး ရန်ကုန်မြို့သစ် စီမံကိန်းအတွက် ဆွစ်ယှဉ်ပြိုင်တင်ဒါ လုပ်ငန်းစဉ် (Swiss Challenge tender process)ကို ကြီးကြပ်ရန် နိုင်ငံတကာ ထိပ်တန်းအကြံပေးကုမ္ပဏီတစ်ခုဖြစ်သည့် Roland Berger ကုမ္ပဏီကို ပြီးခဲ့သည့်လက ရွေးချယ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါဆောင်ရွက်ချက်ကြောင့် တရားမျှတသည့် ယှဉ်ပြိုင်မှုအောက်တွင် ပိုမိုကောင်းမွန်သော အရည်အသွေးပြည့်ဝသည့် စီမံကိန်းတစ်ခု ပေါ်ထွန်းစေမည်ဖြစ်ပြီး အလားတူစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စံနမူနာကောင်းတစ်ရပ်ဖြစ်စေမည်ဖြစ်ပါသည်။




ဓာတ်မြစ်- ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

**သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး**

အမေရိကန်ဒေါ်လာဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံမည့် ယင်းစီမံကိန်းတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးမှာ အဓိကအချက်ဖြစ်ပါသည်။ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဇီဝမျိုးစုံ/ မျိုးကွဲများနှင့် ရေဝပ်ဒေသများကို ကာကွယ်ထိန်းသိမ်းသွားမည်ဖြစ်သကဲ့သို့ စီမံကိန်း၏ Master Plan နှင့်အညီ ရေလွှမ်းမိုးမှု ဒဏ်ခံနိုင်ရည်ရှိသော တည်ဆောက်မှုပုံစံ၊ သဘာဝနှင့် ဖန်တီးထားသည့်ပန်းခြံများ၊ တူးမြောင်းများနှင့် ရေစီးရေလာ ကောင်းမွန်စေရေးစနစ်များကိုပါ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပါသည်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် လုပ်သာကိုင်သာရှိသော ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းဖော်ဆောင်ရာတွင် အထောက်အပံ့ဖြစ်စေမည့် ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ ဥပမာတစ်ခုမှာ များမကြာမီကပင် အွန်လိုင်းမှတစ်ဆင့် ရန်ကုန်မြို့တော် အဆောက်အအုံဆောက်လုပ်ရန် ခွင့်ပြုမိန့်လျှောက်ထားမှုစနစ် (YBPS)ကို စတင်အသုံးပြုနိုင်ခဲ့ခြင်းဖြစ်ပါသည်။ အဆောက်အအုံ ဆောက်လုပ်ခွင့်ပါမစ်များ လျှောက်ထားရာတွင် အဆင့်ဆင့် တင်ပြလျှောက်ထားရမှုများကို လျှော့ချစေခြင်းဖြင့် လုပ်ငန်းများ ပိုမိုမြန်ဆန်ချောမွေ့မှုရှိစေရန် ရည်ရွယ်အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါစနစ်ကို စတင်အသုံးပြုပြီး ငါးလအတွင်းမှာပင် လျှောက်ထားလွှာ ၁၀၀၀ ကျော် လက်ခံရရှိထားပြီးဖြစ်ကြောင်းကိုလည်း အသိပေးပြောကြားလိုပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် လာမည့်နှစ်ကာလများအတွင်း အနာဂတ်ဒစ်ဂျစ်တယ်စနစ် အသုံးပြုမှုများနှင့်ပတ်သက်၍ အစိုးရဝန်ကြီးဌာနများအကြား ရှေ့ဆောင်ဝန်ကြီးဌာနတစ်ခုဖြစ်စေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ဘဏ်မှထုတ်ပြန်သည့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့မှု အဆင့်သတ်မှတ်ချက်တွင် အဆင့်အနေအထား တိုးတက်ကောင်းမွန်လာစေမည်ဖြစ်ပြီး ကျား/မ ခွဲခြားမှု၊ အုပ်ချုပ်မှုနှင့် ပထဝီအနေအထားအရ ကွာဟမှုများကို လျော့နည်းစေနိုင်မည်ဖြစ်ကာ အမှန်တကယ်လိုအပ်နေသူများထံသို့လည်း အစိုးရ၏ဝန်ဆောင်မှုများ ပံ့ပိုးပေးသွားနိုင်မည်ဖြစ်ပါသည်။

**ကောင်းမွန်သောအနာဂတ် ဖော်ဆောင်မည်**

ကျွန်ုပ်တို့၏အားထုတ်မှုများမှာ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ စီမံချက်ချမှတ်ဆောင်ရွက်ခဲ့သည်မှာ ခြောက်လတာကြာမြင့်ခဲ့ပြီဖြစ်ရာ ကျွန်ုပ်တို့အနေဖြင့် အဆိုပါ စီမံချက်နှင့်အညီ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်ရှိသည်များနှင့် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို စစ်တမ်းကောက်ယူလျက်ရှိပါသည်။ ထို့အတူ လွန်ခဲ့သော လေးနှစ်တာကာလကတည်းက မိမိတို့ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများကို ထိန်းသိမ်းနိုင်ရန်နှင့် အလယ်အလတ်ကာလမှသည် ကာလရှည်အတွက် ပြီးပြည့်စုံပြီး အားလုံးပါဝင်နိုင်မည့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးနှင့် ပြန်လည်ထူထောင်ရေး စီမံချက် (COVID- 19 Economic Relief and Recovery Plan-CERRP)အသစ်ကို ရေးဆွဲလျက်ရှိပါသည်။ အဆိုပါစီမံကိန်းတွင် ရေရှည်တည်တံ့ပြီး စစ်မှန်သည့်စီးပွားရေး ပြန်လည်ထူထောင်မှုဖြစ်စေရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲရေး အယူအဆကို အဓိကထား ထည့်သွင်းရေးဆွဲထားပါသည်။ အခြေခံအဆောက်အအုံနှင့် စွမ်းအင်ကဲ့သို့သော ကဏ္ဍများတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားမည်ဖြစ်ပြီး အဆိုပါ ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်သွားမည်ဖြစ်ပါသည်။

**အတူတကွ လက်တွဲတွန်းလှန်**

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ပထမလှိုင်း၏ အဆိုးရွားဆုံးအခြေအနေမှ လွတ်မြောက်ခဲ့သော်လည်း ဒုတိယလှိုင်း၏ ရိုက်ခတ်မှုဒဏ်ကို ဆိုးရွားစွာခံစားရလျက်ရှိပါသည်။ အဆိုပါအခက်အခဲကို ကျော်လွှားရာတွင် အစိုးရနှင့်ပြည်သူ အပြန်အလှန်ရိုင်းပင်းကူညီ၍ အတူတကွ လက်တွဲတွန်းလှန်သွားကြရမည်သာဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့်လည်း အဆိုပါစိန်ခေါ်မှုများကို ဦးဆောင်မှုအခန်းကဏ္ဍမှ ဖြေရှင်းပေးသွားမည်ဖြစ်သကဲ့သို့ နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း အစိုးရ၏ ဆောင်ရွက်ချက်များကို အပြုသဘောဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြမည်ဆိုသည်ကို ယုံကြည်ထားပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုကို ရုတ်ချည်းဖြေရှင်း၍ မရနိုင်သေးသဖြင့် ရှေ့ဆက်ရမည့်လမ်းခရီးမှာ ရှည်လျားနေမည်သာဖြစ်ပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့အနေဖြင့် အချိန်အတိုင်းအတာတစ်ခုအထိ အခြားသူများနှင့် ထိတွေ့ဆက်ဆံခြင်းမပြုဘဲ တတ်နိုင်သမျှ မိမိအိမ်တွင်နေထိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ အပြီးမသတ်ခင်ကာလအထိ ကြံ့ကြံ့ခံရင်ဆိုင်သွားကြရမည်သာဖြစ်ပါသည်။

မီးနာမှ သံကောင်းမည်ဆိုသည့် ဆိုရိုးစကားအတိုင်း ကိုဗစ်-၁၉ ကာလအတွင်း ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို အတူတကွရင်ဆိုင်ဖြေရှင်းခြင်းအားဖြင့် ကျွန်ုပ်တို့ ပြည်သူများအားလုံး၏ အမျိုးသားရေးစိတ်ဓာတ်နှင့် စရိုက်လက္ခဏာများ ပိုမိုခိုင်မာအားကောင်းလာစေမည်ဖြစ်ပါသည်။ ထိုနည်းအားဖြင့် ထိုသို့ ပိုမိုခိုင်မာကောင်းမွန်မှု၊ ပိုမိုခံနိုင်ရည်စွမ်းရှိမှု၊ ပိုမိုစာနာရိုင်းပင်းမှုတို့ဖြင့် ပိုမိုကောင်းမွန်သော အနာဂတ်ကို အတူတကွ ဖန်တီးပုံဖော်ကြရန်အတွက် အလေးအနက်ထား တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

---

# (၁၂၈) ကြိမ်မြောက် သွေးလှူ



**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်မြို့နေ စန်းမောင်မြင့်ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဦးစန်းမောင်မြင့် (နန်းဦးလွင်-M.A Japan) (လူမှုထူးချွန်-ပထမဆင့်) (ဆရာစောယွမ်း Freelance English Interpreter & Translator) သည် စက်တင်ဘာ ၂၇ ရက်က ရန်ကုန်မြို့ အမျိုးသားသွေးဌာန၌ ၎င်းစည်းရုံးဆော်ဩစုစည်းထားသော အခြားသွေးအလှူရှင် ၂၄၆ ဦးတို့နှင့်အတူ ကိုဗစ်-၁၉ စည်းမျဉ်းများနှင့်အညီ ၁၂၈ ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ မော်လမြိုင်မှ

လက်ရှိ အတည်ပြုလူနာတွေကို ပြည်နယ် ခုတင် ၅၀၀ ဆေးရုံကြီးမှာပဲ လက်ခံနေရတယ်။ ကျော်ကြားဆောက်လုပ်ရေးက ယာယီဆေးရုံဆောက်ပေးမယ်ဆိုတော့ ကျွန်တော်ကလည်း ဝန်ကြီးချုပ်ဆီတင်ပြပေးတယ်၊ ဝန်ကြီးချုပ်ကလည်း ခွင့်ပြုပေးတယ်။ အလှူရှင်က ဆေးရုံအုပ်ကြီးနဲ့တိုင်ပင်ပြီးတော့ အခုဆောက်နေတာပါ”ဟု ၎င်းက ပြောသည်။

အဆိုပါ ယာယီဆေးရုံမှာ ပေ ၈၀၊ ပေ ၃၂၀ Steel Structure အမျိုးအစားဖြစ်ပြီး မော်လမြိုင်မြို့မှ ဒေသခံအလှူရှင်တစ်ဦးက ဆောက်လုပ်လှူဒါန်းပေးခြင်းဖြစ်သည်။ ယာယီဆေးရုံကို စက်တင်ဘာ ၂၅ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး နှစ်ပတ်အတွင်းပြီးစီးအောင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆရာဝန်ကြီးများ သွားရောက်ကြီးကြပ်ကုသပေးရာတွင် သွားလာရေးလွယ်ကူစေရန် ဆေးရုံကြီးအနီးရှိ မော်လမြိုင်မြို့ အထက(၁)ကျောင်း ဘောလုံးကွင်းအတွင်း ယာယီဆေးရုံကို ဆောက်လုပ်ထားကြောင်း သိရသည်။ ယာယီဆေးရုံတွင် လူနာများစစ်ဆေးမည့်နေရာ၊ လူနာများနေထိုင်ရန် အခန်းများ၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ဝတ်ဆင်ခန်း၊ ဆရာဝန်နှင့် သူနာပြုများ နားနေခန်း၊ အိပ်ခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ လူနာကြိုပို့ယာဉ်ထားရှိမည့်နေရာနှင့် စီစီတီဗွီကင်မရာများပါ ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စက်တင်ဘာ ၂၉ ရက်ည ထုတ်ပြန်ချက်အထိ စာရင်းများအရ မွန်ပြည်နယ်တွင် ဓာတ်ခွဲအတည်ပြုလူနာ ၂၆၆ ဦးအပါအဝင် သေဆုံးသူသုံးဦးရှိကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**

---

❖ ရာသီပိတ်ပွဲမှ

ခြေစွမ်းအရ ကွာခြားမှုမရှိသောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့သော်လည်း ဒုတိယပိုင်းမှသာ သွင်းဂိုးများတွေ့မြင်ခဲ့ရပြီး ပထမပိုင်းတွင် ကစားပုံမကောင်းသည့် Southern အသင်းက ဒုတိယပိုင်းတွင် အမှားများပြင်ဆင်ကာ ဂိုးများသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရခိုင်အသင်းသည် ပထမပိုင်းတွင် ပိုဖိကစားနိုင်သော်လည်း ဂိုးဖန်တီးမှုအပိုင်းတွင် အားနည်းသောကြောင့် ပထမပိုင်းတွင် ဂိုးမရခဲ့ပေ။ ဒုတိယပိုင်းမှာ Southern အတွက်ဖြစ်ခဲ့ပြီး ၄၆ မိနစ်တွင် ချမ်းငြိမ်းက ထောင့်ကန်ဘောကိုခေါင်းတိုက်ပြီး အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် Southern အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ၅၇ မိနစ်တွင် ဖြိုးပိုင်စိုးက အဝေးကန်ချက်ဖြင့် ဒုတိယဂိုးရယူခဲ့သည်။ မိနစ် ၆၀ တွင် အလက်ဇန္ဒားက ရခိုင်အသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းသော်လည်း Southern အသင်းကစားကွက်ပျက်မသွားဘဲ အနိုင်သေချာစေမည့် တတိယဂိုး ၆၉ မိနစ်တွင် အောင်မြတ်သူက သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက အား/ကာသိပ္ပံအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် အဆင့် (၄) နေရာဖြင့်သာ ကျေနပ်ခဲ့ရသော်လည်း ရာသီပိတ်နှစ်ပွဲဆက်တိုက် နိုင်ပွဲရယူနိုင်ခဲ့သည်။ ယခုရာသီကုန်တွင် ကစားသမားဘဝမှ အနားယူတော့မည့် ရန်ကုန်အသင်းခေါင်းဆောင် ရန်အောင်ကျော်သည် ယခုပွဲတွင် အသင်းခေါင်းဆောင်အဖြစ် ပွဲထွက်ကစားခဲ့ပြီး နောက်ဆုံးပွဲအဖြစ် ပါဝင်ကစားခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ၁၂ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ရန်နိုင်ဦး၊ ၂၉ မိနစ်တွင် အီစိုး၊ ၄၂ မိနစ်တွင် ကြည်လင်း၊ ၄၅၊ ၅၈ မိနစ်တွင် ဘာဖိုနှင့် ၈၄ မိနစ်တွင် စိုးမင်းနိုင်တို့က သွင်းယူခဲ့သည်။ အား/ကာသိပ္ပံအတွက် ချေပဂိုးကို မိနစ် ၃၀ တွင် ဘန်ထောင်ကျဲအိုက သွင်းယူခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့ကို အောက်တိုဘာ ၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဘုန်းသော်**

ကြေးမုံ
အောက်တိုဘာ ၁၊ ၂၀၂၀



# ၂၀၃၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး ခွေးရူးရောဂါ လုံးဝကင်းစင်ရေး

ဒေါက်တာခင်စန်းမော်



လွန်ခဲ့သော ဆယ်နှစ်ခန့်ကဖြစ်သည်။ ကျွန်မ နှလုံးခွဲခံရသည်မှာ ခြောက်လသာ ရှိသေးသည်။

ဆေးခန်းရှေ့ မြေကွက်လပ်တွင် လိုက်ထရပ်ကား အဖြူရောင်တစ်စီး ရပ်ထားသည်။ ကားနောက်ခန်းတွင် လူဝံတစ်ကောင်ခန့် အရွယ်အစားကြီးမားသော အမည်းရောင်ခွေးကြီးတစ်ကောင်က အဆက်မပြတ် မာန်ဖီဟိန်းဟောက်နေသည်။ သူ့ကိုတော့ ကားပေါ်မှာ သံကြိုးခပ်ကြီးကြီးဖြင့် ချည်ထားပါသည်။ သို့သော် သံကြိုးက လျော့ရဲရဲ။

သူ့ကို မြင်ပြီး အထိတ်တလန့် ရပ်ကြည့်သူများကို ဟောင်ရလွန်း၍ အမြှုပ်တစီစီ၊ သွားရည်တများများ ကျနေသော ခပ်ပြဲပြဲပါးစပ်ကြီးထဲမှာ သွားစွယ်တို့က အဖွေးသား။ ပိုင်ရှင်တို့က ကာကွယ်ဆေး ထိုးချင်သည်ဟု ဆိုသည်။ ခွေးက မကိုက်ပါဟုလည်း ဆိုသည်။ သို့သော် နှုတ်သီးစွပ် တပ်၍လည်း မရပါဟု သတင်းပေးပါသည်။ ပိုင်ရှင်နှင့် သူ၏ အလုပ်သမားတို့က ကားနောက်ခန်းတိုင်မှာ ချည်ထားသော သံကြိုးကို တင်းအောင်လုပ်လိုက်ပြီး ခွေး၏လည်ပတ်သံကြိုးမှာ နောက်ထပ်သံကြိုးနှစ်ခုကို တပ်လိုက်ပါသည်။ သူတို့ကိုတော့ ရန်မမူပါ။ ထိုလုပ်ရပ်အားလုံးကို ကားအောက်သို့ဆင်းပြီး ကားဘေးမှ လုပ်ကိုင်နေခြင်း ဖြစ်သည်။ ချိတ်လိုက်သော သံကြိုးနှစ်ချောင်းကို တစ်ဖက်တစ်ချက်စီ ကန့်လန့်ဆွဲပြီး တင်းလိုက်ကာ "ဆရာမ ဆေးထိုးပေးလို့ ရပါပြီ" ဟု ကသောကမျော ပြောကြ၏။ သူတို့ကတော့ ဘေးရန်လွတ်ကင်းသောကားအောက်ဘက်မှာ၊ ခွေး၏ခေါင်းက နောက်ခန်းရှိ ဘေးထိုင်ခုံ သံပန်းတိုင်ပေါ် မေးတင်လျက် အလယ်မှာ ရောက်နေသည်။

ခွေးက ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ ကြောက်မက်ဖွယ် ဟိန်းဟောက်နေစဉ် ကျွန်မက ကားနောက်ခန်းပေါ် ကျော်ခွတက်ပြီး ခန္ဓာကိုယ် နောက်ပိုင်း လှုပ်ရမ်းရုန်းကန်နေသည့်ခွေးကို ကာကွယ်ဆေး နှစ်လုံး ခပ်မြန်မြန်ထိုးပေးလိုက်သည်။

ယခုအချိန်အထိ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၅၀ ကျော်၌ ခွေးရူးရောဂါ ရှိနေပါသေးသည်။ ခွေးရူးရောဂါ ကင်းစင်သောနိုင်ငံများတွင် ဗြိတိသျှကျွန်းစုများ၊ အိုင်ယာလန်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ လူဇင်ဘတ်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ပေါ်တူဂီ၊ အီတလီ၊ ဂရိ၊ မော်လတာ၊ ဂျာမနီ၊ ဒိန်းမတ်၊ နော်ဝေ၊ ဆွီဒင်၊ ဖင်လန်၊ အိုက်စလန် စသော ဥရောပနိုင်ငံများ ပါဝင်ကြသည်။

ခွေးပိုင်ရှင်က ကျွန်မနှင့် ခင်မင်ရင်းနှီးသောမိတ်ဆွေဖြစ်နေပြီး သူ့စကားကို ယုံကြည်စွာ ခွေးတစ်ကောင်တည်းရှိသော ကားပေါ်သို့ ကျွန်မတစ်ယောက်တည်း တက်ပြီး ဆေးထိုးပေးခဲ့မိသည်။ တစိမ့်စိမ့် ပြန်တွေးကြည့်မှ အတော်ကြောက်စရာကောင်းမှန်း သတိထားမိသည်။ ခွေးက မကိုက်ဟုသာ ပြောသည်။ သူတို့ကတော့ ဘေးကင်းရန်ကင်း ကားအပြင်ဘက် ကားနံဘေးဘက်မှာ။ အကယ်၍သူတို့ဆွဲထားသောသံကြိုး ပြတ်သွားခဲ့လျှင် ခွေးနှင့်ကျွန်မသာ ရင်ဆိုင်ရမည် ဖြစ်သည်။ ပိုင်ရှင်ကို မကိုက်သောခွေးဖြစ်စေကာမူ လူစိမ်းဖြစ်သော ကျွန်မကို ရန်မူနိုင်သည်သာ ဖြစ်သည်။ ဆေးကုသည့် လမ်းကြောင်းပေါ် ရောက်ကတည်းက "ဖြစ်အောင် လုပ်မည်" ဆိုသည့် အရဲကိုးစိတ်က ကျွန်မကို တွန်းပို့ခဲ့ခြင်းပင်။

နောက်ပိုင်းမှာ ခွေးက အလွန်သန်စွမ်းပြီး သူ့ခွန်အားကို ယုံကြည်လာသောအခါ ပိုင်ရှင်များကိုပင် ရန်ပြုတတ်လာသဖြင့် ပြေးလွှားဆော့ကစားနိုင်သည့် လှောင်အိမ်ကျယ်ကြီးထဲတွင် လုံးဝပိတ်လှောင်ထားလိုက်ရသည်၊ ကာကွယ် ဆေးလည်း မထိုးဖြစ်တော့ပါဟု ပြန်ကြားရပါသည်။ ဆရာဝန်တစ်ဦးအနေဖြင့် ခွေးတစ်ကောင်ကို ကာကွယ်ဆေးထိုးရန် ဉာဏ်မျှစွန့်စားခဲ့ဖူးသည့် အမှတ်တရတစ်ခု ဖြစ်ခဲ့ပါသည်။

တစ်ခါကလည်း ခွေးကြီးတစ်ကောင်ကို လှောင်အိမ်ကြီးထဲထည့်ပြီး ယူဆောင်လာသည်။ လှောင်အိမ်တံခါးကို တဖြည်းဖြည်းကျဉ်းအောင်လုပ်ပြီး ခွေးက မရုန်းနိုင်မှ ကတ်ကတ်သတ်သတ်လက်ကိုသွင်းပြီး ကာကွယ်ဆေးထိုးပေးရခြင်းလည်း ရှိတတ်သည်။ ထိုမျှသာ မကသေးပါ။

အိမ်သို့လိုက်ပြီး ကာကွယ်ဆေးထိုးပေးရသောအခါ ခွေးများက ခြံထဲမှာ လှည့်ပတ်ပြေးနေပြီး ပိုင်ရှင်များက တုတ်တစ်ချောင်းဖြင့် နောက်ကလိုက်၊ ခွေးလည်းမော၊ လူလည်းမောမှ ဆရာဝန်က အလျင်အမြန် ဆေးထိုးပေးရတာမျိုးလည်း ရှိတတ်သည်။

တစ်ခါက ခြံဝင်းကျယ်ကြီးထဲမှ ခွေးတစ်ကောင်ကို ကာကွယ်ဆေးထိုးရန် အလုပ်သမားများက ပိုက်ကွန်ကြီးတစ်ခုဖြင့်အုပ်ကာ ပိုက်ကွန်ကို တဖြည်းဖြည်းချုံ့စေလျက် ဝိုင်းဖမ်းပေးစဉ် လှုပ်ရှားရုန်းကန်နေသော ခွေးကြီးကို အကြိတ်အနယ် ထိုးပေးခဲ့ရသည်။ အဘယ်ကြောင့် ဉာဏ်မျှစွန့်စားပြီး ကာကွယ်ဆေးကို မရရအောင် ထိုးပေးရပါသလဲဟုမေးကြလျှင် ခွေးရူးရောဂါကာကွယ်ဆေး ဖြစ်နေသောကြောင့်ဟု ဖြေရပါလိမ့်မည်။

နိုင်ငံရပ်ခြားတွင် အိမ်မွေးတိရစ္ဆာန် မွေးမြူသူများသည် အိမ်မွေးတိရစ္ဆာန်များကို မှတ်ပုံတင်ကြရပြီး သူတို့နှင့်ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်ယူကြရသည်။ နိုင်နိုင်နင်းနင်း ကိုင်တွယ်ထိန်းကျောင်းနိုင်ရမည်၊ အပြုအမူဆိုးသွမ်းနေသောခွေးဖြစ်ပါက သင်တန်းကျောင်းသို့ ပို့ပြီး အမိန့်နာခံတတ်အောင် လေ့ကျင့်ပေးရမည်။ တိရစ္ဆာန်က စွန့်သည့် အညစ်အကြေးကအစ စနစ်တကျ သိမ်းဆည်းရန် ပိုင်ရှင်က တာဝန်ယူကြရသည်။ အိမ်မွေးတိရစ္ဆာန်အတွက် ကာကွယ်ဆေးများကို နှစ်စဉ်မပျက်မကွက် ထိုးပေးရခြင်းလည်း ပါဝင်ပါသည်။

ကိုက်ခဲတတ်သော သတ္တဝါများနှင့်နေ့စဉ် ရင်ဆိုင်နေရသော တိရစ္ဆာန်ဆေးကုဆရာဝန်တို့၏ဘဝမှာ မိမိကိုယ်တိုင်သည်လည်းကောင်း၊ ပိုင်ရှင်နှင့် အခြားလူများအတွက်သော်လည်းကောင်း သတိကြီးစွာထားရမည့် ရောဂါဆိုးကြီးတစ်ခု ရှိနေသည်။ ထိုရောဂါကတော့ ကုရာနတ္ထိ ဆေးမရှိသည့် ခွေးရူးရောဂါပင်ဖြစ်သည်။

**ခွေးရူးရောဂါအကြောင်း**

ခွေးရူးရောဂါသည် Rhabdo ဟုခေါ်သော ကျည်ဆန်ပုံဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားရသောရောဂါဖြစ်ပြီး ဦးနှောက်နှင့် အာရုံကြောအဖွဲ့ကို အဓိကတိုက်ခိုက်သည်။ ထိုဗိုင်းရပ်စ်သည် လူအပါအဝင် သွေးနွေးသတ္တဝါအားလုံးတို့အား ရောဂါကျရောက်စေသည်။

အာရှနှင့် အာဖရိကနိုင်ငံများတွင် ခွေးများနှင့် ကြောင်များသည် ခွေးရူးရောဂါ ကူးစက်ပျံ့နှံ့စေသော အဓိကဇာတ်ကောင်များ ဖြစ်ကြသည်။ တောင်အမေရိကနိုင်ငံများတွင်မူ သွေးစုပ် လင်းနို့များမှတစ်ဆင့် ကူးစက်ပျံ့နှံ့စေကြောင်း သိရှိရပါသည်။ ထို့ပြင် အခြားမွေးမြူရေးတိရစ္ဆာန်များ ဖြစ်ကြသည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်း စသည့် သွေးနွေးသတ္တဝါတို့မှာ ခွေးရူးရောဂါဖြစ်ပွားလျှင်လည်း လူကို ကူးစက်တတ်ပါသည်။

တိရစ္ဆာန်များတွင် ခွေးရူးရောဂါ ဖြစ်ပွားလျှင် တံတွေးထဲ၌ ခွေးရူးရောဂါဗိုင်းရပ်စ်များစွာပါနေမည်။ ထိုတိရစ္ဆာန်က အခြားတိရစ္ဆာန်ကို ကိုက်လိုက်လျှင် ကိုက်လိုက်သော အနာထဲသို့ တံတွေးထဲမှ ခွေးရူးရောဂါဗိုင်းရပ်စ်များ ဝင်သွားပြီး ရောဂါကူးစက်စေသည်။ ခွေးရူးရောဂါ ဖြစ်ပွားနေသော တိရစ္ဆာန်သည် ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ရောဂါလက္ခဏာများနှင့်အတူ အမူအရာပြောင်းလဲခြင်း၊ အစာမစားနိုင်ခြင်း၊ ရေမသောက်နိုင်ခြင်း၊ အနီးအနားရှိ လူ၊ တိရစ္ဆာန်တို့ကို တိုက်ခိုက်ခြင်း၊ ရန်လိုခြင်း၊ ကိုက်ခဲခြင်းတို့ ဖြစ်လာတတ်သည်။ ရောဂါလက္ခဏာပြပြီး ရက်များမကြာမီ တိရစ္ဆာန် သေဆုံးတတ်သည်။

လူကို ရောဂါကူးစက်ပုံမှာ ခွေးရူးပြန်နေသော တိရစ္ဆာန်ကကိုက်ခြင်း၊ သူ၏ သွားရည်ထဲမှ ဗိုင်းရပ်စ်များ အနာထဲသို့ ဝင်ရောက်ခြင်းမှ ကူးစက်သည်။ ခွေးရူးရောဂါကြောင့် သေဆုံးသွားသော လူနာမှန်းမသိဘဲ ထိုလူ၏ ကိုယ်တွင်းအင်္ဂါများကို အစားထိုးကုသခြင်း (OrganTransplantation) ကြောင့်လည်း ကူးစက်တတ်ပါသည်။ ခွေးရူးရောဂါ ဖြစ်ပွားပြီဆိုလျှင် လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ ကုရာနတ္ထိ ဆေးမရှိဘဲ အသက်သေဆုံးကြရသည်သာ ဖြစ်သည်။

**ကမ္ဘာပေါ်ရှိ အခြေအနေ**

တစ်ကမ္ဘာလုံးကို ခြုံ၍ကြည့်လျှင် ၁၉၉၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကြောင့် သေဆုံးသူ ၅၅၀၀၀ ရှိခဲ့သည်။ ထိုလူများသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ကြပြီး အများစုသည် အာရှတိုက်နှင့် အာဖရိကတိုက်တို့မှ ဖြစ်နေသည်။ အာရှနှင့် အာဖရိကတိုက်တွင် ခွေးရူးရောဂါ ပျံ့နှံ့ စေသော အဓိကတိရစ္ဆာန်မှာ ခွေးလေခွေးလွင့်များ ဖြစ်ကြသဖြင့် ခွေးလေခွေးလွင့်များကို နှိမ်နင်းပြီး လူတို့၏ ကျန်းမာရေးအတွက် ဆောင်ရွက်ခဲ့ရာ ခွေးရူးရောဂါကြောင့် သေဆုံးသူလူဦးရေကို များစွာလျှော့ချနိုင်ခဲ့ပါသည်။

ထို့ကြောင့် ၂၀၁၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကြောင့်သေဆုံးသူကို ၂၆၀၀၀ သာရှိအောင် လျှော့ချနိုင်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် တိရစ္ဆာန်ချစ်တတ်သူများက ခွေးလေခွေးလွင့်ရှင်းလင်းခြင်းကို ကန့်ကွက်လာကြသောကြောင့် ခွေးလေခွေးလွင့်များကို ကာကွယ်ဆေးထိုးခြင်း၊ ခွေးလေခွေးလွင့်ကောင်ရေ မတိုးပွားအောင် သားဆက်ခြားပေးခြင်း သို့မဟုတ် သားကြောဖြတ်ခြင်းစသော နည်းလမ်းများကို အစားထိုးလာခဲ့ကြသည်။ ၂၀၁၅ ခုနှစ်တွင်မူ တစ်ကမ္ဘာလုံးတွင် ခွေးရူးရောဂါကြောင့် သေဆုံးသူ ၁၇၄၀၀ သာ ဖြစ်အောင် လျှော့ချနိုင်ခဲ့သည်။သေဆုံးသူတို့၏ ၉၅ ရာခိုင်နှုန်းမှာ အာရှနှင့် အာဖရိကမှ ဖြစ်ကြပြီး သေဆုံးသူ လူဦးရေ၏ ၄၀ ရာခိုင်နှုန်းမှာ အသက် ၁၅ နှစ်အောက် ကလေးများ ဖြစ်နေကြသည်။

ယခုအချိန်အထိ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၅၀ ကျော်၌ ခွေးရူးရောဂါ ရှိနေပါသေးသည်။ ခွေးရူးရောဂါ ကင်းစင်သောနိုင်ငံများတွင် ဗြိတိသျှကျွန်းစုများ၊ အိုင်ယာလန်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ လူဇင်ဘတ်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ပေါ်တူဂီ၊ အီတလီ၊ ဂရိ၊ မော်လတာ၊ ဂျာမနီ၊ ဒိန်းမတ်၊ နော်ဝေ၊ ဆွီဒင်၊ ဖင်လန်၊ အိုက်စလန် စသော ဥရောပနိုင်ငံများ ပါဝင်ကြသည်။

**ဆရာဝန်တစ်ယောက်၏ အခန်းကဏ္ဍ**

နေ့စဉ်နေ့တိုင်း လက်တွေ့ ဆေးကုသသောအလုပ်ကိုသာ စွဲစွဲမြဲမြဲလုပ်ကိုင်ခဲ့သော တိရစ္ဆာန်ဆေးကုဆရာဝန် (Vet Practitioner) တစ်ယောက်အနေဖြင့် ဦးနှောက်ထဲ၌ အချက်ပေးခေါင်းလောင်းသံများဖြင့် အစဉ်အမြဲ တပ်လှန့်နေရသည့် ရောဂါဆိုးကြီးများ ရှိနေပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မတို့ တိရစ္ဆာန်ဆေးကုဆရာဝန်များသည် တိရစ္ဆာန်များကို ရောဂါကုသပေးရုံသာမက တိရစ္ဆာန်များမှ ကူးစက်တတ်သော ရောဂါများကို ကိုယ်တိုင်သတိထားရသည့်အပြင် ပိုင်ရှင်များနှင့် အခြားသူများကို မကူးစက်နိုင်အောင် ကြိုတင်သတိပေးခြင်း၊ ကာကွယ်တားဆီးရန် နည်းလမ်းပေးခြင်း၊ အသိပညာ ဖြန့်ဝေပေးခြင်းတို့အတွက်ပါ တာဝန်ရှိသောကြောင့် ဖြစ်သည်။

လူနှင့် တိရစ္ဆာန်တို့အတွက် အကြီးမားဆုံး အန္တရာယ်ဖြစ်သော ခွေးရူးရောဂါ သံသယရှိတိရစ္ဆာန်ကို နဖူးတွေ့၊ ဒူးတွေ့ရင်ဆိုင်တွေ့ကြုံကြရပြီး သံသယဖြစ်ဖွယ် တိရစ္ဆာန် ဟုတ်၊ မဟုတ်ဆုံးဖြတ်ပေးရသူများမှာ လက်တွေ့ဆေးကုသသည့်နယ်ပယ်မှ တိရစ္ဆာန်ဆေးကုဆရာဝန်များသာ ဖြစ်နေသည်။ ရောဂါရာဇဝင်ကို မေးမြန်း၍မရပါက မျက်မြင်တွေ့ရသော ရောဂါလက္ခဏာများကို ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ အတွေ့အကြုံအစွမ်းတို့ကို အစွမ်းကုန်ထုတ်ပြီး ဆုံးဖြတ်ပေးရသူများသာ ဖြစ်သည်။ သံသယဖြစ်ဖွယ် တိရစ္ဆာန်တစ်ကောင်ကိုတွေ့ရပြီဆိုသည်နှင့် လူကို ကိုက်ထားခြင်းရှိ၊ မရှိ စုံစမ်းမေးမြန်းပြီး ကာကွယ်ဆေးထိုးရန်အကြံပေးခြင်း၊ အန္တရာယ်မရှိအောင် မည်သို့မည်ပုံပြန်လည်ယူဆောင်သွားရမည် (တချို့ တိရစ္ဆာန်များကို ကားပေါ်က မချမီ ကြိုတင်စစ်ဆေးကြည့်ရှုသည်)၊ မည်သို့ လှောင်ပိတ်ထားရမည်၊ တိရစ္ဆာန်သေဆုံးသွားပါက ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးရမည်၊ မည်သို့ကိုင်တွယ်ရမည်ဆိုသော အချက်များကို မှာကြား ခြင်းတို့ လုပ်ပြီးသည်နှင့် တစ်ပြိုင်နက် ဆေးခန်းအတွင်း၊ အပြင် သန့်ရှင်းရေးကို စနစ်တကျ အထပ်ထပ် လုပ်ဆောင်ရပါသေးသည်။ ဆေးကုသသည့် သက်တမ်းတစ်လျှောက် ခွေးရူးရောဂါသံသယဖြစ်ဖွယ် အတွေ့အကြုံများက တစ်ခေါက်တစ်မျိုး မရိုးနိုင်ပါ။ ယခုဆိုလျှင်တိရစ္ဆာန်ချစ်သူများ၏ ဗဟုသုတ ပြည့်စုံလာကာ အိမ်မွေးတိရစ္ဆာန်မွေးမြူသူတိုင်းက တိရစ္ဆာန်များကို ကာကွယ်ဆေးထိုးရန် တာဝန်ရှိကြောင်း သိလာကြပါပြီ။ ခွေးများကိုသာမက အိမ်မွေးကြောင်များကိုပါ ကာကွယ်ဆေး မပျက်မကွက် ထိုးလာကြသည်။ အိမ်ထဲ၊ ခြံထဲ၊ တိုက်ခန်းထဲတွင် တာဝန်ယူမွေးမြူခြင်းမဟုတ်ဘဲ ကြင်နာသနားသော စိတ်အရင်းခံဖြင့် ကျွေးမွေးထားသည့် လမ်းဘေးလေလွင့်ခွေးများကိုပင် ဆရာဝန်ကိုပင့်၍ ဖြစ်စေ၊ ကယ်ဆယ်ရေးဂေဟာများမှ စေတနာ့ဝန်ထမ်းများကို ခေါ်ဆောင်၍ ဖြစ်စေ ခွေးရူးကာကွယ်ဆေးလောက်တော့ သေချာစွာ ထိုးပေးကြသည်။

စာမျက်နှာ ၂၃ သို့❖

## မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်



**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၇၃ ဦးအား ကွာလာလမ်ပူမြို့ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/ သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မလေးရှားနိုင်ငံရောက် အထောက်ထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ ကွာလာလမ်ပူမြို့ မြန်မာသံရုံးအနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိရာ မလေးရှားနိုင်ငံမှ ယနေ့ထိ ကယ်ဆယ်ရေးလေယာဉ် ၁၇ ကြိမ် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ္ဘောဇဘဏ်က ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးသို့ ရွေ့လျားဓာတ်မှန်စက် လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၃၀**

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး ခုတင် ၂၀၀ သို့ ရွေ့လျားဓာတ်မှန်စက်တစ်လုံး ပေးအပ်လှူဒါန်းသည်။

ထိုပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ ကမ္ဘောဇဘဏ်မှတာဝန်ရှိသူတစ်ဦးက ငွေကျပ် သိန်း ၂၇၀ တန်ဖိုးရှိ ရွေ့လျားဓာတ်မှန်စက်ကို ပေးအပ်လှူဒါန်းပြီး ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ဆေးတက္ကသိုလ်(၁)ပါမောက္ခ ဒေါက်တာဇော်လင်းအောင်က လက်ခံရယူကာ ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်ညွန့်ဝေက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကမ္ဘောဇဘဏ်က လှူဒါန်းသည့် ရွေ့လျားဓာတ်မှန်စက်သည် လူနာရှိရာသို့ ရွေ့လျားစက်ဖြင့်သွားရောက်၍ X-Ray ရိုက်ယူကာ ဖလင်ပြားထုတ်စရာမလိုဘဲ ဓာတ်မှန်ပုံကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဓာတ်မှန် အထူးကျွမ်းကျင်ဆရာဝန်ထံ တိုက်ရိုက်ပေးပို့နိုင်ခြင်းကြောင့် အချိန်နှင့်တစ်ပြေးညီ ထိရောက်မြန်ဆန်စွာ အဖြေရှာဖွေပေးနိုင်သည့် စက်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်**



## တာချီလိတ်မြို့နယ်၌ Cash for Work စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**တာချီလိတ် စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေး ကုစားမှု အစီအစဉ်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာကိုးရွာ၌ တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်း စုစုပေါင်းငွေကျပ်သိန်း ၉၀၀ ဖြင့် Cash for Work စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ Cash for Work စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တာချီလိတ်မြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာမှ အိမ်ထောင်စုများအတွက် စုစုပေါင်းငွေကျပ်သိန်း ၉၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ရေရရှိရေးလုပ်ငန်း ခုနစ်ခု၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း တစ်ခုနှင့် သဲကျောက်လမ်းခင်းခြင်းလုပ်ငန်း တစ်ခု စသည့် စီမံကိန်းလုပ်ငန်းခွဲ ကိုးခုကို ကျေးရွာနေပြည်သူများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလအတွင်း လုပ်ငန်းအားလုံး၏ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း တာချီလိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးစိုင်းအောင်ခမ်းထံမှ သိရသည်။

**ကြေးမုံ**



## ရန်ကုန်တိုင်းဒေသကြီး၌ တာဝန်ထမ်းဆောင်ရန် ကရင်ပြည်နယ်မှ သူနာပြုများထွက်ခွာ

**ဘားအံ စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဒဂုံတောင်ပိုင်း)တွင် သွားရောက်တာဝန်ထမ်းဆောင်ရန်အတွက် ကရင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဆေးရုံများမှ သူနာပြုဆရာ ဆရာမ ၂၀ တို့သည် ယနေ့နံနက်ပိုင်းက ဘားအံမြို့ ပြည်နယ် ပြည်သူ့ဆေးရုံကြီးမှ မော်တော်ယာဉ်ဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါ သူနာပြုဆရာ ဆရာမများအား ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်၊ ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်စွာမြင့်၊ ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဘရန်အောင်နှင့် တာဝန်ရှိသူများက ပြည်သူ့ဆေးရုံကြီး(ဘားအံ)သုံးထပ်တိုးချဲ့လူနာဆောင်တွင် ဂုဏ်ပြုတွေ့ဆုံခဲ့ပြီး ပြည်နယ်လူမှုရေးဝန်ကြီးက ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ် သူနာပြု/သားဖွားအသင်း၊ ကရင်ပြည်နယ် ကုသရေးဦးစီးဌာနတို့မှ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

ယခုကဲ့သို့ ကရင်ပြည်နယ်မှ သွားရောက်တာဝန်ထမ်းဆောင်ခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး စက်တင်ဘာ ၂၁ ရက်ကလည်း ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး)သို့ သူနာပြုဆရာ ဆရာမ ၂၀ တာဝန်ထမ်းဆောင်ရန် သွားရောက်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

❖ စာမျက်နှာ ၂၂ မှ

ကိုင်တွယ်ထိန်းချုပ်၍ မရသော လေလွင့်ခွေးများကို ပိုက်ကွန်ဖြင့်အုပ်ပြီး ဖမ်းချုပ်လျက် ကာကွယ်ဆေးထိုးခြင်း၊ မှုတ်ပြောင်းနှင့်မှုတ်ပြီး ခွေးရူးကာကွယ်ဆေးထိုးခြင်း၊ သားဆက်ခြားသည့် ဆေးထိုးခြင်းများကို မဖြစ်မနေ လုပ်ဆောင်လာကြခြင်းမှာ ပြည်သူလူထု၏ အသိပညာ ဗဟုသုတ ကြွယ်ဝလာကြခြင်းကြောင့် ဖြစ်ပါသည်။

**World Rabies Day (ကမ္ဘာ့ခွေးရူးရောဂါနေ့)**

ကမ္ဘာ့ခွေးရူးရောဂါနေ့အဖြစ် စက်တင်ဘာလ ၂၈ ရက်နေ့ကို သတ်မှတ်ခဲ့ရာ ယခု ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် (၁၄) ကြိမ်မြောက် ရှိခဲ့ပါပြီ။ ကမ္ဘာ့ခွေးရူးရောဂါနေ့အဖြစ် သတ်မှတ်ရခြင်းမှာ ခွေးရူးရောဂါ ကာကွယ်တားဆီးရေးနှင့်ပတ်သက်ပြီး ပြည်သူလူထု ပိုမိုနားလည်သတိပြုမိစေရန်နှင့် ကြောက်မက်ဖွယ်ကောင်းသော ဤရောဂါကို တိုက်ဖျက်နှိမ်နင်းရာတွင် ရရှိလာသော တိုးတက်မှုများကို မီးမောင်းထိုးပြနိုင်ရန်ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်သည်။ ကမ္ဘာ့ခွေးရူးရောဂါနေ့ ၂၀၁၉ ၏ အဓိကရည်မှန်းချက်မှာ **"ခွေးရူးရောဂါကင်းစင်ဖို့ ကာကွယ်ဆေးထိုးကြပါစို့ (Rabies: Vaccinate to Eliminate)"** ဖြစ်သည်။ ကာကွယ်ဆေးထိုးခြင်းဟု ဆိုရာ၌ တိရစ္ဆာန်များကို ကာကွယ်ဆေးထိုးခြင်းနှင့် အကိုက်ခံရပြီးနောက် လူကို ကာကွယ်ဆေးထိုးခြင်းလည်း ပါဝင်ပါသည်။

ကမ္ဘာ့ခွေးရူးရောဂါနေ့ ၂၀၂၀ ၏ အဓိကရည်မှန်းချက်မှာ **"၂၀၃၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး ခွေးရူးရောဂါ လုံးဝကင်းစင်ရေး (The goal of Zero by 30 )"** ဖြစ်သည်။ အဓိကလုပ်ငန်းစဉ်များအနေဖြင့် "ကာကွယ်ဆေးထိုးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း"တို့ ပါဝင်ပါသည်။ တစ်ဦးချင်း တစ်ယောက်ချင်းဆောင်ရွက်နေသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများအားလုံး စုပေါင်းပြီး လုပ်ဆောင်နိုင်ရန် လုပ်ငန်းစဉ်ဖြစ်ပါသည်။

**၂၀၁၉ ခုနှစ်အထိ လုပ်ဆောင်ချက်များ**

ကျွန်မတစ်ဦးတည်း၏ လုပ်ဆောင်မှုကို ဖော်ပြရလျှင် ခွေးရူးရောဂါနှင့်ပတ်သက်ပြီး သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ပြည်သူလူထု သတိထားသင့်သော အချက်အလက်များကို ဆောင်းပါးများစွာရေးခဲ့ရုံသာမက ဝတ္ထုပါ ရေးသားခဲ့သည်။ ခွေးရူးရောဂါအကြောင်းစာအုပ်လည်း ထွက်ရှိခဲ့သည်။ ခွေးရူးရောဂါအကြောင်း ဟောပြောပွဲများတွင်လည်း ဟောပြောခဲ့သည်။ စစ်တွေမြို့တွင် ခွေးရူးရောဂါ ကာကွယ်ရေး ရခိုင်သဇင်လှုပ်ရှားမှုအတွက် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကြီးသို့ ခွေးရူးရောဂါကာကွယ်ဆေး (USA ) အလုံး ၁၀၀ လှူဒါန်းခဲ့သည်။ ထို့ပြင် Infinity Vet Myanmar (IVM) ပရဟိတ ဆရာဝန်များအဖွဲ့သို့ ခွေးရူးကာကွယ်ဆေး (USA) အလုံး ၂၀၀၊ ကယ်ဆယ်ရေးဂေဟာများသို့ အလုံး ၁၀၀ လှူဒါန်းခဲ့ပြီး လေလွင့်ခွေးကောင်ရေ ထိန်းချုပ်ရန် ပရဟိတဆရာဝန်များအဖွဲ့၏ ပရဟိတလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ခွဲစိတ်ခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ ကျွန်မကဲ့သို့ပင် တစ်ဦးချင်း တစ်ယောက်ချင်းသော်လည်းကောင်း၊ စိတ်ချင်းတူရာ ပရဟိတအဖွဲ့အစည်းများအနေဖြင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကြီးက ဦးဆောင်၍သော်လည်းကောင်း၊ အစိုးရအဖွဲ့အစည်းများမှ ဆရာဝန်များကသော်လည်းကောင်း ခွေးရူးကာကွယ်ဆေးထိုးခြင်း၊ တိရစ္ဆာန်ကောင်ရေ ထိန်းချုပ်ရန် ခွဲစိတ်ကုသခြင်းတို့တွင် ဝိုင်းဝန်း၍ တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ကြပါသည်။

**၂၀၂၀ ကိုဗစ်-၁၉ ကပ်ရောဂါကာလ**

ယခု ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်းမှာတော့ ပုံမှန်ဆေးကုသပေးသည့် အလုပ်ကိုပင် အချိန်ပိုင်းလုပ်ဆောင်နေရာမှ လုံးဝပိတ်ပြီး အိမ်တွင်သာ နေထိုင်ဖြစ်ခဲ့ပါသည်။ ခွေးရူးရောဂါကင်းစင်ရေးအတွက် လှုပ်ရှားမှုများကိုလည်း မလုပ်နိုင်သေးပါ။ သို့သော် ဤကာလတွင် တစ်ဦးချင်း တစ်ယောက်ချင်း ကြိုးစားပမ်းစား ဆောင်ရွက်နေကြသူများလည်း ရှိပါသည်။ ထိုအတောအတွင်း ကပ်ရောဂါ၏ အခြေအနေကို သတိပြုရင်း ပညာရပ်နှင့် သက်ဆိုင်သော Webinar များကို မပျက်မကွက် တက်ရောက်နားထောင်ဖြစ်ခဲ့သည်။

အထူးသဖြင့် ကမ္ဘာ့ခွေးရူးရောဂါနေ့ အထိမ်းအမှတ်အဖြစ် ပြုလုပ်သော Webinar များတွင် စိတ်ဝင်စားဖွယ်အကြောင်းအရာများကို နားထောင်ခဲ့ရပါသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံ၏ ခွေးရူးရောဂါကင်းစင်ရေး နည်းဗျူဟာများအနက် ကာကွယ်ဆေးထိုးခြင်း၊ တိရစ္ဆာန်ကောင်ရေထိန်းချုပ်ခြင်း၊ လေလွင့်ခွေးများအတွက် ကယ်ဆယ်စောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်ပေးခြင်း၊ ဂေဟာများကို မှတ်ပုံတင်ခြင်း၊ ဂေဟာများ၏ အရည်အသွေး မြင့်မားအောင် လုပ်ဆောင်ခြင်းတို့ ပါဝင်သည်။

ကျွန်မ စိတ်ဝင်စားသောအချက်မှာ ချူလာလောင်ကွန်တက္ကသိုလ် တိရစ္ဆာန်ဆေးပညာ မဟာဌာနကြီး၏ သုတေသနပြုချက်အရ ခွေးထီးများကို မခွဲစိတ်ဘဲ မျိုးမပွားနိုင်အောင် ထိန်းချုပ်ခြင်း (Using nanoparticles to induce apoptosis of cells) နှင့် Kasetsart တက္ကသိုလ်၏ သုတေသနပြုချက်များအရ ခွေးမများကို မခွဲစိတ်ဘဲ မျိုးမပွားအောင်ထိန်းချုပ်ခြင်း (Using some herbs)တို့ပင် ဖြစ်ပါသည်။

ကပ်ရောဂါကာလအတွင်း ကျွန်မတို့၏ လှုပ်ရှားဆောင်ရွက်မှုတို့ကို မလုပ်ဆောင်နိုင်သေးသော်လည်း ကိုဗစ်အလွန်ကာလတွင် ခွေးရူးရောဂါကင်းစင်ရေးအတွက် ယခင်ကလိုပင် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း အားကြိုးမာန်တက် ဆောင်ရွက်ကြမည် မလွဲပါ။ The goal of zero by 30 ရည်ရွယ်ချက်အတိုင်း အောင်မြင်အောင်လုပ်ဆောင်ဖို့ ကြိုတင်မျှော်လင့်ရင်း ကမ္ဘာ့ခွေးရူးရောဂါနေ့ ၂၀၂၀ ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

## အမည်ဖြည့်စွက်ခေါ်ပါရန်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အလန်းကျေးရွာအုပ်စု၊ ဝဲဒေါင့်ကျေးရွာနေ ဦးမြမောင်၏သား [၁၄/ပတန(နိုင်)၁၄၇၀၈၆] ကိုင်ဆောင်သူ ဦးစံကောင်းအား ဦးစောစံကောင်း ဟုခေါ်ဆိုပါရန်။

သစ်
တော
နဲ့
သစ်
ပင်
ချစ်
ခင်
တဲ့
လူ
မျိုး
သစ်
ပင်
ကို
နှစ်
စဉ်
စိုက်
ရွှေ
တိုက်
ကို
စိုး

## ချင်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ဟားခါးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ခုဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်း ငွေကျပ်"သန်း၁၀၀ အထက်" လုပ်ငန်းများကို ဆောင်ရွက်လိုသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | မြို့နယ်/မြို့ | လမ်း/တံတား | ရေပေးရေး | အခြား | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ပြည်နယ် | - | - | ၁ | ၁ |
| ၂ | ကန်ပက်လက် | - | - | ၂ | ၂ |
| ၃ | တီးတန် | - | - | ၁ | ၁ |
| ၄ | ထန်တလန် | - | - | ၁ | ၁ |
| ၅ | ပလက်ဝ | ၁ | - | - | ၁ |
| ၆ | ဖလမ်း | ၁ | ၁ | - | ၂ |
| ၇ | မတူပီ | - | - | ၁ | ၁ |
| ၈ | မင်းတပ် | - | ၁ | ၁ | ၂ |
| ၉ | ဟားခါး | ၁ | - | ၁ | ၂ |
| ၁၀ | ခိုင်ကမ်း | ၂ | - | - | ၂ |
| ၁၁ | ရိခေါဒါရ် | - | - | ၁ | ၁ |
| ၁၂ | ဆူရိခွါး | - | ၁ | - | ၁ |
| | စုစုပေါင်း | ၅ | ၃ | ၉ | ၁၇ |

၂။ တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ Website (www.csmd.gov.mm) နှင့် Facebook Page(Chin State Municipal)တွင် ကြည့်ရှု၊ လေ့လာ၊ ဖတ်ရှုနိုင်ပါကြောင်းနှင့် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။
၃။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက်-၂၈-၉-၂၀၂၀ရက်နေ့ နံနက် (၀၉:၃၀)နာရီ
တင်ဒါလျှောက်လွှာပိတ်မည့်ရက်-၃၀-၁၀-၂၀၂၀ရက်နေ့ ညနေ(၁၆:၃၀)နာရီ
လျှောက်လွှာတင်သွင်းမည့်နေရာ-ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ဟားခါးမြို့
ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၇၀-၂၁၃၂၁၊ ၀၇၀-၂၁၃၂၄၊ ၀၉-၆၈၇၃၅၅၄၁၊ ၀၉-၂၆၂၆၉၉၅၉၁
၄။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်၊ အချိန်နှင့်နေရာအား သီးခြားထုတ်ပြန်ကြေညာသွားပါမည်။

**တင်ဒါကော်မတီ**

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန မုံရွာစီးပွားရေးတက္ကသိုလ်၊ စစ်ကိုင်းတိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) (၂၄၀)ဦးဆံ့ ကျောင်းသား/သူ အိပ်ဆောင် (U Shaped) (၃)ထပ် (၁)လုံး+ ထမင်းစားဆောင် (၁၂၂ပေx၄၈ပေ)ဆောက်လုပ်ခြင်း (၄၅၆၇၇ စ/ပေ) သံကူကွန်ကရစ်(ရေမီးအပါအဝင်) ကွန်ကရစ်လမ်း (၆၀၀ပေx၁၂ပေ) ဂါလန် (၂၀၀၀၀)ဆံ့ ရေလှောင်ကန် ၄" Ø အဝီစိတွင်း (၅ H.P Summersible Pump)ပါ

(ခ) (၂)ထပ်စာသင်ဆောင် (၁)လုံး ဆောက်လုပ်ခြင်း (၂၀၈ပေx၃၈ပေ) သံကူကွန်ကရစ်၊ ကွန်ကရစ် လမ်း(၄၀၀ပေx၁၂ပေ)အပါအဝင်

(ဂ) ၄ခန်းတွဲလေးထပ် ဆရာ/မဆောင် RC (၁၀၀ပေx၃၀ပေ)၊ ပြင်ပရေ (၄လက်မအဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ဆံ့ မြေအောက်ရေလှောင်ကန်၊ ၅.၅H.P Summersible Pumpနှင့် အဆောက်အဦ၊ ပြင်ပမီး သွယ်တန်းခြင်းအပါအဝင် (၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း

(ဃ) ဂိုဒေါင်ဆောက်လုပ်ခြင်း (၁၀၀ပေx၄၀ပေ) (Steel Structure) (မီးအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၁-၁၀-၂၀၂၀)ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို (၂၈-၁၀-၂၀၂၀)ရက်၊ ညနေ (၄:၀၀) နာရီ နောက်ဆုံးထား၍ အင်ဂျင်နီယာဌာနသို့ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၉၅၄၄၁၀၅၉၈၊ ၀၉-၄၀၀၄၁၀၅၉၈ အင်ဂျင်နီယာဌာန၊ မုံရွာစီးပွားရေးတက္ကသိုလ်တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မုံရွာစီးပွားရေးတက္ကသိုလ်**

## အခြေခံပညာဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုငွေလုံးငွေရင်း (တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အခြေခံပညာကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်း (၁၁၇) ခု
(ခ) မြို့နယ်ပညာရေးမှူးရုံးများ အသစ်ဆောက်လုပ်ခြင်း (၂) ခု
(ဂ) သိပ္ပံဆောင်များ အသစ်ဆောက်လုပ်ခြင်း (၂) ခု
(ဃ) ဝန်ထမ်းအိမ်ရာများ အသစ်ဆောက်လုပ်ခြင်း (၁၃၀) ခု
(င) စာကြည့်တိုက် အသစ်ဆောက်လုပ်ခြင်း (၁) ခု
(စ) kG ကျောင်းဆောင်များ အသစ်ဆောက်လုပ်ခြင်း (၇) ခု
(ဆ) Water Supply များ ဆောင်ရွက်ခြင်း (၂၁) ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁-၁၁-၂၀၂၀ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး တင်ဒါများကို ၃၁-၁၀-၂၀၂၀ ရက်၊ ညနေ (၄:၀၀)နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း တနင်္သာရီတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ဖုန်း-၀၅၉-၂၀၂၃၉၆၄သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**
**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**

မီးဘေးရှောင် မလောင်ခင်တား

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဘားအံမြို့၌ ၄ခန်းတွဲ ၄ထပ်ဝန်ထမ်းအိမ်ရာ အဆောက်အဦ(၁)လုံးနှင့် ဖာပွန်မြို့၌ ၄ခန်းတွဲ ၃ထပ်ဝန်ထမ်းအိမ်ရာ အဆောက်အဦ(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်းများအား တင်ဒါစနစ်ဖြင့် ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဘားအံမြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၅၈-၈၉၀၄၀၁၄၊ ၀၅၈-၈၉၀၄၀၁၅သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်- ၁-၁၀-၂၀၂၀ရက် ရုံးချိန်အတွင်း
(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၈-၁၀-၂၀၂၀ရက် ၁၆:၀၀နာရီ

**တင်ဒါခေါ်ယူရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပဲခူးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဘက်စုံသုံး အားကစားခန်းမတစ်ခု (၁၂၀'x၈၈'x၂၇') (ရေမီးအပါအဝင်) အဝင်လမ်း (၁၀၀'x၁၂'x၈'') (Steel Structure) တည်ဆောက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။
၂။ တင်ဒါအဆိုပြုလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၅-၁၀-၂၀၂၀ (တနင်္လာနေ့)
အိတ်ဖွင့်တင်ဒါ နောက်ဆုံး တင်သွင်းရမည့်ရက်နှင့်အချိန် - ၆-၁၁-၂၀၂၀ (သောကြာနေ့) ညနေ (၃:၀၀) နာရီ
အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ - ကွန်ပျူတာတက္ကသိုလ် (တောင်ငူ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် သတ်မှတ်တင်ဒါ အာမခံကြေးကို အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)တွင် ကျသင့်ငွေပေးသွင်းပြီး၊ ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။
၄။ အိတ်ဖွင့်တင်ဒါနှင့် သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ကွန်ပျူတာတက္ကသိုလ် (တောင်ငူ) ဖုန်း-၀၉၃၃၆၀၆၀၇၇၊ ၀၉-၈၈၀၁၅၅၁၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်နှင့် အချိန်အား ပြင်ဆင်သတ်မှတ်ခြင်း

၂-၉-၂၀၂၀ ရက်နှင့် ၄-၉-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်နှင့် အချိန်အား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်-

(၁) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန် - ၂-၁၀-၂၀၂၀ရက်(သောကြာနေ့) မွန်းလွဲ (၁၅:၀၀နာရီ)
(၂) ပြင်ဆင်သတ်မှတ်သည့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန် - ၅-၁၁-၂၀၂၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ(၁၅:၀၀နာရီ)

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊ ရန်ကုန်မြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၄) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်မည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လုပ်ငန်းအပ်နှံသည့် ကသာခရိုင်၊ ပင်လည်ဘူးမြို့နယ်၊ မူးမြစ်ကူးတံတား(ပင်လည်ဘူး)တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်အတွက် လိုအပ်သောလုပ်ငန်းသုံး တည်ဆောက်ရေးပစ္စည်းများ၊ [သံချောင်းလုံး(ရွယ်စုံ)(M.S Rod)(HRB 500)၊ ဘိလပ်မြေ(Cement)(42.5)နှင့် ဒီဇယ်ဆီ(H.S.D)] ဝယ်ယူခြင်းအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တင်ဒါတင်သွင်း/စိစစ်/ရွေးချယ်မည့်နေရာ | တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | တင်ဒါပိတ်မည့်ရက်/အချိန် | တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန် |
|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ မုံရွာမြို့ | ၁-၁၀-၂၀၂၀ | ၃၁-၁၀-၂၀၂၀ ၁၆:၀၀နာရီ | ၂-၁၁-၂၀၂၀ ၁၀:၀၀နာရီ |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တံတားအထူးအဖွဲ့(၄)၊ မန္တလေး၊ ဒုညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

(ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ၀၉-၇၈၇၈၈၁၂၇၁၊ ၀၉-၇၈၁၃၀၀၄၀၉)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စက်အရန်ပစ္စည်းများ၊ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့်ပရိဘောဂများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အတွက်အသုံးပြုရန်လိုအပ်သောအောက်ဖော်ပြပါ စက်အရန်ပစ္စည်းများ၊ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့်ပရိဘောဂများအားမြန်မာ ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

(က) Spare Parts for Web Offset Printing Machines & CTP Machines - 1 Lot
- Orient (X-cel / Super) (1 Lot)
- Goss Community (1 Lot)
- Naph Graphics (Koncept) (1 Lot)
- CTP(Screen / Cron) (1 Lot)

(ခ) Canon EOS-1D X Mark III DSLR Camera With CFexpress Card and Reader Bundle - 1 No
(ဂ) Canon EOS 5D Mark IV DSLR Camera (Body Only) With Accessory Kit - 6 Nos
(ဃ) Canon EF 70-200mm f/2.8L IS III USM Lens and Filter - 3 Nos
(င) Canon EF 24-72mm f/2.8L II USM Lens and Filter - 7 Nos
(စ) Canon EF 400mm f/2.8L IS III USM Lens and Filter - 1 No
(ဆ) Canon Extender EF 1.4x III - 1 No
(ဇ) Canon EF 50mm f/1.2L USM Lens and Filter - 1 No
(ဈ) Canon EF 15-35 mm F2.8L IS USM Lens and Filter - 2 Nos
(ည) Nikon AF-S 120-300mm f/2.8E FLED SR VR Lens and Filter - 1 No
(ဋ) Video Camera& Accessories (Sony, PXW-Z280) - 3 Set
(ဌ) Brand New Engine Powered Forklift (2 Ton) (Forklift with Paper Roll Clamp) - 2 Nos
(ဍ) Air Conditioner (1.5)HP - 5 Nos
(ဎ) Air Conditioner (2)HP - 5 Nos
(ဏ) Recorder - 20 Nos
(တ) UPS (650VA) - 20 Nos
(ထ) Desktop Computer - 10 Set
(ဒ) Desktop Money Counter (ငွေရေစက်) - 5 Nos
(ဓ) Fax Machine - 7 Nos
(န) Printer (Black & White) - 5 Nos
(ပ) Digital Multifunction B/W Copier A3 - 5 Nos
(ဖ) Tablet (10.5 inch) - 5 Nos
(ဗ) ကျွန်းဆက်တီ - 2 Set
(ဘ) ဆုံလည်ကုလားထိုင်(ဆိုဖာ) - 5 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို၁-၁၀-၂၀၂၀ရက်နေ့မှ ၂၈-၁၀-၂၀၂၀ရက်နေ့အထိနေ့စဉ်နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် Spare Parts for Web Offset Printing Machines & CTP Machinesတင်ဒါ(၁)စောင်လျှင် ၁၀,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်း၊ Camera တင်ဒါ(၁)စောင်လျှင် ၁၀,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်း၊Forklift (2 Ton)တင်ဒါ (၁)စောင်လျှင် ၅,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ပရိဘောဂတင်ဒါ(၁)စောင်လျှင် ၂,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်းလာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါ လာရောက်တင်သွင်းရာတွင် နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကိုသီးခြားစီခွဲ၍ ၅-၁၁-၂၀၂၀ ရက်နေ့ နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်းရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သို့ လာရောက်တင်သွင်း ကြပါရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သောတင်ဒါများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး၁% အားမြန်မာနိုင်ငံတော်ဗဟိုဘဏ်ကအသိအမှတ်ပြုထားသည့်ဘဏ်တစ်ခုခုမှ (၃)လသက်တမ်းရှိPG (Performance Bank Guarantee)ပြုလုပ်၍ပေးသွင်းရမည်ဖြစ်သည်။
၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါကဖုန်း၊ ၀၆၇-၃၄၁၂၁၂၃၊ ၀၆၇-၃၄၁၂၁၂၈၊ ၀၁-၈၂၀၁၁၉၂၊ ၀၁-၈၂၀၀၈၁၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန၊**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း၊ ၀၆၇-၃၄၁၂၁၂၃၊ ၀၆၇-၃၄၁၂၁၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊**
**ပြန်ကြားရေးဝန်ကြီးဌာန၊**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း၊ ၀၆၇-၃၄၁၂၁၂၃**

## အထူးအစည်းအဝေးအကြောင်းကြားစာ

မောင်ရင်နှင့်သားများကုမ္ပဏီလီမိတက်သည် မတည်ငွေရင်း လျှော့ချခြင်းနှင့် ပတ်သက်၍ အစုရှယ်ယာရှင်များ၏အတည်ပြုချက် ရယူမည့် အထူးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရှယ်ယာရှင်များနှင့် အများသိစေရန် အကြောင်းကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ရက်- (၁-၁၀-၂၀၂၀) ရက်
အစည်းအဝေးကျင်းပမည့်အချိန် - နံနက် (၉:၄၅) နာရီ
အစည်းအဝေးကျင်းပမည့်နေရာ - ကုမ္ပဏီရုံးခန်း
(မှတ်ချက်- MOHS ၏ စည်းမျဉ်းစည်းကမ်းအတိုင်းကျင်းပပါမည်။)

**ဒါရိုက်တာအဖွဲ့**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားစီမံကိန်းအဖွဲ့ (၁)မှ (၂၀၂၀-၂၀၂၁) ဘဏ္ဍာ ရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ချင်းပြည်နယ်အတွင်း ဆောက်ရွက်မည့် တံတားတည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာတံတားများ၏ လုပ်ငန်းခွင်အရောက် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်း၊ Steel Box Girder နှင့် တည်ဆောက်ရေး လုပ်ငန်းသုံး ပစ္စည်းများ သယ်ယူခြင်း၊ စက်ယာဉ်ယန္တရားများသယ်ယူခြင်းတို့အတွက် (ပထမအကြိမ်) အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူခြင်း၊ သယ်ယူခြင်းများ ပြုလုပ်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင် တင်ဒါတင်သွင်းလိုသူများမှ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၁။ တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် - ၁-၁၀-၂၀၂၀ ရက်

၂။ တင်ဒါပိတ်မည့်ရက်/အချိန်- ၃၀-၁၀-၂၀၂၀ ရက် (၁၅:၀၀) နာရီ

၃။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၂-၁၁-၂၀၂၀ ရက် (၁၃:၀၀) နာရီ

၄။ စိစစ်ရွေးချယ်မည့်နေရာ - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန ဟားခါးမြို့၊ ချင်းပြည်နယ်

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဒုတိယ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တံတားစီမံကိန်းအဖွဲ့ (၁)၊ ဟားခါးမြို့၊ (ဖုန်းနံပါတ်၊ ၀၉- ၄၂၀၁၁၂၅၈၂၊ ၀၉-၄၃၀၃၅၄၈၇၊ ၀၉-၄၃၀၄၆၁၃၉၊ ၀၉၄၂၀၁၆၁၅၁၂) တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **မန္တလေးမြို့၊ ကလေးပြုစုရေးဌာန**
-(၁၂၀'x၅၀'x၃၆')(၃)ထပ် RCကျောင်းဆောင်ဆောက်လုပ်ခြင်း (အတွင်းရေ၊ မီး၊ မိလ္လာအပါအဝင်) (၅၀'x၁၅'x၁၅')မီးဖိုဆောင်နှင့်လျှောက်လမ်းဆောက်လုပ်ခြင်း(အတွင်းရေ၊ မီးအပါအဝင်)

(ခ) **ကျောက်ဆည်ခရိုင်လူမှုဝန်ထမ်းရုံး (မူလတန်းကြိုကျောင်းတွဲဖက်)**
- (၁၅၀'x၄၀'x၁၂')+(၂၀'x၁၅')ပေါ်တီကိုနှင့် (၂၀'x၁၅')လျှောက်လမ်း RC (၂)ထပ် ရုံးအဆောက်အဦ (၁)လုံးဆောက်လုပ်ခြင်း (အတွင်းရေ၊ မီး၊ မိလ္လာအပါအဝင်)

(ဂ) **မြစ်သားမူလတန်းကြိုကျောင်း**
- (၉၀'x၃၀'x၂၄') (၂)ထပ် RCကျောင်းဆောင်(၁)ဆောင် ဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာ)(၂၀'x၁၀'x၁၂')၊ (၁၆'x၁၀'x၁၂')၊ (၁၆'x၁၀'x၁၂')ရေအိမ်သာနှင့် (၁၅'x၂၀'x၁၂')ပေါ်တီကို အပါအဝင် (၆၂၂၀စတုရန်းပေ)

(ဃ) **ချမ်းမြသာစည်မူလတန်းကြိုကျောင်း**
- (၁၀၅၉'-၃''x၂'-၁.၅''x၆'x၉'')မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ယင်းပေါ်တွင် (၁၀၅၅ Rft)ချိန်းလင့် ခြံစည်းရိုးကာရံခြင်း (ဂိတ်တံခါးအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာရယူရန် - ၅-၁၀-၂၀၂၀ရက်မှ ၃၁-၁၀-၂၀၂၀ရက်ထိ

(ခ) တင်ဒါတင်သွင်းရန် - ၃-၁၁-၂၀၂၀ရက်၊ ညနေ (၁၆:၀၀)နာရီထိ

(ဂ) တင်ဒါဖွင့်ရက် - ၁၀-၁၁-၂၀၂၀ရက်

၃။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဖုန်း-၀၂-၄၀၆၁၁၅၀ နှင့် ၀၂-၄၀၇၂၁၀၃သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆောက်လုပ်ရေးကြီးဌာန ကယားပြည်နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ပြည်နယ်(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း/တံတား တည် ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့် တင်ဒါတင်သွင်းပေးနိုင်ပါရန် ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) အိတ်ဖွင့်တင်ဒါစတင် ရောင်းချမည့်ရက် -၁-၁၀-၂၀၂၀ရက်(ကြာသပတေးနေ့) ရုံးချိန်အတွင်း

(ခ) အိတ်ဖွင့်တင်ဒါပိတ်မည့် ရက်နှင့်အချိန် -၃-၁၁-၂၀၂၀(ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀နာရီ

(ဂ) အိတ်ဖွင့်တင်ဒါဖွင့်မည့် ရက်နှင့်အချိန် - ထပ်မံကြေညာပါမည်

(ဃ) တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ- ညွှန်ကြားမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊အစည်းအဝေးခန်းမ၊ လွိုင်ကော်မြို့

၂။ အသေးစိတ်သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဖုန်း-၀၉-၅၁၀၉၀၂၉၁၊ ၀၉-၇၈၇၀၀၀၉၉၉၊ ၀၉-၄၃၁၂၂၆၇၆၊ ၀၉-၄၂၁၇၂၂၂၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "**ခိုင်ထွန်းခိုင်-၁၇**"အမည်ရှိ မြိတ်ခရိုင်နှင့်ထားဝယ်ခရိုင်ငါးဖမ်းရေယာဉ်(**ရေယာဉ်မှတ်ပုံတင်အမှတ်၊ FMD/0022/09**)ရေယာဉ်၏ တန်ချိန်-၄၈.၂၉အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးဝင်းသန်း(MYK-၀၆၈၆၉၅)အမည်မှ ဦးညွန့်သိန်း[၆/မအရ(နိုင်)၀၉၂၃၂၁]အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့ လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူတက္ကသိုလ်ရှိ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်း တည်နေရာ | စဉ် | လုပ်ငန်းအမည် |
|---|---|---|---|
